# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၁၃)ရက် ၊ တနင်္လာနေ့ ၊ (27-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



## မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ - ၂၀၂၆ အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် ဇူလိုင် ၂၆**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ ကျင်းပသည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ-၂၀၂၆ (Tastes of the Golden Land-2026) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ ပွဲတော်သို့ လာရောက်လည်ပတ်လေ့လာသူများဖြင့် အထူးပင်စည်ကားခဲ့သည်။

ရှေးဦးစွာ ကရင်ရိုးရာဖျော်ဖြေရေးအဖွဲ့က ရိုးရာသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်၍


စာမျက်နှာ ၂၀ ကော်လံ ၁

## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ်

**နေပြည်တော် ဇူလိုင် ၂၆**


ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ(ဩရိဿ ပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်)ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး

စာမျက်နှာ ၁၉ ကော်လံ ၄




## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဇူလိုင် ၂၅ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၂၇ ရက်မှ ၃၀ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။




**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊

စာမျက်နှာ ၁၉ ကော်လံ ၁

**အမျိုးသား စည်းလုံးညီညွတ်မှုနဲ့ ထာဝရငြိမ်းချမ်းရေး အခွင့်အခါကောင်း**

ဆောင်းပါး စာမျက်နှာ - ၁၈

**မြန်ပြည်တစ်ခွင် ဖွံ့ဖြိုးဖို့ စည်းကမ်းဥပဒေ လိုက်နာစို့**

ဆောင်းပါး စာမျက်နှာ - ၁၀

**တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် မှိုစိုက်ပျိုးခြင်းသို့**

ဆောင်းပါး စာမျက်နှာ - ၂၆

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၅၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၅၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၄၁၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၅၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ စပါးဧက ၂၅၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊မျိုးကောင်းမျိုးသန့်တွေရရှိဖို့ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့

စာမျက်နှာ ၂၀ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# ကုသိုလ်အကျိုးထူးများရရှိစေသော ဝါဆိုသင်္ကန်းအလှူ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ သာသနာ အထွန်းကားဆုံးနိုင်ငံဖြစ်သည်။ ထိုသို့ဖြစ်နေသည်မှာ ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နေသော ဆရာတော်၊ သံဃာတော်များရှိနေခြင်း၊ ဆရာတော်၊ သံဃာတော်များ သာသနာတော်ဆိုင်ရာ ကိစ္စရပ်များကို စိတ်အေးချမ်းသာစွာပြုနိုင်ရန်အတွက် လိုအပ်သည်များကို လှူဒါန်းနေသော ဒါယကာ၊ ဒါယိကာမများရှိနေခြင်းတို့ကြောင့် ဖြစ်သည်။ ထိုသို့ အလှူအတန်းပြုရာတွင် ကျောင်း၊ ဆွမ်း၊ ဆေး၊ သင်္ကန်း ပစ္စည်းလေးပါးမှာ အဓိကဖြစ်သည်။ ဆွမ်းကိစ္စသည် နေ့စဉ်မပျက် လှူဒါန်းနိုင်သော်လည်း သင်္ကန်းလှူဒါန်းခြင်းသည် ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း စသည်ဖြင့် နေ့ထူးနေ့မြတ်တို့တွင် ကာလဒါနအလှူအဖြစ်လှူဒါန်းကြသည်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ၂၀၂၆ ခုနှစ် ဝါဆိုသင်္ကန်းကပ်လှူပွဲမဟာမင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့်ရောင်တော်ဖွင့် ဆေးသင်္ကန်းကပ်လှူပြီးစီးအောင်မြင်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ သုံးနှစ်ပြည့်အထိမ်းအမှတ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်အရောက်ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုခဲ့သည်။

ဝါဆိုသင်္ကန်းလှူဒါန်း၍ ရရှိသောအကျိုးများအနေဖြင့် ရွှေအဆင်းနှင့်တူသောအဆင်းကို ရရှိခြင်း၊ မြူကြေးမတင် စင်ကြယ်သောကိုယ်ရှိခြင်း၊ ခပ်သိမ်းသောအရပ်တို့ကို ထွန်းလင်းတောက်ပသော ကိုယ်ရှိခြင်း၊ ပူပန်ခြင်းကင်းသော ကိုယ်ရှိခြင်း၊ နူးညံ့သိမ်မွေ့သော ကိုယ်ရှိခြင်း၊ အလိုရှိသောအခါ တစ်ထောင်သော အဝတ်ပုဆိုးတို့ကို ရရှိခြင်း၊ အဖြူ အရွှေ အနီ စသည့်အဆင်းရှိသော ပုဆိုးတို့ကို ရရှိခြင်း၊ ခေါမတိုင်း၊ ကောတုံပရာဇ်တိုင်းတို့တွင်ဖြစ်သော ပုဆိုးတို့ကိုရရှိခြင်း၊ ပဒေသာပင်တွင်ဖြစ်သော ပုဆိုးတို့ကို ရရှိခြင်း၊ အဆုံးဘဝတွင် ဧဟိဘိက္ခုရဟန္တာအဖြစ်ကို ရရှိခြင်းဟူသည့် ဆယ်ပါးသော အကျိုးထူးများကို ရရှိပေသည်။

ထို့ပြင် ဝါဆိုသင်္ကန်း၊ မိုးရေခံသင်္ကန်းလှူဒါန်းသော ကုသိုလ်ရှင်များရရှိသော အကျိုးများအနေဖြင့် ရုပ်ရည်အဆင်းလှပခြင်း၊ ကိုယ်သားကိုယ်ရေ ကောင်းမွန်ခြင်း၊ အဖိုးတန်အထည်ဆန်းများကို သုံးစွဲပိုင်ခွင့်ရှိခြင်း၊ တန်ခိုးဖြင့်ပြီးစီးရသော ဧဟိဘိက္ခုရဟန်း ဖြစ်နိုင်ခြင်း စသည်တို့ဖြစ်သည်။

သို့ဖြစ်ရာ ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နေသည့် မြတ်သောသံဃာတော်များကို ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းသည် လောကီ၊ လောကုတ်၊ နှစ်လီသော အကျိုးထူးတို့ကို ရရှိစေနိုင်သည်။ ထို့ပြင် ဗုဒ္ဓမြတ်စွာ သာသနာ၏ သွင်ပြင်လက္ခဏာ၊ တံခွန်အလံသဖွယ်ဖြစ်သော သင်္ကန်းကို လှူဒါန်းခြင်းဖြင့် အကျိုးထူးများကိုရရှိစေသောကြောင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝါဆိုသင်္ကန်းအလှူကို ဝါတွင်းကာလကအစပြုကာ လှူဒါန်းကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# သာစည်မြို့နယ် ဆူးပုတ်ကန်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွဲတပ်ဆုံကျေးရွာအုပ်စု ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆူးပုတ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၉ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၃၄ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၁၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၁၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၀၈၀၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၁၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ပဲစင်းငုံဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ယခုနှစ် ကနီမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါ ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် ပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

# ငပုတောမြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ



**ငပုတော ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ မျှင်ငါးပိများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ဈေးကွက်တွင် မျှင်ငါးပိများ ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊အဆိုပါ မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀ မှ၇၀၀၀ ထိအရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ လက်ရှိ မျှင်ငါးပိ တစ်ပိဿာ ငွေကျပ် ၂၇၅၀၀ ကနေ ၄၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက် မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ ပို့ပေးတာပါ။ ဒေသထွက်မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတာ အခက်အခဲမရှိ အဆင်ပြေပါတယ်"ဟု ငပုတောမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ငပုတောမြို့နယ်တွင် မျှင်ငါးပိ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများ အရောင်းအဝယ်အားကောင်းလာသည့်အတွက် မျှင်ငါးပိရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင် ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် သနပ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနပ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သနပ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၄၃ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သနပ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၂၀ ဒသမ ၂ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ချမ်းအေးသာစံမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ချမ်းအေးသာစံမြို့နယ်ဥပဒေရုံးက ဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်ထက်ကျော်က သင်တန်းတွင် ပို့ချခဲ့သော ဥပဒေဘာသာရပ် ၁၁ မျိုးနှင့် ပတ်သက်၍ မေးမြန်းသည်များကို ဖြေကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်ထက်ကျော်နှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများတက်ရောက်ခဲ့ပြီး ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကာလကို ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့မောင်**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၅၆၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၅၆၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၄၉၂၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၅၀၁၇ ဧက၊ မြင်းမူမြို့နယ်တွင် ၄၀၄ ဧကနှင့် မြောင်မြို့နယ်တွင် ၂၀၉ ဧက စုစုပေါင်း ဧက ၅၆၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၄၉၂၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၆၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၂၃၆၈ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၂၀၃၀၊ မြောင်မြို့နယ်တွင် ဧက ၅၃၀ စုစုပေါင်း ၁၄၉၂၈ ဧက တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မာရေးအတွက်ပညာပေးသင်တန်းများကို ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပြင်ဦးလွင်မြို့နယ် ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိုက်တောကျေးရွာအုပ်စု ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပုံကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလှဲ့က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးအပါအဝင် ဆန်ကွဲများ တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာသောကြောင့် တင်ပို့ရောင်းချအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

''ဖျာပုံမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဆန်ကွဲတွေကို ဇွန်လပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအားက သိသိသာသာ ကောင်းခဲ့လို့ တင်ပို့ရောင်းချအား တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ အခုလိုအခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ပွဲရုံပိုင်ရှင်တွေ၊ လုပ်သားတွေ အဆင်ပြေနေပါတယ်''ဟု ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလှဲ့က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလှဲ့ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မျိုးဆက်သစ်များ တိုးတက်ထွန်းကား

**ချစ်နိုင်(စိတ်ပညာ)**

**"သင့်မှာရှိနေတဲ့ အာရုံငါးပါးဟာ ရုပ်လောကနဲ့ တိုက်ရိုက်ဆက်သွယ်မှုရှိနေပြီး သင့်ရဲ့ဆဋ္ဌမအာရုံက သင့်ရဲ့မသိစိတ်အတွင်းမှာ ရှိနေတတ်ပါတယ်။ ဖန်တီးနိုင်စွမ်းရှိတဲ့ အမြင်ထဲမှာ စိတ်ကူးအတွေးအခေါ်များ၊ ယူဆချက်များ၊ အစီအစဉ်များနဲ့ အချက်အလက်များ ပေါင်းစပ်ပါဝင်လျက်ရှိနေပါတယ်။**

**ဖန်တီးနိုင်စွမ်းရှိတဲ့အမြင်ဟာ စိတ်ကူးကောင်းများကိုဖြစ်စေပြီး အဲဒါကတစ်ဆင့် ဆဋ္ဌမအာရုံကို ဖြစ်ပေါ်စေပါတယ်။"**

**နပိုလီယံဟီးလ်(၁၈၈၃-၁၉၇၀)**

**(SCIENCE OF SUCCESS-ARTICLE(15) 1930)**

၂၀၂၆ ခုနှစ်အတွက် နိုင်ငံတကာသတင်းအနေနဲ့ ထူးခြားတဲ့ကမ္ဘာ့သတင်းက ယခုနှစ် မေလ ၁၃ ရက်မှ ၁၅ ရက်ထိ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ တရုတ်ပြည်သို့ သုံးရက်တာ အလည်အပတ်ခရီး ရောက်လာပြီး တရုတ်သမ္မတရှီကျင့်ဖျင်နဲ့ တွေ့ဆုံဆွေးနွေးကြတယ်ဆိုတာပါပဲ။

သူ့ရှေ့မှာ တရုတ်သမ္မတရှီကျင့်ဖျင်ကို လာတွေ့ကြတဲ့ နိုင်ငံခြားခေါင်းဆောင်တွေ တော်တော်များခဲ့ပါတယ်။ ကနေဒါ၊ အီရတ်၊ ပြင်သစ်၊ ဂျာမနီစသည်ဖြင့် မေလအတွင်းမှာပင် တရားဝင်လာရောက်တွေ့ဆုံကြတာတွေ ပေကျင်းမှာညှေ့သည်တွေဆက်တိုက် တော်တော်များခဲ့တာ သတိထားမိတယ်။

တရုတ်က မျက်နှာပွင့်သလောက် အမေရိကန်နိုင်ငံဆီကို သွားရောက်လည်ပတ်တွေ့ဆုံသူ နည်းပါးခဲ့ပါတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံ နှစ်ခုရဲ့ အားပြိုင်ပွဲမှာ ဩဇာချိန်ခွင်လျှာဟာ သိသိသာသာ ပြောင်းလဲလာတယ်ဆိုတာ နိုင်ငံရေးအကဲခတ်သူများ၊ နိုင်ငံတကာသတင်းများက သုံးသပ်ကြပါတယ်။ နှစ်ဖက်ဝါဒဖြန့်သူတွေကတော့ သူသာတယ်၊ ငါသာတယ် မြိုင်မြိုင်ဆိုင်ဆိုင် ပြောဆိုရေးသားနေကြတာပေါ့။

အမေရိကန်နဲ့ တရုတ်ခေါင်းဆောင်တွေ ဆွေးနွေးခဲ့ကြတဲ့အကြောင်းအရာတွေအနက် အဓိကလေးချက် ရှိတယ်လို့ ဖော်ပြကြတယ်။

| | |
|---|---|
| ၁။ Trade | **ကုန်သွယ်ရေးကိစ္စရပ်များ** |
| ၂။ Tariffs | **သွင်းကုန်အပေါ် အခွန်အကောက်ကိစ္စ** |
| ၃။ Technology | **နည်းပညာရေးရာ** |
| ၄။ Taiwan | **ထိုင်ဝမ်ကျွန်းကိစ္စ** |

ဒါကတော့ စာဖတ်သူများအတွက် အလွယ်တကူ မှတ်မိစေအောင်လို့ T (တီ)လေးလုံး ကောက်နုတ်ဖော်ပြတာပါ။ စာဖတ်သူများ နိုင်ငံတကာသတင်းတွေမှာ အသေးစိတ်ဆက်လက်သိချင်ရင် လေ့လာနိုင်ပါတယ်။

အဲဒါက ငါတို့နဲ့ ဘာဆိုင်လို့လဲကွယ်။ ညောင်ဦးကမ်းပါးပြိုတာဟာ စမ္ဗာနဂိုရ်က နွားမပေါင်ကျိုးဆိုတာမျိုး ဖြစ်မနေပေဘူးလားလို့မေးရင် ကမ္ဘာ့မြေပြင်တစ်နေရာက လိပ်ပြာတောင်ပံတစ်ချက်ခတ်လိုက်တာလေးဟာ ကမ္ဘာ့ရာသီဥတုအပေါ် မုန်တိုင်းတွေ၊ ရေကြီးတာ၊ တောင်ပြိုတာ၊ မီးတောင်ပေါက်ကွဲ၊ တောမီးလောင်၊ ကူးစက်ကပ်ရောဂါပျံ့ခြင်း စတဲ့ (Chaos) မထင်မှတ်တာတွေအထိ ကွင်းဆက်အကျိုးဆက်တွေ ဖြစ်ချင်လဲဖြစ်နိုင်တယ်ဆိုတဲ့သဘောရှိကြောင်း လေ့လာကြည့်စေလိုပါတယ်။ မထင်မှတ်တဲ့ မမြင်ရတဲ့ ကြောင်းကျိုးဆက်နွှယ်မှုတွေကို အမြင်ကျယ်ဖို့ လေ့လာသင့်ကြတယ်။

တရုတ်သမ္မတနဲ့ အမေရိကန်သမ္မတတို့ဟာ ယနေ့ကမ္ဘာအတွက် အဓိကကျတဲ့ နိုင်ငံတကာခေါင်းဆောင်ကြီးတွေပဲ။ သူတို့ရဲ့ အကောင်းအဆိုး ရွေးချယ်မှုနဲ့ အကြောင်းအကျိုး တွေးခေါ်ဆင်ခြင်မှု၊ ဆုံးဖြတ်ချက်ဟာ ကမ္ဘာကြီးကို ပိုကောင်းအောင်ဖြစ်စေ၊ ပိုဆိုးအောင်ဖြစ်စေ ပြောင်းလဲနိုင်ပါတယ်။

သူတို့နှစ်ဦးဆွေးနွေးကြတဲ့ ကုန်သွယ်ရေးရာ၊ သွင်းကုန်အပေါ် အခွန်စည်းကြပ်မှုသတ်မှတ်ချက်၊ နည်းပညာဆိုင်ရာ ဆွေးနွေးသဘောတူညီမှု စတာတွေအားလုံးက သူတို့နှစ်ယောက်က ကိုယ်စားပြုပြောဆို(သူနိုင် ကိုယ်နိုင်) ဆွေးနွေးနေကြပေမယ့် 

**❖ အနာဂတ်မှာ မလွဲမသွေ ပခုံးပြောင်းတာဝန်ယူကြရမယ့် လူငယ်တွေမှာ တာဝန်သိစိတ်၊ တာဝန်ယူချင်စိတ်၊ တာဝန်ယူနိုင်စွမ်းရှိကြရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ မုချ တိုးတက်ဖွံ့ဖြိုးဦးမှာပါ။ အကယ်၍ ယနေ့လူငယ်မျိုးဆက်သစ်တွေမှာ နိုင်ငံနဲ့လူမျိုးတိုးတက်အောင် ပါဝင်ဆောင်ရွက်လိုစိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်မရှိကြဘူး။ ဒီလိုတာဝန်ကို ပါဝင်ထမ်းဆောင်ရမယ်ဆိုတာလဲ မသိဘူး။ ဘယ်လိုခက်ခဲကြမ်းတမ်းပါစေ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား တာဝန်ယူရဲတယ်။ တာဝန်ထမ်းချင်တယ်။ တာဝန်ထမ်းနိုင်အောင် တည်ဆောက်မယ်ဆိုတဲ့ ခံယူချက်မျိုးမရှိဘူးဆိုရင် မနက်ဖြန်ကာလ တို့နိုင်ငံဟာ ယနေ့အခြေအနေထက် နိမ့်ကျသွားနိုင်တယ် မဟုတ်လား။ ❖**

တကယ့်အရင်းခံ အကြောင်းရင်းအထိ လိုက်ကြည့်လိုက်ရင် နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်းစီရဲ့ ကုန်ထုတ်လုပ်နိုင်စွမ်း အရည်အသွေး၊ ကုန်သွယ်ရောင်းဝယ်ရာမှာ ကျွမ်းကျင်လိမ္မာမှု အရည်အသွေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ထိရောက်အဆင်ပြေစေနိုင်မှုအရည်အသွေးဆိုတဲ့ "လူစွမ်းလူစ" (ဇ)ဘယ်လောက်ရှိခဲ့ကြသလဲဆိုတဲ့အပေါ် အခြေခံပါတယ်။

ဒီအချက်တွေမှာ လူတွေဟာ Technology နည်းပညာကို ဘယ်သူက ဘယ်လောက်ထိ ထိရောက်တွင်ကျယ်အောင် သုံးနိုင်စွမ်းရှိသလဲဆိုတာလည်း ထိပ်ဆုံးက အရေးပါတဲ့ အကြောင်းအချက်ပါပဲ။

တကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ ရပ်တည်မှု အရည်အဆင့် (Status) ဆိုတာ သူ့ရဲ့စီးပွားရေးအင်အား၊ စစ်ရေးကာကွယ်ရေးလုံခြုံရေးအင်အား၊ ကုန်ထုတ်လုပ်နိုင်စွမ်း၊ ကုန်သွယ်ရောင်းဝယ်နိုင်စွမ်း၊ သုံးငွေထက် ဝင်ငွေတိုးပွားများပြားအောင် လုပ်ဆောင်နိုင်စွမ်းဆိုတဲ့ အချက်တွေအပေါ် မူတည်နေတယ်။

ချမ်းသာကြွယ်ဝတဲ့နိုင်ငံ၊ စစ်အင်အားကြီးမားတဲ့နိုင်ငံ၊ နိုင်ငံရေးဩဇာရှိတဲ့နိုင်ငံကို မော့ကြည့်ပြီး ပြုံးပြချင်ကြပေမယ့် နိုင်ငံရဲ့ဓနအင်အားနည်းတယ်။ စစ်ရေးအခြေအနေ အားပျော့တယ်။ နိုင်ငံရေးအရည်အချင်းကလည်း ညံ့ဖျင်းတယ်ဆိုတဲ့ နိုင်ငံမျိုးကို (လူဦးရေများများ၊ နယ်မြေကျယ်ကျယ်၊ ကျဉ်းကျဉ်း) အခြားနိုင်ငံတွေက လှည့်မကြည့်ချင်ပါ။ လူရာမသွင်းချင်ကြပါ။

ကိုယ့်နိုင်ငံ ကိုယ့်ရေမြေကို တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်အောင် အခြေခံအကျဆုံးကတော့ နိုင်ငံသားတိုင်းမှာမိမိနိုင်ငံကိုမြတ်နိုးလေးစားတန်ဖိုးထားတတ်တဲ့ ခံယူချက်ရှိကြရမယ်။ တည်ဆဲအစိုးရကို ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေ၊ အာဏာရတဲ့ပါတီကို ထောက်ခံချင်ထောက်ခံ၊ မထောက်ခံချင်လဲ ရပါတယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ကိုတော့ နိုင်ငံသားတိုင်းက ဂုဏ်တက်အောင် လုပ်ဆောင်ချင်စိတ်ရှိရမယ်။ မျက်နှာပျက်စရာ၊ အရှက်ရစရာ အောက်တန်းကျတဲ့ အမူအကျင့်မျိုး လုံးဝမရှိရဘူး။ ရုပ်ရှင်ရုံမှာ နိုင်ငံတော်အလံကို မတ်တတ်ရပ်ပြီး အရိုအသေပေးရန် ပျက်ကွက်တာမှအစ လက်နက်ကိုင်သူပုန်ထပြီး လမ်းတွေ၊ တံတားတွေဖျက်ဆီး၊ လျှပ်စစ်မီး တာဝါတိုင်တွေ မိုင်းခွဲ၊ စာသင်ကျောင်းတွေ မီးရှို့၊ ဆရာ၊ ဆရာမတွေကို ဒလန်စွပ်စွဲပြီး သေနတ်နဲ့ပစ်၊ ဓားနဲ့ခုတ်သတ် စတဲ့ရိုင်းစိုင်းယုတ်မာတဲ့ လုပ်ရပ်မျိုးတွေအထိ မိုက်မဲကြမ်းတမ်းခဲ့တာမျိုးဟာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို နိမ့်ကျနစ်မွန်းအောင် ဖျက်ဆီးမှုတွေပဲ။ အကုသိုလ်များလွန်းပါတယ်။

အပြုလား၊ အဖျက်လား၊ အကောင်းလား၊ အဆိုးလား၊ မှန်သလား၊ မှားသလား၊ နိုင်ငံနဲ့လူမျိုးကို တိုးတက်အကျိုးရှိစေနိုင်သလား၊ ပျက်စီးဆင်းရဲစေမှာလား။ ဒါလောက်တော့ စဉ်းစားဝေခွဲတတ်ဖို့လိုပြီမဟုတ်လား။

တို့နိုင်ငံဟာ ဘယ်တော့တိုးတက်မှာလဲ။ အနာဂတ်မှာ မလွဲမသွေ ပခုံးပြောင်းတာဝန်ယူကြရမယ့် လူငယ်တွေမှာ တာဝန်သိစိတ်၊ တာဝန်ယူချင်စိတ်၊ တာဝန်ယူနိုင်စွမ်းရှိကြရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ မုချတိုးတက်ဖွံ့ဖြိုးဦးမှာပါ။

အကယ်၍ ယနေ့လူငယ်မျိုးဆက်သစ်တွေမှာ နိုင်ငံနဲ့လူမျိုး တိုးတက်အောင် ပါဝင်ဆောင်ရွက်လိုစိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် မရှိကြဘူး။ ဒီလိုတာဝန်ကို ပါဝင်ထမ်းဆောင်ရမယ်ဆိုတာလဲ မသိဘူး။ ဘယ်လိုခက်ခဲကြမ်းတမ်းပါစေ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား တာဝန်ယူရဲတယ်။ တာဝန်ထမ်းချင်တယ်။ တာဝန်ထမ်းနိုင်အောင် တည်ဆောက်မယ်ဆိုတဲ့ ခံယူချက်မျိုး မရှိဘူးဆိုရင် မနက်ဖြန်ကာလ တို့နိုင်ငံဟာ ယနေ့အခြေအနေထက် နိမ့်ကျသွားနိုင်တယ် မဟုတ်လား။

အနာဂတ်ဆိုတာ နက်ဖြန်တစ်ရက်တည်းမဟုတ်ဘူး။ လပေါင်း၊ နှစ်ပေါင်း၊ ဆယ်စုနှစ်ပေါင်းအကြာကြီး ရေရှည်ဖွံ့နဲ့ လက်ဆင့်ကမ်းထူထောင် တည်ဆောက်ကြရတာ။ ကိုယ့်အတွက် ကိုယ့်ကိစ္စကွက်ကွက်လေးပဲ စဉ်းစားရတာမျိုးမဟုတ်ဘူး။

နှစ်ပေါင်း ၄၀ ကျော် ကမ္ဘာကြီးတစ်ခုလုံးကို မှန်မှန်မှားမှား ဦးဆောင်နိုင်တဲ့ ဩဇာရှိခဲ့တယ်ဆိုတဲ့ အမေရိကန်နိုင်ငံဟာ သမ္မတ ၄၆ ဆက်နဲ့ နှစ်ပေါင်း ၂၀၀ ကျော် ရုန်းကန်တည်ဆောက်ခဲ့ကြတာပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ လောက်မှာ တရုတ်နိုင်ငံသား ဆင်းရဲသားတွေဟာ ထမင်းဝအောင် မစားရလို့မို့ အငတ်ဘေးကြီးဆိုက်ကာ သန်းနဲ့ချီ သေဆုံးခဲ့ကြတယ်။

လူဦးရေများပြား နိုင်ငံနယ်နိမိတ်ကျယ်ဝန်းပေမယ့် ဂျပန်၊ ရုရှား၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ စတဲ့အရင်းရှင် နယ်ချဲ့ကျူးကျော်သိမ်းပိုက်သူတွေရဲ့ လက်အောက်မှာ ဖရဲသီးကို အစိတ်စိတ်အမြွှာမြွှာ ခွဲဝေသိမ်းပိုက်သလို လက်အောက်ခံ ကိုလိုနီအုပ်ချုပ်ခံဘဝ၊ တကွဲတပြား ကျရောက်ခဲ့ရဖူးတယ်။ (၁၉ ရာစု တရုတ်သမိုင်း)

ဆိုးဆိုးဝါးဝါး အကျနာတော့ အစွမ်းကုန်ကြိုးစားပြုပြင်တည်ဆောက်မယ်ဆိုတဲ့ စိတ်အားထက်သန်မှု အားမာန်(မာန်ချီ)သဘောထားနဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာ နှစ်ပေါင်းများစွာ ရုန်းကန်ဖြတ်သန်းခဲ့ရတယ်။ ချင်မင်းဆက် ၁၁ ဆက်ပြီးတဲ့နောက် နယ်ချဲ့တွေကို တွန်းလှန်ရတယ်။ ဆင်းရဲငတ်မွတ်နေတဲ့ အငတ်ဘေး ကပ်ဆိုးတွေကို ခက်ခက်ခဲခဲ ဖြေရှင်းကြရတယ်။

ယနေ့အခါမှာတော့ ကမ္ဘာမှာ ဩဇာအကြီးဆုံး အမေရိကန်နိုင်ငံကို သမ္မတအချင်းချင်း အပေါ်စီးလေသံနဲ့ "ဘာမလုပ်နဲ့၊ ဘာလုပ်နိုင်တယ်" မျက်နှာချင်းဆိုင် ဆွေးနွေးပြောဆိုနိုင်နေပြီ။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ သိပ္ပံနဲ့နည်းပညာအားလုံးမှာ ထိပ်ဆုံးရှိနေတဲ့ အမေရိကန်ကို "ခင်ဗျားက အကျဘက်၊ အပြိုဘက် ကျရောက်နေပြီ။ ကျုပ်တို့က အတက်ဘက်မှာ ရှိလာပြီ"လို့ ပြောနိုင်တဲ့အခြေအနေပေါ့လေ။

ဒီသတင်းတွေဟာ နိုင်ငံတကာ စာနယ်ဇင်းတွေနဲ့ အွန်လိုင်းမီဒီယာသတင်းတွေမှာ မေ ၁၃ ရက်မှ ၁၅ ရက် (၃ ရက်)ကာလအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ရဲ့ သတင်းဟာ အရေးအကြီးဆုံးနဲ့ လူတွေအသိချင်ဆုံး၊ စိတ်အဝင်စားဆုံး သတင်းဖြစ်စဉ်ပေပဲလေ။

တိုင်းရင်းသား လူငယ်လူရွယ်အားလုံးက ဒီလိုမျိုး သမိုင်းဝင်အပြောင်းအလဲ အခြေအနေမျိုးကို စိတ်ဝင်တစား လေ့လာမှတ်သားသင့်တာပေါ့။ မောင်တို့မယ်တို့ရဲ့မှတ်တမ်းမှာ ကိုယ့်ဒိုင်ယာရီထဲမှာ သင်ခန်းစာယူစရာ ဗဟုသုတ အချက်အလက်တွေ ဘာတွေ သိလိုက်ရတယ်ဆိုတာမျိုးတွေ ရေးထားသင့်တယ်။

စာရေးသူဟာ လူတော်တစ်ယောက်တော့ ဟုတ်ချင်မှ ဟုတ်မယ်။ ဒါပေမယ့် တာဝန်ရှိလာမှာကို ကြိုတင်မျှော်ခေါ်ကြည့်ပြီး "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်၊ ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"လို့

**စာမျက်နှာ ၅ သို့ á**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာ ပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရ ဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံတက်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့ တစ်နေ့တာအချိန် ၂၄ နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၂၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၂၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဖူးစားပြောင်း ၂၇၉၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၇၈၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ တောင်သူတွေကိုလဲ ဖူးစားပြောင်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်စေဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးတဲ့အပြင် GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် နည်းပညာပေးတာတွေ ဆောင်ရွက် ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဖူးစားပြောင်းစိုက်တောင်သူများကို သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်းများ တိုးတက်စေရေး တောင်သူပညာပေးဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ မြေသြဇာနှင့်သွင်းအားစုများ စနစ်တကျသုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

á **စာမျက်နှာ ၄ မှအဆက်**

အသက် ၂၂ နှစ်အရွယ်မှာ တပ်သားသစ်ဖြစ်ခဲ့တဲ့ ရဲဘော်ပါ။

ဒီလိုဖြစ်စေတာက ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ ပြည်ပနိုင်ငံတစ်ခုက ကြူကုတ်၊ ပန်ဆိုင်း၊ မုံးကိုး၊ ဖောင်းဆိုင်ရှိ မိမိတပ်မတော်စခန်းများကို တိုက်ခိုက်ခဲ့ကြောင်း သတင်းစာမှာ အဲဒီအချိန်တိုင်းပြည်ခေါင်းဆောင်က ပြောဆိုတာတွေ့ရတဲ့အခါ ငါစစ်သားလုပ်ရမယ့်တာဝန်ရှိပါလား။ ထိုအချိန်က နိုင်ငံ့အကြီးအကဲတစ်ဦးရဲ့စကားတစ်ခွန်းကြောင့် စာရေးသူ ၁၉၇၀ ပြည့်နှစ် ဘွဲ့ရပြီးတာနဲ့ ၁၉၇၁ ခုနှစ်မှာ ဗိုလ်သင်တန်းဝင်ခွင့်လျှောက်တယ်။ ဗိုလ်လောင်းသင်တန်းတက်ဖို့ အရွေးချယ်ခံရတယ်။ ရဲဘော်သစ်ဖြစ်ခဲ့ပါတယ်။ ဘယ်သူကမှ မတိုက်တွန်းပါဘူး။ စစ်ထဲဝင်ခဲ့တယ်။ မိမိကိုယ်တိုင် အသက်ငယ်တုန်း ရွယ်တုန်းလေး။

**"လူငယ်ဘဝမှာ နိုင်ငံ့အရေး ကာကွယ်ရေးအတွက် ငါ့အသက်ကိုပေးပြီး တာဝန်ထမ်းမယ်"**ဆိုတဲ့ အချက်ပဲ။ ဘာနိုင်ငံရေးပါတီမှ မပါခဲ့ပါ။ ဘယ်ပါတီကိုမှလဲ ချစ်ခြင်း၊ မုန်းခြင်း မရှိခဲ့ဖူးပါ။ ပါတီကိစ္စထက် **"နိုင်ငံတော်အရေးက ပထမ"**ဆိုတာ နားလည်ခဲ့တယ်။

မောင်တို့မယ်တို့ဟာ ငါ့ရဲ့ပခုံးပေါ်မှာ တက်ရပ်ကြပါ။ ဝေးဝေးကြည့်တတ်ပြီး ဝေးဝေးမြော်မြင်နိုင်စွမ်းရှိကြဖို့ ဆိုလိုတယ်။ မျိုးဆက်သစ်တွေက တိုးတက်ရစ်ပါစေဆိုတဲ့ ဆရာဦးအောင်သင်းဟောပြောတာကို နားဝင်စေချင်တယ်။ တပည့်ဟာ ဆရာထက် တော်စေရမယ်ဆိုတဲ့ ၂၄ နှစ်မှာ ပါမောက္ခဖြစ်ခဲ့တဲ့ ဆရာကြီးဦးဖေမောင်တင်ရဲ့ ဩဝါဒကို လိုက်နာ ကြစေလိုပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးမို့ ငယ်စဉ်ကပင် အကြီးအကဲလုပ်နိုင်အောင် စွမ်းရည်အစွမ်းအစ ဖြည့်ဆည်းကြပါလေ။

၁။ လုပ်ချင်ကိုင်ချင်စိတ် (Enthusiasm)

၂။ လုပ်တတ် ကိုင်တတ်ခြင်း (Professional Skill)

ဒီနှစ်ချက်ကို ပြည့်စုံရင် ကြောင်ကို အတောင်ပံတပ်သလို ပေါ့ပါးသွားပြီလေ။

# အခိပ္ပာယ်ရှိသော ဘဝ

- ဘဝလှေ့ရွာ လူဖြစ်လာစဉ်
  ဝမ်းစာအရေး သက်ရှင်တွေးနှင့်
  အလေးမူကြ ကြိုးပမ်းမှတည့်။

- ဘဝလှေ့ခွင် လူဖြစ်စဉ်၌
  ဝတ်ဆင်နိုင်ရေး လိုအပ်တွေးနှင့်
  အလေးမူကြ ကြိုးပမ်းမှတည့်။

- ဘဝလှေ့ဖွေ လူဖြစ်လေစဉ်
  နေထိုင်ဖို့ရေး သက်ရှင်တွေးနှင့်
  အလေးမူကြ ကြိုးပမ်းမှတည့်။

- ဘဝလှေ့ဖွေ စားဝတ်နေတွက်
  မြဲပေကြိုးကုတ် အရေးလုပ်၍
  ထုပ်ပိုးဝန်တာ သယ်ပိုးရာသည်
  လှူ့ရွာကဏ္ဍာ ပဓာန။

- သို့ပင်ဖြစ်လတ် ကိုယ့်လုပ်ရပ်လျှင်
  သင့်မြတ်မှန်သည် ညီမညီနှင့်
  လူ့ပြည်ရပ်ရွာ များတကာတွက်
  ကောင်းရာကောင်းကျိုး မကောင်းကျိုးဟု
  အကျိုးအပြစ် ပြန်လှန်စစ်ကာ
  ဖြစ်သင့်ရာပင် တွေးချင့်ပြင်မှ
  သင်ကြံဆောင်ရ ကြိုးသမျှကား
  လောကအလယ် ကောင်းတင့်တယ်၍
  တကယ်မြတ်စွ လူသွေးလှမည်
  ဘဝအဓိပ္ပာယ် ရှိတကား။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# မိုးညိုမြို့နယ် ငါးကယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုးညို ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးကယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ငါးကယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ငါးကယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၉၀ ကို ငွေကျပ် ၃၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၇ ဒသမ ၇ သန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**အေးမြတ်**

## နိုင်ငံတကာ သတင်းများ

# ကုန်သွယ်ရေးအခွန်စည်းကြပ်မှုအတွက် သမ္မတဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးမည်ဟု ဩစတြေးလျဝန်ကြီးချုပ် ပြောကြား

**ဆစ်ဒနီ ဇူလိုင် ၂၆**

ကုန်သွယ်ရေးအခွန်စည်းကြပ်မှုများနှင့်ပတ်သက်၍ မိမိအနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘာနီစီက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်အစိုးရက ယခုရက်သတ္တပတ်အတွင်း ဩစတြေးလျအပါအဝင် ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံများအပေါ် ပို့ကုန်အခွန်စည်းကြပ်မှုများ ချမှတ်ခဲ့ပြီးနောက် ဩစတြေးလျဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန် အစိုးရသည် ဩစတြေးလျအပါအဝင် ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံ ၆၀ တို့၏ ပို့ကုန်များကို ဇူလိုင် ၂၄ ရက်တွင် ပို့ကုန်အခွန်စည်းကြပ်မှုများ ချမှတ်ခဲ့သည်။

အစမ္မခိုင်းစေခံနေရသည့် အလုပ်သမားများဖြင့် ထုတ်လုပ်ထားသောကုန်စည်များ ကုန်သွယ်ရောင်းဝယ်မှုကို တားဆီးထိန်းချုပ်ရန် ပျက်ကွက်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အဆိုပါ ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံ ၆၀ တို့၏ ပို့ကုန်များအပေါ် အမေရိကန်အစိုးရက အခွန်စည်းကြပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ အဆိုပါအခွန်စည်းကြပ်မှု မူဝါဒမှာ တရားမျှတမှုမရှိကြောင်း ဩစတြေးလျအစိုးရက ပြောကြားထားသည်။

အဆိုပါ ကုန်သွယ်ရေး အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ မိမိအနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးမည်ဟု ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီက သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်၊ ဖိလစ်ပိုင်၊ ဂျပန်နိုင်ငံတို့ တောင်တရုတ်ပင်လယ်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်



**မနီလာ ဇူလိုင် ၂၆**

တောင်တရုတ်ပင်လယ်ဒေသ၌ ပြုလုပ်ခဲ့သည့် ပင်လယ်ရေကြောင်း စစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်နိုင်ငံနှင့်အတူ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့လည်း ပူးပေါင်းပါဝင်ခဲ့ကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တောင်တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့်အငြင်းပွား ရေပြင်တစ်ခုအတွင်း ရေယာဉ်များ ထိပ်တိုက်ရင်ဆိုင်မှုတစ်ရပ် ဖြစ်ပွားခဲ့မှုနှင့် ပတ်သက်၍ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား တစ်ဖက်နှင့်တစ်ဖက် ပြစ်တင်ဝေဖန်နေချိန်တွင် အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဖိလစ်ပိုင်၊ အမေရိကန်၊ ဂျပန်နိုင်ငံတို့က ပူးတွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဇူလိုင် ၂၁ ရက်နှင့် ၂၅ ရက် တို့ကြားပြုလုပ်ခဲ့သည့် အဆိုပါ ငါးရက်ကြာ စစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်၊ အမေရိကန်၊ ဂျပန်နိုင်ငံတို့မှ စစ်သင်္ဘောများ၊ ကမ်းခြေစောင့်သင်္ဘောများ၊ ကင်းထောက်လေယာဉ်များ၊ တိုက်လေယာဉ်များ ပါဝင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် မဟာမိတ်များကြား အပြန်အလှန် ချိတ်ဆက်လှုပ်ရှားနိုင်စွမ်းကို မြှင့်တင်ရေးအတွက် ရည်ရွယ်ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ငါးရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သည့်နေရာကို ဖိလစ်ပိုင်တပ်မတော်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဆီးရီးယား၌ ခရီးသည်တင်ဘတ်စကားနှစ်စီး အဝေးပြေးလမ်းပေါ်တွင် တိုက်မိ၊ ၃၅ ဦးသေဆုံး

**ဒမတ်စကတ်စ် ဇူလိုင် ၂၆**

ဆီးရီးယားနိုင်ငံ အရှေ့အလယ်ပိုင်း သဲကန္တာရဒေသအတွင်းရှိ အဝေးပြေးလမ်းတစ်ခုပေါ်၌ ခရီးသည်တင် ဘတ်စကားနှစ်စီး တိုက်မိခဲ့ရာ လူ ၃၅ ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။

ဒမတ်စကတ်စ်မြို့နှင့် ဒီအာအက်ဇောမြို့တို့ကြား ချိတ်ဆက်ထားသောအဝေးပြေးလမ်းပေါ်၌ ဖြစ်ပွားခဲ့သည့် အဆိုပါယာဉ်တိုက်မှုအတွင်း လူဦးရေ ၃၀ လည်း ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါယာဉ်တိုက်မှုမှာ ဆီးရီးယားတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် ခရီးသည်တင်ဘတ်စကားနှင့် အရပ်သားများ လိုက်ပါလာသည့်ဘတ်စကားတို့ တိုက်မိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုအတွင်း ဒဏ်ရာရရှိခဲ့သူများကို လေကြောင်းခရီးဖြင့် ဆေးရုံသို့ တင်ပို့ရေးအတွက် ရဟတ်ယာဉ်များ စေလွှတ်ပေးခဲ့ကြောင်း ဆီးရီးယားတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဇူလိုင် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သော အဆိုပါ ယာဉ်တိုက်မှုသည် ဆီးရီးယားနိုင်ငံ၏ နှစ်ပေါင်းများစွာအတွင်း လူအသေအပျောက်အများဆုံး ယာဉ်မတော်တဆမှုဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုသည် ပြည်တွင်းစစ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော လမ်းအခြေခံ အဆောက်အအုံများကို ပြန်လည်ပြင်ဆင်ရန်လိုအပ်မှုကို ပြသနေသည်ဟု ဆီးရီးယား တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီရန်စစ်ရေးပဋိပက္ခ ပင်လယ်နီဒေသထိ ကျယ်ပြန့်လာ



**ဝါရှင်တန် ဇူလိုင် ၂၆**

အမေရိကန်က အီရန်နိုင်ငံကို ရက်သတ္တနှစ်ပတ်ကြာ တိုက်ခိုက်မှုများ ရပ်တန့်ထားသော်လည်း အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခမှာ ပင်လယ်နီဒေသနှင့် ကတ်စပီယံ ပင်လယ်ဒေသများထိ ကျယ်ပြန့်လာကြောင်း ဇူလိုင် ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံကို ၁၃ ရက် ဆက်တိုက်တိုက်ခိုက်ခဲ့ပြီးနောက် ဇူလိုင် ၂၄ ရက်တွင် စတင်ရပ်တန့်ခဲ့ပြီး အီရန်နိုင်ငံကလည်း အရှေ့အလယ်ပိုင်း ဒေသတွင်းနိုင်ငံများ တိုက်ခိုက်မှုရပ်တန့်ထားသည်။

သို့ရာတွင် ယီမင်အခြေစိုက် ဟူသီ လက်နက်ကိုင်အဖွဲ့ကမူ ဇူလိုင် ၂၅ ရက်တွင် ပင်လယ်နီကမ်းရိုးတန်း တစ်လျှောက်ရှိ ဆော်ဒီအာရေဗျ ရေနံလုပ်ငန်းအခြေခံ အဆောက်အအုံများကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်မှုများ ရပ်တန့်ထားကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက အတည်ပြုပြောကြားထားသော်လည်း အီရန်ဆိပ်ကမ်းများကို ရေကြောင်းပိတ်ဆို့မှု ဆက်လက်ပြုလုပ်ထားဆဲဖြစ်သည်ဟု ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဒီ-ဒေးကမ်းခြေများနှင့် အိုလံပတ်စ်တောင်တို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းအတွင်း ယူနက်စကိုထည့်သွင်း

**ဘူဆန် ဇူလိုင် ၂၆**

ဒုတိယကမ္ဘာစစ်ကာလ ဒီ-ဒေး ကမ်းတက်တိုက်ပွဲ စတင်ခဲ့ရာ ပြင်သစ်မြောက်ပိုင်း ကမ်းခြေများနှင့် ဂရိနိုင်ငံရှိ အိုလံပတ်စ်တောင်တို့ကို ကမ္ဘာ့အမွေအနှစ်နေရာဌာနများစာရင်းတွင် ကုလသမဂ္ဂ ပညာရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံအဖွဲ့(ယူနက်စကို)က ယနေ့တွင် ထည့်သွင်းခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ယနေ့တွင်ကျင်းပခဲ့သော ယူနက်စကို ကော်မတီအစည်းအဝေး၌ ဒီ-ဒေး ကမ်းခြေများနှင့် အိုလံပတ်စ်တောင်တို့ကို ကမ္ဘာ့အမွေအနှစ်နေရာဌာနများ စာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

ဘူဆန်မြို့ ဆွေးနွေးပွဲတွင် ယူနက်စကိုသည် ရှေးဟောင်း ဂျပန်မြို့များဖြစ်သည့် အဆူကာမြို့နှင့် ဖူဂျီဝါရာမြို့တို့ကိုလည်း ကမ္ဘာ့အမွေအနှစ် နေရာများစာရင်း၌ ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ယူနက်စကိုသည် တောင်ဆူဒန်နိုင်ငံ ဘိုမာ- ဘာဒင် အနှစ်နေရာဌာနများ စာရင်းတွင် ထည့်သွင်းခဲ့သည်။

ယူနက်စကိုသည် တောင်ဆူဒန်နိုင်ငံအတွင်းရှိ နေရာဌာနတစ်ခုကို ကမ္ဘာ့အမွေအနှစ်များစာရင်းတွင် ပထမဆုံးအကြိမ် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

ဘိုမာ-ဘာဒင်ဂီလို အမျိုးသားဥယျာဉ်သည် နှစ်စဉ် အာဖရိကဒရယ် ခြောက်သန်းခန့် ဖြတ်သန်းရာဒေသဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သည့် ဒီ-ဒေးကမ်းခြေ

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ခဲ့သည့် လောင်းမတ်ချ်-၃ဘီ ဒုံးပျံလွှတ်တင်စဉ်အတွင်း မိုးကြိုးထိမှန်ခံရ



**ပေကျင်း ဇူလိုင် ၂၆**

တရုတ်အမျိုးသားအာကာသအေဂျင်စီက ဇူလိုင် ၂၃ ရက်တွင် လွှတ်တင်ခဲ့သည့် လောင်းမတ်ချ်-၃ဘီဒုံးပျံသည် ပျံတက်နေချိန်တွင် မိုးကြိုးထိမှန်ခံခဲ့ရကြောင်း ဇူလိုင် ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ကြားခံဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို လောင်းမတ်ချ်-၃ဘီ ဒုံးပျံဖြင့် ရှီချန်းအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး စက္ကန့်၃၀ခန့်အကြာတွင် လောင်းမတ်ချ်-၃ဘီ ဒုံးပျံကို မိုးကြိုးထိမှန်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် မိုးကြိုးထိမှန်ခံခဲ့ရသော်လည်း လောင်းမတ်ချ်-၃ဘီ ဒုံးပျံသည် ဆက်လက်ပျံသန်းနိုင်ခဲ့ပြီး သယ်ဆောင်ထားသည့် ကြားခံဆက်သွယ်ရေးဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကြားခံဆက်သွယ်ရေးဂြိုဟ်တုသည် တီယန်ကောင်းအာကာသစခန်းနှင့် အာကာသယာဉ်မှူးများလိုက်ပါသည့် အခြားအာကာသမစ်ရှင်များကြား ဆက်သွယ်ရေး ဝန်ဆောင်မှုပေးမည့် ဂြိုဟ်တုဖြစ်သည်။

အမေရိကန်အမျိုးသားအာကာသအေဂျင်စီက အပိုလို-၁၂ အာကာသမစ်ရှင်ကို လွှတ်တင်ခဲ့ချိန်ကလည်း ဆေတန်-၅ ဒုံးပျံကို မိုးကြိုးထိမှန်ခဲ့ဖူးသကဲ့သို့ ၂၀၁၉ ခုနှစ်တွင်လည်း ရုရှားအာကာသအေဂျင်စီ၏ ဆိုယုဇ် ဒုံးပျံကို မိုးကြိုးထိမှန်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua News


Trs : KKO

## နေတွင်ပါဝင်သော ငွေသတ္တုပမာဏက မျှော်လင့်ထားသည်ထက်ပိုများကြောင်း သိပ္ပံပညာရှင်များတွေ့ရှိ

**စတော့ဟုမ်း ဇူလိုင် ၂၆**

ဆွီဒင်နိုင်ငံ အပ်ဆာလာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေတွင်ပါဝင်သော ငွေသတ္တုပမာဏသည် မျှော်လင့်ထားသည်ထက် ပိုများကြောင်း ဇူလိုင် ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ၌ ငွေသတ္တုအက်တမ်များပါဝင်မှုသည် မျှော်လင့်ထားသည်ထက် ၅၅ ရာခိုင်နှုန်း ပိုများကြောင်း သိရသည်။



နေ၏ဒြပ်ထုအားလုံးနီးပါးကို ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်ဓာတ်ငွေ့အက်တမ်များဖြင့် ဖွဲ့စည်းထားပြီး ကာဗွန်၊ သံနှင့် ငွေကဲ့သို့သော အက်တမ်အလေးချိန်ကဲ ဒြပ်စင်များပါဝင်မှုမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းသာပါဝင်ကြောင်း ယခင်လေ့လာချက်များအရ သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်များအရ နေ၌ငွေသတ္တုအက်တမ်များပါဝင်မှုသည် ယခင်တွေးထင်ထားသည့်ထက် ၅၅ ရာခိုင်နှုန်းပိုများသည်ဟု ဆွီဒင်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ကြယ်များ၏ အတွင်းပိုင်းရှိ အက်တမ်အလေးချိန်ကဲ သတ္တုဒြပ်စင်များသည် ကြယ်ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ဓာတ်ငွေ့နှင့် ဖုန်မှုန့်တိမ်တိုက်များ အတွင်းရောက်ရှိသွားပြီး ကြယ်သစ်များနှင့် ဂြိုဟ်သစ်များပေါ်ထွက်လာရေးအတွက် အထောက်အကူပြုကြောင်း၊ နေ၏ဖွဲ့စည်းပုံကို ပိုမိုနားလည်လာခြင်းဖြင့် အခြားကြယ်များ၏ ဖွဲ့စည်းပုံကိုလည်း ပိုမို နားလည်လာနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Starship ပုံစံ-၃ ဒုံးပျံကို စပေ့စ်အိတ်ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်

**ဝါရှင်တန် ဇူလိုင် ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဇူလိုင် ၂၄ ရက်တွင် Starship ပုံစံ-၃ ဒုံးပျံကို ၁၃ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ Starship ပုံစံ-၃ ဒုံးပျံကို တောင်တက္ကဆက်ဒေသ စတားဘေ့စ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် Starship ပုံစံ-၃ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုအစင်း ၂၀ ကို ကမ္ဘာပတ် လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါStarship ပုံစံ-၃ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ မက္ကဆီကို ပင်လယ်ကွေ့ရေပြင်အတွင်း အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ Starship ပုံစံ-၃ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်မှာလည်း အိန္ဒိယသမုဒ္ဒရာအတွင်း ပြန်လည်ကျရောက်ခဲ့သည်ဟု စပေ့စ်အိတ်ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် မူလက Starship ပုံစံ-၃ ဒုံးပျံကို ဇူလိုင် ၂၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း ပထမအဆင့် ပင်မဒုံးယာဉ်၏ ဒုံးအင်ဂျင်များ ပြဿနာကြောင့် ဇူလိုင် ၂၄ ရက်မှပင် ပစ်လွှတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ကားဆူညံသံများ ကြာရှည်ထိတွေ့ပါက ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**လန်ဒန် ဇူလိုင် ၂၆**

မော်တော်ကား ဆူညံသံများနှင့် ကြာရှည်ထိတွေ့ပါက ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပါကင်ဆန်ရောဂါသည် ဦးနှောက်အစိတ်အပိုင်းများ ထိခိုက်ပျက်စီးချိန်တွင် ဖြစ်ပွားတတ်သော အာရုံနာ့ဖ်ဆဲလ်ရောဂါတစ်မျိုးဖြစ်ပြီး ၎င်းရောဂါဖြစ်ပွားပါက လှုပ်ရှားနိုင်စွမ်းနှင့် ဟန်ချက်ထိန်းနိုင်စွမ်းတို့ ထိခိုက်ပျက်ပြားသွားနိုင်သည်။

ဗြိတိန်နိုင်ငံ လက်ဆက်စတာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ကားဆူညံသံများသည် ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ကားဆူညံသံများနှင့် ထိတွေ့မှု အများဆုံးသူများနှင့် ထိတွေ့မှုအနည်းဆုံးသူများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ကားဆူညံသံများနှင့်ထိတွေ့မှုသည် ပါကင်ဆန်ရောဂါ ဖြစ်ပွားနိုင်ခြေ သုံးရာခိုင်နှုန်းမြင့်တက်လာနိုင်ပြီး ထိတွေ့ချိန်များလေလေ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေလည်း ပိုမိုမြင့်တက်လာလေလေဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၃ ဒသမ ၁ သန်းတို့၏ ကားဆူညံသံများနှင့်ထိတွေ့မှုကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏လေ့လာတွေ့ရှိချက်ကို ဖော်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## သန္ဓေတားဆေးသုံးစွဲသူ အမျိုးသမီးများ GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲရန်လိုအပ်

**ကိုပင်ဟေဂင် ဇူလိုင် ၂၆**

သန္ဓေတားဆေးများ သောက်သုံးနေရသည့် အမျိုးသမီးများအနေဖြင့် ဖယ်ရှားရန်ခက်ခဲသော အဆီဓာတ်များကို ဖျက်ဆီးရန်အတွက် GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲရန် လိုအပ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒိန်းမတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဟော်မုန်းသန္ဓေတားဆေးများ သုံးစွဲနေရသည့် အမျိုးသမီးများကြား GLP-1 အုပ်စုဝင်ထိုးဆေးများ သုံးစွဲရမှုနှုန်းမှာ သန္ဓေတားဆေးမသုံးသူအမျိုးသမီးများထက် ပို၍မြင့်မားကြောင်း သိရသည်။

အမျိုးသမီးများအနေဖြင့် ပဋိသန္ဓေတားဆေးများ သုံးစွဲပြီးနောက်ပိုင်း ကိုယ်အလေးချိန် အပြောင်းအလဲများ ပေါ်ထွက်လာတတ်ရာ ထိုသို့ဖြစ်ရသည်ကို သုတေသနပညာရှင်များက ဖော်ထုတ်နိုင်မှု မရှိသေးကြောင်း သိရသည်။။

သို့ရာတွင် အချို့သုတေသနပညာရှင်များ၏ အဆိုအရ ပဋိသန္ဓေတားဆေးများကြောင့် အက်စထရိုဂျင်ဟော်မုန်းနှင့် ဖရိုဂျက်စတာရုန်းဟော်မုန်းများ သဘာဝအလျောက်ပေါ်ထွက်မှု ပြောင်းလဲမှုကြောင့် ကိုယ်အလေးချိန်မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# Generali Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကွင်တင် ဆွတ်ခူး

ဗီယင်နာ ဇူလိုင် ၂၆

ဩစတြီးယားနိုင်ငံ ကစ်ဇ်ဘူဟဲလ်မြို့တွင် ကျင်းပခဲ့သည့် Generali Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် လက်ရှိချန်ပီယံ ကာဇက်စတန် တင်းနစ်ကစားသမား ဘူဘလစ်နှင့် ပြင်သစ်တင်းနစ်ကစားသမား ကွင်တင်တို့ ယှဉ်ပြိုင်ခဲ့ရာ ကွင်တင်က (၆-၄၊ ၇-၆)ရလဒ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Ubi Tennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်တင်အတွက် ကစားသမား ၁၀၀ သက်တမ်းတစ်လျှောက် ပထမဆုံး ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။

ထို့ပြင် ဘူဘလစ်သည် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း ပထမပွဲငယ်တွင် အမှားများခဲ့ပြီး ဒုတိယပွဲငယ်တွင် အကောင်းဆုံး ပြန်လည်ကစားနိုင်ခဲ့သော်လည်း tie-break အဆင့်ထိကစားခဲ့ပြီးမှ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ကွင်တင်က "သိပ်ကို ခက်ခဲတဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ပွဲအပေါ်မှာပဲ အာရုံစိုက်ခဲ့တာပါ။ ကျွန်တော့်ရဲ့ လက်ရှိလယ်ဗယ်ဟာ စိန်ခေါ်နိုင်သူအဆင့်ပဲ ရှိပါသေးတယ်။ ချန်ပီယံဆွတ်ခူးနိုင်တဲ့ လယ်ဗယ်မျိုး မရောက်သေးပါဘူး။ ဒါပေမဲ့လဲ အကောင်းဆုံးပုံစံတွေ ရခဲ့တဲ့အတွက်ကြောင့် ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့ပါပြီ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Ubi Tennis
Trs : AZL



# ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုက်ကွမ်ဒို ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ အားကစားကွင်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။




ယနေ့ ပွဲစဉ်များအဖြစ် အမျိုးသား ၄၈- ၅၁ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၅၁- ၅၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၅၁- ၅၄ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၄၃- ၄၆ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၄၀- ၄၃ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၄၃- ၄၆ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၄၉- ၅၃ ကီလိုတန်း ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၂၇(ယနေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်းဖြင့် တစ်ဦးချင်းအတိုက်ပြိုင်ပွဲ၊ တစ်ဦးချင်း ကကွက်ပြိုင်ပွဲ၊ အမျိုးသား+ အမျိုးသမီးနှစ်ယောက်တွဲ ကကွက်ပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ရန်ကုန်စီးတီးအသင်း ထိုင်းလေ့ကျင့်ရေးခြေစမ်းခရီးစဉ်အတွင်း ခြေစမ်းပွဲ ကိုးပွဲကစားမည်

ရန်ကုန် ဇူလိုင် ၂၆

၂၀၂၄- ၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ရန်ကုန်စီးတီးအသင်းသည် ရာသီကြိုခြေစမ်းပွဲ ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး လေ့ကျင့်ရေး ခရီးစဉ်အတွင်း ဒေသခံကလပ်အသင်းများနှင့် ခြေစမ်းပွဲ ကိုးပွဲ ကစားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်စီးတီးအသင်းသည် ထိုင်းနိုင်ငံတွင် တစ်လကြာ လေ့ကျင့်မည်ဟု ကလပ်အသင်းမှ သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။

အဆိုပါ လေ့ကျင့်ရေးခရီးစဉ်အတွင်း ထိုင်းနိုင်ငံတွင် လာရောက်လေ့ကျင့်နေသည့် ဟောင်ကောင် ကလပ် ကစ်ချီအက်ဖ်စီအသင်း အပါအဝင် ထိုင်း လိဂ်-၁၊ လိဂ်-၂၊ လိဂ်-၃ ကလပ်အသင်းများနှင့် ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်စီးတီး အသင်းသည် ဇူလိုင် ၂၃ ရက်က ပထမဆုံး လေ့ကျင့်ရေး ခြေစမ်းပွဲအဖြစ် ထိုင်းလိဂ်- ၃ ကလပ် Pluak Daeng United အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရထားပြီး နောက်ထပ် လေ့ကျင့်ရေး ခြေစမ်းပွဲစဉ် ရှစ်ပွဲကိုလည်း ဆက်လက် ကစားမည် ဖြစ်ကြောင်း သိရသည်။

STA

# 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ကိုလ်ဗန် ဦးဆောင်

မင်နီဆိုတာ ဇူလိုင် ၂၆

အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ် တွင်းစီးတီးမြို့တွင် ကျင်းပနေသည့် 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကိုလ်ဗန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ခိုလက်စ်နှင့် အာဂျင်တီးနား ဂေါက်သီးရိုက်ကစားသမား ဂရီလိုတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက် စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဘရင်နန်နှင့် ဖီလစ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် စီလျော့ရိုက်ကာ အမှတ်ပေး ဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

ကိုလ်ဗန်က "ပထမနေ့နဲ့ ဒုတိယနေ့တွေမှာလဲ အကောင်းဆုံး ကြိုးစားကစားခဲ့ပါတယ်။ ကျွန်တော့်အတွက် အောင်မြင်မှုကို မျှော်မှန်းနိုင်ဖို့က အတွေ့အကြုံကောင်းတွေ ပြင်ဆင်ရမှာတွေ အများကြီးရှိပါသေးတယ်။ ဒါပေမဲ့လဲ တတိယနေ့မှာ ရိုက်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာ ကျွန်တော် လုံးဝကို ထင်မှတ်မထားတဲ့ စွမ်းဆောင်ရည်မျိုး ဖြစ်ပါတယ်။ နောက်ဆုံးနေ့ကတော့ တကယ့်ကို စိန်ခေါ်မှုကြီးမားမဲ့နေ့ပါ။ နောက်ဆုံးနေ့မှာ ရင်ဆိုင်ရမဲ့ အခက်အခဲတွေကို အကောင်းဆုံး ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RTE
Trs : AZL

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြသခဲ့ပြီးနောက် ခံစစ်ကစားသမားများတွင် ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမားအဖြစ် ကူဘာစီ ရပ်တည်

ဘာစီလိုနာ ဇူလိုင် ၂၆

စပိန်အသင်းနှင့် ဘာစီလိုနာအသင်း လူငယ်ခံစစ်ကစားသမား ကူဘာစီသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီးနောက် လက်ရှိဘောလုံးလောက၌ ခံစစ်ကစားသမားများတွင် ဈေးကွက်တန်ကြေး အမြင့်ဆုံး ကစားသမားအဖြစ် ရပ်တည်နေကြောင်းTransfermarket သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၁၉ နှစ်သာရှိသေးသည့် ကူဘာစီသည် ဘာစီလိုနာအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၄ ခုနှစ်က အသင်းထံ ပူးပေါင်းခွင့်ရရှိခဲ့ကာ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်း စပိန်လာလီဂါဖလား ဆွတ်ခူးခဲ့ရာတွင် အဓိက ခံစစ်ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

အလားတူ ကူဘာစီသည် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း စပိန်အသင်းခံစစ်ပိုင်း၌ ဝါရင့်ခံစစ်ကစားသမား လာပေါ့တီနှင့် အကောင်းဆုံးတွဲဖက်ကာ ပြိုင်ပွဲတစ်လျှောက်လုံး ခြေစွမ်းပြသခဲ့သူဖြစ်ပြီး စပိန်အသင်း ကမ္ဘာ့ဖလား ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့ပြီးနောက် ပြိုင်ပွဲ၏ အကောင်းဆုံး လူငယ်ကစားသမားဆုကိုပါ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဈေးကွက်တန်ကြေး အမြင့်ဆုံး ခံစစ်ကစားသမားစာရင်းတွင် ကူဘာစီက ယူရို သန်း ၁၀၀ ဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး ၎င်း၏နောက်တွင် အာဆင်နယ်အသင်းမှ ဆလီဘာက သန်း ၉၀၊ ပီအက်စ်ဂျီအသင်းခံစစ်ကစားသမားများဖြစ်ကြသည့် မန်ဒက်က သန်း ၈၀၊ ပါချိုက သန်း ၈၀၊ ဟာကီမီက သန်း ၈၀၊ ဘိုင်ယန်မြူးနစ်အသင်းမှ အူပါမီကာနိုက ၇၅ သန်း၊ အာဆင်နယ်အသင်းမှ ဂါဘရီရယ်က ၇၅ သန်း၊ မန်စီးတီးအသင်းမှ အိုရှိုင်းလီက သန်း ၇၀၊ ဂဗာဒီရောက သန်း ၇၀၊ အာဆင်နယ်အသင်းမှ တင်ဘာက သန်း ၇၀ ဖြင့် အသီးသီးရပ်တည်နေကြောင်း သိရသည်။

Ref : Transfermarket
Trs : STA

# အသည်းရောင်ရောဂါ ဘီပိုး၊ စီပိုးအကြောင်း

ပေါက်ပေါက်

**ကမ္ဘာ့အသည်းရောင်ရောဂါနေ့**

၁၉၆၃ ခုနှစ်တွင် အသည်းရောင်ရောဂါဘီပိုးကို စတင်တွေ့ရှိခဲ့သူ အမေရိကန်သိပ္ပံပညာရှင်နှင့် နိုဘယ်ဆုရှင် ဒေါက်တာ Baruch Samuel Blumberg ကို ဂုဏ်ပြုသောအားဖြင့် သူ့မွေးနေ့ ဇူလိုင် ၂၈ ရက်ကို " ကမ္ဘာ့အသည်းရောင်ရောဂါနေ့ World Hepatitis Day " အဖြစ် ဆုံးဖြတ်သတ်မှတ်ခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ လူသားအားလုံး အသည်းရောင်ရောဂါအကြောင်း သတိပြုအလေးထားကြစေရန်နှင့် အသည်းရောင်ရောဂါကမ္ဘာပေါ်တွင် လျော့နည်းပပျောက်သွားစေရန်ရည်ရွယ်ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ဦးဆောင်မှုဖြင့် ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၈ ရက်တွင် "အသည်းရောင်ရောဂါအရေးကြီးသည် သတိပြုကြပါ This is Hepatitis" ဆောင်ပုဒ်ဖြင့် ပထမဆုံးအကြိမ် ကျင်းပခဲ့သည်။

ထို့တူ ကမ္ဘာ့အသည်းရောင်ရောဂါမဟာမိတ်အဖွဲ့ (WHA)သည် အသည်းရောင်ရောဂါပိုး ကူးစက်ခံထားရသောလူနာများကိုယ်တိုင် ဦးဆောင်ပြုလုပ်ဖွဲ့စည်းထားသည့် အကျိုးအမြတ်အတွက်မဟုတ်သော၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းအဖွဲ့အစည်းသည် ကမ္ဘာပေါ်တွင် အသည်းရောင်ရောဂါကင်းစင်ရေးအတွက် ဆောင်ရွက်ရာတွင် ဦးဆောင်ပေးနေသည်။


မည်သည့်ရောဂါအတွက်မဆို ရောဂါဖြစ်ပေါ်ခံစားလာမှကုသခြင်းထက် မဖြစ်ခင်ကြိုတင်ကာကွယ်ထားခြင်းက ပို၍သာလွန်ကောင်းမြတ်လှသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ယခုလိုနှစ်တစ်နှစ်၏ပြက္ခဒိန်လများတွင် ၉၆ ပါးသောရောဂါဝေဒနာအမျိုးမျိုးအတွက် ကျန်းမာရေးသတိပေးနေ့များကိုသတ်မှတ်ကာ စဉ်ဆက်မပြတ်အသိပေးလျက်ရှိသည်။

**မရှိမဖြစ်အသည်း**

အသည်းသည် ခန္ဓာကိုယ်တွင်အရေပြားပြီးလျှင် ဒုတိယအကြီးမားဆုံး အစိတ်အပိုင်းဖြစ်သည်။ အရွယ်ရောက်ပြီး ပုံမှန်ကျန်းမာရေးကောင်းမွန်သူ၏ အသည်းသည် တစ်ဒသမလေးကီလိုဂရမ်လေး၍ အသည်းသည် လူ့ခန္ဓာကိုယ်လုပ်ငန်းဆောင်တာ အမျိုးပေါင်း ၅၀၀ ခန့်အတွက် တာဝန်ယူထားရသည့် အလုပ်အများဆုံး အစိတ်အပိုင်းဖြစ်သည်။ ဦးဆုံးအနေဖြင့် အစာအိမ်နှင့်အူလမ်းကြောင်းမှနေ၍ စားသမျှ အစာဖြစ်စေ၊ ဆေးဖြစ်စေ အသည်းကို ဖြတ်သန်းပြီးစစ်ဆေးခံကြရသည်။ အသည်းက ခန္ဓာကိုယ်အတွက် ဘေးဖြစ်စေသောအရာမှန်သမျှကို ဖျက်ဆီးပစ်ပြီး၊ ၎င်းတို့မှ အသုံးဝင်သောအရာတွေကို ခန္ဓာကိုယ်နှင့်ကိုက်ညီအောင် တည်ဆောက်ပေးသည်။ အချို့သော ပဋိဇီဝဆေးများသည် သောက်ခါစတွင် အစွမ်းမရှိသေးသော်လည်း အသည်းထဲရောက်ပြီးမှ အစွမ်းရှိအောင်လုပ်ပေးနိုင်သည်။

**အသည်းရောင်ပိုး**

ဆေးပညာလောကတွင် အသည်းရောင်ပိုးဟုသာ ခေါ်ဆိုလေ့ရှိသည့် အေ၊ ဘီ၊ စီ၊ ဒီ၊ အီးနှင့်ဂျီဟူ၍ အသည်းရောင်ရောဂါပိုးခြောက်မျိုးရှိပြီး၊ အသည်းရောင်ရောဂါ အေနှင့်အီးမှာ ခြောက်လအတွင်း ပျောက်ကင်းသွား၍ နာတာရှည်မဖြစ်လာနိုင်ပေ။ အသည်းရောင်ရောဂါဘီနှင့်စီမှာ နာတာရှည်ဖြစ်ပေါ်လာတတ်သည်။ အချို့အသည်းရောင်ရောဂါ ဘီနှင့် စီဝေဒနာရှင်များမှာ ခြောက်လကျော် သို့မဟုတ် တစ်သက်လုံး အသည်းရောင်ရောဂါကိုခံစားနေရပြီး နောက်၊ ထိုသူများတွင် နာတာရှည်အသည်းရောင်ရောဂါမှစ၍ အသည်းခြောက်ရောဂါ၊ အသည်းရောင်ရောဂါ၊ အသည်းကြွပ်ရောဂါ၊ အသည်းကင်ဆာရောဂါများထိ တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်လာစေနိုင်သည်။ ကိုယ်ခံအားကျဆင်းနေချိန်တွင် ရောဂါပိုးများသည် အသွင်ပြောင်း၍ဝင်လာကြသည်။ထိုအခါ ကိုယ်ခံစွမ်းအားက ရောဂါပိုးပမာဏ၏ ၆၀ ရာခိုင်နှုန်းလောက်ကိုသာ တိုက်ထုတ်နိုင်စွမ်းရှိသည်။ ရောဂါပိုးကူးစက်ခံရသူများ၏ ပျမ်းမျှ ၂၀ ရာခိုင်နှုန်းသည် အသည်းရောင်အသားဝါဖြစ်ကြပြီး



၁၀ ရာခိုင်နှုန်းမှာရောဂါလက္ခဏာမပြပေ။ သို့သော် ခန္ဓာကိုယ်ထဲမှာ ကိန်းအောင်းနေကြပြီးဖြစ်သည်။ ၎င်းအနက် လေးရာခိုင်နှုန်းမျှရှိသူတချို့မှာ ကိုယ်ခံစွမ်းအားအနည်းအများပေါ်မူတည်၍ တစ်နှစ်၊ နှစ်နှစ်၊ ငါးနှစ်စသည်ဖြင့် အချိန်ကြာလာသောအခါ အသည်းရောင်ရောဂါဖြစ်လာတတ်သည်။

**ဘီပိုးနှင့် စီပိုးကွာခြားချက်**

အသည်းရောင်ရောဂါဘီပိုးသည် DNA ဗိုင်းရပ်စ်ဖြစ်ပြီး၊ အခြားအသည်းရောင်ရောဂါပိုးတွေက RNA ဗိုင်းရပ်စ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဘီပိုးကူးစက်ခံရသူ၏ ၇၅ ရာခိုင်နှုန်းသည် အာရှ၊ အာဖရိကနှင့် ပစိဖိတ်ဒေသတွင် နေထိုင်သူများဖြစ်ကြသည်။ ၎င်းဒေသများ၌ ပျမ်းမျှလူတစ်ရာတွင် ရှစ်ဦးမှ ဆယ်ဦးခန့်ဘီပိုးရှိနေကြသည်။ ဝမ်းနည်းစရာကောင်းသည်မှာ မိမိကိုယ်ကိုဘီပိုးရှိ၍ရှိနေမှန်း မသိကြခြင်းဖြစ်သည်။ ဘီပိုးသည် HIV ကူးစက်ပိုးတွေထက် အဆတစ်ရာလောက် ကူးစက်ပြန့်ပွားမှုနှုန်းပို၍မြန်ဆန်သည်။ ဘီပိုးသည်စတင်ကူးစက်သောအသက်အရွယ်ကိုလိုက်၍ နာတာရှည်ရောဂါဖြစ်နှုန်းကွာခြားသည်။ အကယ်၍ လူကြီးအရွယ်မှာ ဘီပိုးစဖြစ်လျှင် ၁၀ ရာခိုင်နှုန်းသာ နာတာရှည်ဖြစ်၍ ကျန် ၉၀ ရာခိုင်နှုန်းမှာ သူ့အလိုလိုပျောက်ကင်းသွားသည်။ မွေးကင်းစအရွယ်မှာ ရောဂါကူးစက်ခံရပါက ၉၀ ရာခိုင်နှုန်းမှာနာတာရှည်ဖြစ်ပြီး၊ ကျန် ၁၀ ရာခိုင်နှုန်းသည် သူ့အလိုလိုပျောက်ကင်းနိုင်သည်။ အကြောင်းရင်းမှာ ကလေးငယ်များသည် ကိုယ်ခံစွမ်းအားကောင်းမွန်စွာ မဖွံ့ဖြိုးသေး၍ဖြစ်သည်။ အသည်းရောင်ရောဂါဘီပိုးရှိသော မိခင်နို့ရည်မှ တစ်ဆင့် ရင်သွေးငယ်သို့ကူးစက်နိုင်၍ ကလေးငယ်ကို မွေးကင်းစမှအသက်တစ်နှစ်အတွင်း ကာကွယ်ဆေးထိုးနှံပေးသင့်သည်။

စီပိုးကို ၁၉၇၀ ခုနှစ်က စတင်တွေ့ရှိခဲ့ပြီး၊ ထိုကာလများမှာ အေမဟုတ် ဘီမဟုတ်ပိုးဟု ဆေးသိပ္ပံနည်းအရခေါ်ခဲ့ကြသည်။ ၁၉၈၉ ခုနှစ်ရောက်မှသာ စီပိုးဟုအမည်တပ်နိုင်ခဲ့သည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုတွင် အသည်းအစားထိုးလဲလှယ်သူများ၏ အဓိကအကြောင်းရင်းမှာ စီပိုးကြောင့်ဖြစ်သည်။ စီပိုးသည် အသည်းရောင်ရောဂါအေပိုး၊ ဘီပိုးတို့နှင့်မတူဘဲ အုပ်စုကွဲပြားခြားနားသည်။ စီပိုးသည် Flaviviridae အုပ်စုဝင်ဖြစ်ပြီး RNA ဗိုင်းရပ်စ်ဖြစ်သည်။ စီပိုးကူးစက်ခံရပြီး ခြောက်လကျော်ပါက နာတာရှည်ပိုးသယ်ဆောင်သူအဖြစ်သတ်မှတ်ထားသည်။ လတ်တလော ကူးစက်ခံရသူများ၏ ၆၀ ရာခိုင်နှုန်း သို့မဟုတ် ၇၀ ရာခိုင်နှုန်းတွင် ရောဂါလက္ခဏာပြသမှုမရှိကြပေ။လူနည်းစုတွင်သာ တုပ်ကွေးကဲ့သို့ဖျားနာကိုက်ခဲခြင်း၊ နုံးချည့်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ ဗိုက်နာခြင်း၊ အသားဝါလာခြင်း စသည်တို့ဖြစ်ပေါ်တတ်သည်။ အသက် ၁၀ နှစ်အရွယ်မှာ စီပိုးကူးစက်ခံရသော်လည်း ရောဂါလက္ခဏာမပြဘဲ နှစ်ပေါင်း ၂၀ ကြာမှ ရောဂါလက္ခဏာပြတတ်သည်။

စီပိုးသည် ဘီပိုးထက် နာတာရှည်ဖြစ်ပွားနှုန်းပိုများသည်။ အသည်းရောင်ရောဂါစီပိုးရှိသူ၏ နာတာရှည်ဖြစ်ပွားနှုန်းမှာ အသက်အရွယ်လိုက်၍ ကွာခြားမှုမရှိပေ။ အသည်းရောင်ရောဂါစီပိုးဖြစ်ပွားပြီး ၁၅ ရာခိုင်နှုန်း မှ ၂၀ ရာခိုင်နှုန်းသာ ပျောက်ကင်းနိုင်ပြီး၊ ကျန် ၈၀ ရာခိုင်နှုန်း မှ ၈၅ ရာခိုင်နှုန်းသောသူများမှာ နာတာရှည်အသည်းရောင်ရောဂါဖြစ်ပွားလေ့ရှိသည်။ ကံကောင်းသည့်အချက်မှာ စီပိုးသည် ဘီပိုးလောက်ကူးစက်နှုန်းမများကြပေ။ သတိပြုရန်မှာ အသည်းရောင်ရောဂါဘီပိုးကြောင့် ကင်ဆာဖြစ်နိုင်ခြေမှာ ၂၅ ရာခိုင်နှုန်းရှိသော်လည်း စီပိုးကြောင့် ကင်ဆာဖြစ်နိုင်ခြေမှာ ၈၀ ရာခိုင်နှုန်းရှိသည်။

**ဘီပိုးနှင့်စီပိုးကူးစက်မှုများ**

အရပ်သုံးစကားများဖြစ်ကြသော အေ၊ ဘီ၊ စီဟု အလွယ်တကူခေါ်နေကြသော အေအိုင်ဒီအက်စ်၊ အသည်းရောင်ရောဂါဘီပိုးနှင့် အသည်းရောင်ရောဂါစီပိုးများသည် ယေဘုယျအားဖြင့် ကူးစက်ပုံချင်းများစွာဆင်တူသည်။ အသည်းရောင်ရောဂါဘီပိုးနှင့် စီပိုးကူးစက်ပုံနည်းလမ်းများကို အောက်ပါအတိုင်း သိနိုင်သည်။

မိသားစုအချင်းချင်း တစ်အိမ်တည်းအတူတူနေလျှင် ဘီပိုးကူးစက်နိုင်ရန် အခြေအနေများပြီး စီပိုးသည်မကူးစက်နိုင်ပေ။ အသည်းရောင်ရောဂါပိုးရှိသောသူ၏သွေးနှင့်ထိလျှင် ဘီပိုး၊ စီပိုး ကူးစက်နိုင်ပြီး အသည်းရောင်ရောဂါပိုးရှိသူသုံးထားသော အပ်ကိုသုံးမိလျှင် ဘီပိုး၊ စီပိုးကူးစက်နိုင်သည်။ ပိုးရှိသူ၏သွေးသွင်းမိလျှင်လည်း ဘီပိုး၊ စီပိုးကူးစက်နိုင်သည့်အပြင် သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်ဓား သုံးမိလျှင် ဘီပိုး၊ စီပိုးကူးစက်နိုင်သည်။ ပိုးမသန့်စင်သောခွဲစိတ်မှုများ၊ကျောက်ကပ်ဆေးသည့်စက်တွင် ပိုးများမသန့်စင်ပါက ဘီပိုး၊ စီပိုးကူးစက်နိုင်သည်။ သာမန်လက်ဆွဲနှုတ်ဆက်နမ်းရှုပ်ခြင်းဖြင့် ဘီပိုး၊ စီပိုးပါမကူးစက်နိုင်ပါ။ နို့တိုက်မိခင်မှကလေးသို့ ဘီပိုးကူးစက်နိုင်သည်။ ချွေးမှတစ်ဆင့် ဘီပိုးကူးစက်နိုင်ခြေများပြီး စီပိုးမကူးစက်နိုင်ပေ။ နားဖောက်ခြင်း၊ ဆေးမင်ကြောင်ထိုးခြင်း၊ လက်သည်းညှပ်ခြင်း၊ သွားနှုတ်ခြင်း၊ ရှားခြစ်ခြင်း၊ ရှားဆွဲခြင်းစသည်ဖြင့် ပိုးပါသောကိရိယာများနှင့် ခြစ်မိ၊ ဖောက်မိလျှင် ဘီပိုး၊ စီပိုးကူးစက်နိုင်သည်။ ဘီပိုး၊ စီပိုးရှိသူ၏ အင်္ဂါအစိတ်အပိုင်းနှင့် တစ်သျှူးများကိုအစားထိုးကုသမိလျှင် ဘီပိုး၊ စီပိုး ကူးစက်နိုင်သည်။ အကယ်၍ မိသားစုဝင်ထဲတွင် တစ်ဦးတစ်ယောက် ဘီပိုးသို့မဟုတ် စီပိုးရှိနေပါက ထိုသူအတွက် ပန်းကန်၊ ခွက်ယောက်၊ ဇွန်းစသည်တို့ကိုခွဲ၍ သီးခြားသုံးသင့်သည်။

ဘီပိုး၊ စီပိုး ကူးစက်ခံရသူများသည် ဆေးလိပ်သောက်ခြင်း၊ အသည်းကိုထိခိုက်စေနိုင်သော ဆိုးဆေးပါသောအစားအသောက်များ၊ မှိုတက်နေသောအစားအစာများ၊ သက်တမ်းလွန်ပဋိဇီဝဆေးဝါးများကိုရှောင်ကြဉ်ရမည်ဖြစ်သည်။ အရက်သောက်သုံးခြင်းမှရှောင်ရှားရန်ဖြစ်ပြီး alcohol ဓာတ် အနံ့အရသာပါသော မည်သည့်အရာကိုမျှ မစားသောက်သင့်ပေ။ သွေးမလှူပါနှင့်။ မိမိတွင် ဘီပိုး သို့မဟုတ် စီပိုးရှိနေသည်ကို ဆေးကုသမှုခံယူတိုင်း သက်ဆိုင်ရာ ဆရာဝန်၊ ဆရာမများကိုအသိပေးပါ။ ဘီပိုး သို့မဟုတ် စီပိုးရှိသူသည် မိမိ၏မိသားစုတွင်သာမက၊ မိမိ၏လုပ်ငန်းခွင်တွင် ကိုယ်ပိုင်အသုံးအဆောင်ရေခွက်တို့ကို သီးသန့်ထား၍အသုံးပြုပါ။ ခန္ဓာကိုယ်ထဲသံဓာတ်များလျှင် အသည်းမှာအမာရွတ်ပိုထင်လွယ်သဖြင့် သံဓာတ်များစွာပါသော အစားအစာများဖြစ်ကြသည့် တိရစ္ဆာန်အသည်း၊ အမြစ်၊ ကလီစာ၊ သွေးခဲများ၊ အနီရောင်အသားများနှင့် သံဓာတ်အားဖြည့် ပဋိဇီဝဆေးဝါးများကိုရှောင်ကြဉ်ပါ။ ဗီတာမင်စီဓာတ်များစွာပါသော ရှောက်သီး၊ သံပရာသီးစသည့် အရည်ရွှမ်းသောအသီးများကို အလွန်အကျွံစားသုံးခြင်းမှရှောင်ကြဉ်ပါ။ ဘီပိုး သို့မဟုတ် စီပိုးရှိသူများသည် ဗီတာမင်စီဖြည့်စွက်ဆေးဝါးများကို ဆရာဝန်၏ညွှန်ကြားမှုမရှိဘဲ မမှီဝဲပါနှင့်။ အဆီများသောအသားများ၊ ခရု၊ ကဏန်းကဲ့သို့ အခွံမာရေသတ္တဝါများ၊ ပင်လယ်စာများကိုရှောင်ပါ။ အဝမလွန်ပါစေနှင့်။ အထက်ဖော်ပြပါအကြောင်းအရာများကိုလိုက်နာဆောင်ရွက်ပြီး အသည်းရောင်ရောဂါ ဘီပိုး၊ စီပိုးဖြစ်ပွားမှုကို ကာကွယ်နေထိုင်ခြင်းဖြင့် ကျန်းမာပျော်ရွှင်သောလူမှုဘဝများ တည်ဆောက်နိုင်ကြပါစေကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# မြန်ပြည်တစ်ခွင်ဖွံ့ဖြိုးဖို့ စည်းကမ်းဥပဒေလိုက်နာစို့

ထက်ဝေအောင်(စစ်ကိုင်း)

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ထိုနိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်း ချစ်ခင်သင့်မြတ်မှုသည် ငြိမ်းချမ်းခြင်း၏ သင်္ကေတဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အမုန်းမပွားချစ်ခင်ခြင်းသည် ကောင်းမြတ်သော အနာဂတ်ကို တည်ဆောက်ခြင်းပင်ဖြစ်သည်။ မျက်မှောက်ကမ္ဘာ့နိုင်ငံအချင်းချင်း ယှဉ်ပြိုင်ကြရာတွင် အင်အားကြီးနိုင်ငံတချို့သည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအားပြိုင်မှုများတွင် မလိုလားအပ်သည့်ပဋိပက္ခများဖန်တီးခြင်း၊ အကြမ်းဖက်လုပ်ငန်းများ အားပေးဆောင်ရွက်ခြင်းများကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ဆောင်ရွက်ကြသည်။

အေးချမ်းစွာ နေထိုင်လိုသူများအတွက် အနာဂတ်များ၊ ရည်မှန်းချက်များပျောက်ဆုံးကြရသည်။ မီးကို မလောင်ခင်က တားကြရသည်။ လောင်ကျွမ်းမှုမဖြစ်ပွားမီ ကာကွယ်ရေးနည်းလမ်းများဖြင့် စောင့်ရှောက်ရသည်။ ပဋိပက္ခများ၊ အကြမ်းဖက်မှုများသည် ငြိမ်းချမ်းရေး၏ အနှစ်သာရကို ပျက်စီးစေပြီး နိုင်ငံ၏တိုးတက်မှုဖြစ်သော လူမှုရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးမှုကို နှေးကွေးစေသည်။

နိုင်ငံ့အရေးကိစ္စများသည် လွန်စွာကျယ်ပြန့်ပေသည်။ တိုင်းပြည်တိုးတက်ရေးအတွက် အစိုးရနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး စုစည်းညီညွတ်ရန်လိုပေသည်။ **"နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး"** ခေါင်းစဉ်အောက်တွင် လူမှုစီးပွားအဆင်ပြေမှုဘဝများစွာရရှိရေးစွမ်းအားရှိသမျှ အလုပ်လုပ်ကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုလျော့နည်းခြင်း၊ စွမ်းအားရှိသမျှ အလုပ်မလုပ်ခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်းများရှိလာသောအခါ နိုင်ငံသည် သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ စည်းကမ်းရှိသော နိုင်ငံတစ်နိုင်ငံတွင် နေထိုင်သူတို့သည် ထိုနိုင်ငံ၏ ဥပဒေကို နားလည်သိရှိလိုက်နာရန်လိုပေသည်။ နိုင်ငံမတည်ငြိမ်မှုကြောင့် ဆုံးရှုံးရသည့် အသက်အိုးအိမ်စည်းစိမ်များကို ကာလအပိုင်းအခြားတစ်ခုအတွင်း ထူထောင်ရန်အချိန်လိုအပ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် တည်ဆောက်ထားသည့် လမ်း၊ တံတားများ ပျက်စီးခြင်းသည် ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုပင်ဖြစ်သည်။ တည်ဆောက်ခြင်းက ခက်ခဲလှပြီး ဖျက်ဆီးခြင်းက အလွန်လွယ်ကူသည်။ ချစ်စကို ရှည်စေရပေမည်။ အမုန်းမီးကြောင့် တောက်လောင်ရသည့် ရန်ငြိုးကို နှလုံးသားတွင် မထားသိုမှသာ နားလည်မှု အပြန်အလှန်ရရှိမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံကို အိမ်တစ်အိမ်နှင့် ဥပမာထားရလျှင် တစ်အိမ်နှင့်တစ်အိမ်ကူးလူးဆက်ဆံခွင့် မဆုံးရှုံးရေးအတွက် သင့်မြတ်ရန်လိုသည်။ အိမ်၏အလှပြသနိုင်ရေး အိမ်သူ၊ အိမ်သားအားလုံးကြိုးပမ်းရပေမည်။ အိမ်တစ်လုံးငြိမ်းချမ်းရေးအတွက် အိမ်တွင်းမီးကို အေးအောင် ငြိမ်းသတ်ရမည်ဖြစ်ပြီး အိမ်ပြင်ရှိ မီးစကိုလည်း အိမ်ထဲမသွင်းရန် လိုအပ်သည်။

သမိုင်းတစ်လျှောက် မြန်မာဟူသည် သတ္တိ၊ ဗျတ္တိတွင် ပြိုင်စံရှားသည်။ သို့သော် ခေတ်စနစ်နှင့် လျော်ညီသည့်အတွေးအမြင်၊ နည်းဗျူဟာ၊ လက်နက်အင်အားသည် တိုင်းတစ်ပါးနှင့်ယှဉ်လျှင် နိမ့်ကျခဲ့ခြင်းကြောင့် သူ့ကျွန်ဘဝရောက်ခဲ့ရပေသည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးမဆုံးရှုံးမီက တစ်စည်းတစ်လုံးတည်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပဒေသရာဇ်စနစ်ကျင့်သုံးသော်လည်း အားလုံးသည် စည်းလုံးညီညွတ်မှုအပြည့်ရှိသည်။ နယ်ချဲ့ကို တိုက်ထုတ်ခဲ့ရာတွင် ဗမာလူမျိုးတစ်မျိုးတည်းမဟုတ်ဘဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားလူမျိုးအားလုံးပါဝင်ခဲ့သည်။ ဆိုရလျှင် တိုင်းရင်းသားအားလုံးညီညွတ်ရေးသည် အရေးကြီးလှသည်။

❖ နိုင်ငံတစ်ဝန်းရှိ ဒေသအချင်းချင်းစည်းလုံးရာမှ မြို့၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး ပိုမိုစည်းလုံးခြင်းရလဒ်ကောင်းများဖြင့် အရောင်အသွေးစုံသော ပြည်ထောင်စုကြီး၏ဂုဏ်အင်ကို ထွန်းပြောင်စေမည်ဖြစ်သည်။ အတွေးအမြင်ကောင်းများဖြင့် ဖန်တီးတည်ဆောက်မှုစွမ်းပကားသည် နက်ရှိုင်းလှပြီး စည်းလုံးမှုက ခွန်အားကိုဖြစ်စေသည်။ ပြည်ထောင်စု၏ အလှသည်စည်းလုံးညီညွတ်မှုဖြစ်သည်။ ကျူးကျော်မှုအမျိုးမျိုးကို တိုင်းရင်းသားများ၏ စည်းလုံးမှုဖြင့် တွန်းလှန်တိုက်ထုတ်နိုင်မည်ဖြစ်သည်။ ❖

လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားအားလုံး စုစုစည်းစည်းနေထိုင်ခဲ့ကြသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ကြရသည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်း သွေးခွဲမှုများကြောင့် စည်းလုံးညီညွတ်မှု ပျက်ယွင်းခဲ့သည်ကို သတိပြုရမည်ဖြစ်သည်။ ခေတ်စနစ်အလိုက် အတွေးအမြင်များ ဘက်ပေါင်းစုံမှပြုပြင်ပြောင်းလဲမှုအသွင်ဖြင့် နှစ်ပေါင်းများစွာ ခေါင်းငုံ့နေရသည့်ဘဝမှ လွတ်မြောက်ခဲ့ရမှုကို သင်ခန်းစာယူ၍ စုစည်းညီညွတ်သော ပြည်ထောင်စုကြီးဖြစ်အောင် တည်ဆောက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်ရေးသည် အဓိကဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတူညီလင့်ကစား တည်ငြိမ်အေးချမ်းမှု၏ သဘောသဘာဝကို လူတိုင်းလက်ခံနိုင်ကြပေသည်။ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုသည် ဆက်စပ်သည်။ ပြည်တွင်းစည်းလုံးညီညွတ်မှုကိုအခြေခံ၍ နိုင်ငံသာယာပြောရေးအခန်းကဏ္ဍကို ဦးတည်နိုင်မည်ဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန်လိုသည်။ တူညီသော ယုံကြည်ချက်ဖြင့် ဆွေးနွေးအဖြေရှာနိုင်သည့်နည်းလမ်းများကို ကျင့်သုံးပြီး ရလဒ်ကောင်းထွက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။ မိမိတို့နေထိုင်ရာ မြို့ရွာအေးချမ်းသာယာလှပရေးအတွက် စည်းလုံးညီညွတ်စွာ လုပ်ဆောင်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာသည့်နည်းလမ်းကို ရွေးချယ်ကျင့်သုံးရမည်။ ညီညွတ်မှု၊ စည်းကမ်းရှိမှုကို အခြေခံ၍ အသိပညာ၊ အတတ်ပညာများ ပေါင်းစပ်ဖလှယ်အသုံးချရမည်ဖြစ်သည်။ သို့မှသာ တည်ငြိမ်မှုရလဒ်ကောင်းပေါ်ထွက်ပြီး အနာဂတ်ငြိမ်းချမ်းရေးအတွက်လည်း အာမခံချက်ရရှိစေမည်ဖြစ်သည်။

စစ်မက်ဖြစ်ပွားခြင်း၏ ကုန်ကျစရိတ်သည် လွန်စွာ မြင့်မားပြီး နှစ်ရှည်လများ တည်ဆောက်ထားသည့် အဆောက်အဦများစွာ ထိခိုက်နိုင်သည်။ ဖွံ့ဖြိုးရေးဗဟိုပြုလမ်း၊ တံတားတို့သည်လည်း ပျက်စီးနိုင်သည်။ လူနှင့်သက်ရှိ၊ သက်မဲ့အားလုံးကိုလည်းအချိန်ခဏအတွင်း ပျက်စီးနိုင်သည်။ ထိုသို့သော ပျက်စီးမှုများကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် ကြုံတွေ့နိုင်သည်။ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးများကိုလည်း ထိခိုက်နိုင်သည်။ စစ်ကိုမဖြစ်ပွားမီက တားဆီးကြရမည်ဖြစ်သည်။ ဖြစ်ပွားဆဲတိုက်ပွဲများကို ညှိနှိုင်းအဖြေရှာသည့်နည်းလမ်းဖြင့် ရပ်တန့်သင့်သည်။ စစ်ကြောင့် ပြည်သူများမှာလည်း စိတ်ဒဏ်ရာအသီးသီးရရှိနိုင်သည်။ ထို့ပြင် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိသော နိုင်ငံ၏ အနာဂတ်အသီးသီးသည်လည်း နှစ်ကာလကြာ ဝေဝါးသွားနိုင်သည်။ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းရပ်များဖြင့် ရှေ့ဆက်ရခြင်းကြောင့် ဖွံ့ဖြိုးမှုဟူသမျှ နောက်ကျနေရမည်ဖြစ်သည်။

လူအချင်းချင်း စာနာခြင်းဖြင့် ဖေးကူနိုင်မှု၊ ကိုယ်ကျိုးပါဝင်သော ပဋိပက္ခဖန်တီးမှုများကို စစ်မှန်သော လူသားချင်းစာနာစိတ်ဖြင့် ရှောင်ရှားသင့်ပေသည်။ အမှန်တကယ်လူသားချင်းစာနာစိတ်ထားရှိပြီး အကြမ်းဖက်မှုပြဿနာများ ပိုမိုများပြားမလာမီ ထိန်းသိမ်းကြရမည်။ တင်းမာမှု၏ နောက်ဆက်တွဲဆိုးကျိုးသည် ပြည်တွင်းမငြိမ်းချမ်းမှုကို ဖြစ်စေသည်။ နားလည်ပေးခြင်းဖြင့် ငြိမ်းချမ်းရေးလမ်းစကို ရှာဖွေတွေ့ရှိနိုင်သည်။ ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ခုအတွင်း အတွေးအမြင်အမျိုးမျိုး ခေါင်းစဉ်ဖွင့်ဆိုမှုများစွာတွေ့ရှိရသည်။ လက်တွေ့ဆန်သော ဖွင့်ဆိုချက်များပါဝင်သကဲ့သို့ စိတ်ကူးယဉ်အတွေးများလည်းပါဝင်သည်။ သဘာဝအရ အင်အားကြီးသူ အနိုင်ရလေ့ရှိသည်။ သို့သော် အရှုံးမပေးသူသည် ဘယ်တော့မှမရှုံးသည်ကို သတိပြုကြရမည်။ အင်အားကြီးသူနှင့် အင်အားနည်းသူကြား ရိုသေလေးစားမှု၊ အပြန်အလှန်နားလည်မှုများမပါဝင်လျှင် အမုန်းတရားကြီးထွားနေဦးမည်ဖြစ်သည်။ သွေးခွဲလိုသူများ၏ သွေးတိုးစမ်းခြင်း၊ ခြေထိုးခြင်း၊ ဝါးမြို့ခြင်းများကိုလည်း ခံရနိုင်ပေသည်။

နိုင်ငံတည်ငြိမ်မှုရှိခြင်းသည် အများပြည်သူငြိမ်းချမ်းပျော်ရွှင်ခြင်း၊ လုံခြုံမှုရှိခြင်းဟု ဆိုနိုင်သည်။ ပျော်ရွှင်မှု၏ နောက်ကွယ်တွင် တရားမျှတမှုရှိရပေမည်။ တရားမျှတမှု၊ လွတ်လပ်မှုသည် လုံခြုံမှုကိုလည်း ကိုယ်စားပြုရပေမည်။ လုံခြုံမှုသည် အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်မှုပေးခြင်းဖြစ်ပြီး ရေရှည်အကျိုးစီးပွားကိုဖြစ်စေသည်။ ဉာဏ်ပညာအရင်းအနှီးဖြင့် ခေတ်မီနိုင်ငံတည်ဆောက်ကြရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ရလေ့ရှိသည်။ ရန်ငြိုး၊ အာဃာတသည် လူတစ်ဦး၏အတွေးအမြင်ကို အဆိုးဘက်သို့ ယိမ်းယိုင်စေနိုင်သောကြောင့် ရန်မီးမပွားငြိမ်းချမ်းရေးနည်းလမ်းများဖြင့်သာ အနာဂတ်နိုင်ငံတော်ရှေ့ခရီးကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ အများနှင့်မတူသောမူများဖြင့် တိုင်းပြည်အကျိုးဆောင်ရွက်နိုင်သူ၊ စိတ်ကောင်းရှိသူများ၏ စိတ်စေတနာကောင်းများဖြင့် နိုင်ငံကို တည့်မတ်ဆောင်ရွက်ကြရမည်။

နိုင်ငံတစ်ဝန်းရှိ ဒေသအချင်းချင်းစည်းလုံးရာမှ မြို့၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး ပိုမိုစည်းလုံးခြင်း ရလဒ်ကောင်းများဖြင့် အရောင်အသွေးစုံသော ပြည်ထောင်စုကြီး၏ဂုဏ်အင်ကို ထွန်းပြောင်စေမည်ဖြစ်သည်။ အတွေးအမြင်ကောင်းများဖြင့် ဖန်တီးတည်ဆောက်မှုစွမ်းပကားသည် နက်ရှိုင်းလှပြီး စည်းလုံးမှုက ခွန်အားကိုဖြစ်စေသည်။ ပြည်ထောင်စု၏ အလှသည်စည်းလုံးညီညွတ်မှုဖြစ်သည်။ ကျူးကျော်မှုအမျိုးမျိုးကို တိုင်းရင်းသားများ၏ စည်းလုံးမှုဖြင့် တွန်းလှန်တိုက်ထုတ်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသားတို့၏ ချစ်စဖွယ်ဓလေ့ရိုးရာများ၊ ယဉ်ကျေးမှုများ အစွန့်ရှည်တည်တံ့ရေး၊ ပြည်ထောင်စုသွေးချင်းတို့၏ နယ်မြေအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားများတွင် နိုင်ငံတော်ကို ကာကွယ်နိုင်မည့်အစွမ်းအစများ၊ အခွင့်အရေးများစွာ တည်ရှိနေပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ စည်းလုံးညီညွတ်စွာ၊ လက်တွဲဆောင်ရွက်ခြင်း၊ စည်းကမ်းရှိရှိဥပဒေလိုက်နာခြင်း၊ အသိပညာအတတ်ပညာများ တိုးတက်အောင် ဆောင်ရွက်ခြင်းများကို မလစ်ဟင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ မြန်ပြည်တစ်ခွင်ဖွံ့ဖြိုးတိုးတက်ခြင်းများ ရရှိမည်ဟု ယုံကြည်စွာရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ချစ်သောမဟေသီ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်



ရန်ကုန် ဇူလိုင် ၂၆

CANNEL + ရုပ်သံလိုင်းက ကိုယ်ပိုင်ဖန်တီးမှုအဖြစ် BONANZA ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ပူးတွဲရိုက်ကူး ထုတ်လွှင့်မည့် ချစ်သော မဟေသီ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဇူလိုင် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော် ရိုက်ကူးသူ ဒါရိုက်တာ နိုရာကိုက ပြောပြ၍ သိရသည်။

ချစ်သော မဟေသီ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို EVERN ကရေးသားပြီး ဖြိုးသဏ္ဍာကျော်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ နိုရာကိုနှင့် ထွဋ်တင်ထွဋ်တို့က BONANZA ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက CANNEL + ရဲ့စီစဉ်မှုနဲ့ ရိုက်ကူးမဲ့ ဒရာမာဇာတ်လမ်းတွဲလေးပါ။ ချစ်သောမဟေသီမှာ အောင်ဇမ္ဗူနဲ့ မေမီကိုကိုတွဲမြင်ရမဲ့ ဇာတ်လမ်းတွဲလဲဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကို နိုရာနဲ့ ထွဋ်တင်ထွဋ်တို့က နှစ်ပိုင်းခွဲပြီး ရိုက်ကူးကြမှာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ နိုရာကိုက ပြောပြသည်။

ချစ်သော မဟေသီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ဇမ္ဗူ၊ နေ့သစ်အေးအောင်၊ စစ်မင်းထက်၊ မေမီကိုကို၊ ဝင့်ယမုံနိုင်၊ ရွှေအိမ်မင်း၊ JK Sophia၊ ကလေးသရုပ်ဆောင် မိုဂျီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Days of Thunder နောက်ဆက်တွဲဇာတ်ကားကို ဒါရိုက်တာ ဂျိုးနသန်လီဗိုင်း ရိုက်ကူးပေးဖွယ်ရှိ

နယူးယောက် ဇူလိုင် ၂၆

Paramount ကုမ္ပဏီ၏ Days of Thunder နောက်ဆက်တွဲ ဇာတ်ကားကို ဒါရိုက်တာ ဂျိုးနသန်လီဗိုင်းက တာဝန်ယူရိုက်ကူးပေးဖွယ်ရှိကြောင်း ဇူလိုင် ၂၅ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် ဒါရိုက်တာ ဂျိုးနသန်လီဗိုင်းသည် အထက်ပါဇာတ်ကား ရိုက်ကူးရေးအတွက် Paramount ကုမ္ပဏီနှင့် ဆွေးနွေးနေသည်။ မင်းသား တွမ်ခရုပ်ပါဝင်သရုပ်ဆောင်ထားသည့် Days of Thunder(1990) ကို ဒါရိုက်တာ တိုနီစကော့က ရိုက်ကူးပေးထားခြင်းဖြစ်သည်။

Days of Thunder နောက်ဆက်တွဲ ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဝီစတေပယ်က တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားနောက်ဆက်တွဲ ဇာတ်ကားသစ်တွင် မင်းသားတွမ်ခရုပ်ပြန်လည်ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဒါရိုက်တာ ဂျိုးနသန်လီဗိုင်းသည် Paramount ကုမ္ပဏီ၏ Mr.Irrelevant ဇာတ်ကားကို မကြာသေးမီကမှရိုက်ကူးပေးထားသူဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# အပျော်ခရီး ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်၌ ကျင်းပပြုလုပ်ခဲ့

ရန်ကုန် ဇူလိုင် ၂၆

Cloud Seven Production က ရိုက်ကူးထုတ်လုပ်မည့် အပျော်ခရီး ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဇူလိုင် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်မည့် သရုပ်ဆောင် စိုးမြတ်သူဇာက ပြောပြ၍ သိရသည်။

အပျော်ခရီး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မောင်သီက ရေးသားထားပြီး မယ်ခိုင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မျောက်ရှုံး(မော်ရှင်)က တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"တကယ်တော့ ကိုယ့်အနုပညာမောင်နမတွေ ဒီသံယောဇဉ်တွေနဲ့အတူ ရိုက်ရမယ်ဆိုတော့ မကြီးစိုးတို့ကလဲ အတူမတွေ့ရတာကြာပြီမို့ ဒီဇာတ်လမ်းလေးကို Cloud Seven နဲ့တွေ့ပြီး ဇာတ်လမ်းတွဲရိုက်ဖို့ စီစဉ်ဖြစ်ခဲ့တာပါ။ မကြီးစိုးက ဒီဇာတ်လမ်းကို ကိုသီ(ဒါရိုက်တာ မောင်သီ)ကိုပြောပြလိုက်တော့ သူက ရေးပေးတာပေါ့။ ဇာတ်ညွှန်း မယ်ခိုင်ရေးလိုက်တော့ ဇာတ်က တော်တော်လေး ကိုကောင်းသွားတယ်။ ပရိသတ်ရယ်ရမဲ့ဇာတ်လို့လဲ ပြောလို့ရပါတယ်"ဟု သရုပ်ဆောင် စိုးမြတ်သူဇာက ပြောပြသည်။



အပျော်ခရီး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဖြိုးဟန်ကျော်၊ ရွှေသော်၊ လျှမ်းထက်အောင်၊ ဘုန်းလျှံဟိန်း၊ အဂ္ဂမင်းသူ၊ ဇင်မျိုး၊ ဆင်မ၊ ပေါ်ဦး၊ ရွှေသွေး၊ ကံပွင့်၊ မျောက်ရှုံး၊ အောင်မော်၊ ဝိုင်းဝိုင်းလည်၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ဆုပန်ထွာ၊ ခင်ဇာခြည်ကျော်၊ အေးသီတာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# The Drill ဟာသဇာတ်ကား၌ မင်းသမီး ရီဝန်ဘာလန်းချက် ပါဝင်မည်

နယူးယောက် ဇူလိုင် ၂၆

The Drill အမည်ရှိ ဟာသဇာတ်ကားတွင် မင်းသမီး ရီဝန်ဘာလန်းချက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၅ ရက် သတင်းများအရ သိရသည်။

The Drill ဇာတ်ကားသည် သေနတ်သမားတစ်ဦးနှင့် ကာယဗလအားကစားခန်းအတွင်း ပိတ်မိနေသော အထက်တန်းကျောင်းသားတစ်စုတို့အကြား ဖြစ်စဉ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ မီလီဆန်ဟိုင်းလက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Drill ဟာသဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကိတ်လီက တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

The Drill ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို လာမည့် တစ်ပတ်အတွင်း တက္ကဆက်ပြည်နယ်၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ မီလီဆန်ဟိုင်းလက်သည် အင်္ဂလိပ်အမျိုးသား ဒါရိုက်တာဖြစ်ပြီး Perfect ဇာတ်ကားကို တာဝန်ယူရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# အမေရိကန်ရက်ပ်ပါ Snoop Dogg ၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားကို ၂၀၂၇ ခုနှစ် ဩဂုတ် ၆ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထား



နယူးယောက် ဇူလိုင် ၂၆

ကမ္ဘာကျော် အမေရိကန်ရက်ပ်ပါ Snoop Dogg ၏ အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဩဂုတ် ၆ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၂၅ ရက် သတင်းများအရ သိရသည်။

Snoop Dogg အတ္ထုပ္ပတ္တိဇာတ်ကားတွင် Snoop Dogg အဖြစ် Outer Banks မင်းသား ဂျိုနသန်ဒေးဗစ်က သရုပ်ဆောင်မည်ဖြစ်သည်။

Snoop Dogg ဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဘရီဝါက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုးရောဘတ်က တာဝန်ယူရေးသားပေးထားသည်။

အဆိုပါ ဇာတ်ကားတွင် အောင်မြင်သည့် ရက်ပ်အဆိုတော်အဖြစ်သို့ ရောက်ရှိရေးအတွက် Snoop Dogg ကြိုးပမ်းဖြတ်သန်းခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အမေရိကန် ရက်ပ်ပါ Snoop Dogg သည် ဂရမ်မီဆု ဆန်ခါတင်စာရင်း၌ ၁၇ ကြိမ်ထိ ပါဝင်ခဲ့သော ရက်ပ်ပါဖြစ်သည်။

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီသည် ရှေးယခင်ကလည်း ဟစ်ဟော့အနုပညာရှင်များ၏ အတ္ထုပ္ပတ္တိဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်ခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# All illegal buildings used in online scams/gambling in Shwe Kokko demolished

After demolition.



The illegal 17-storey building in the Shwe Kokko area of Myawaddy District, Kayin State, where online scam and illegal gambling operations were conducted.

Preparations underway to demolish the building using explosives.



The illegal 17-storey building in the Shwe Kokko area of Myawaddy District, Kayin State, where online scam and illegal gambling operations were conducted.

**Nay Pyi Taw July 26**

As permanent demolition and systematic destruction of paraphernalia in Shwe Kokko and KK Park areas in Myawaddy township in Kayin State, were carried out by interdepartmental teams, an illegal 17-storey building in Shwe Kokko area was systematically detonated today.

Out of 77 illegal buildings used in online scams/gambling in Shwe Kokko area, 57 and 20 were designated to be demolished with machinery and to be detonated respectively based on their types and systematic demolition was carried out. As the last 17-storey one out of 20 buildings to be detonated today, demolition tasks have been fully completed.

Interdepartmental teams demolished 77 illegal buildings used in online scams/gambling either by demolition by machinery or by detonation as of 25 May and 100 percent of demolition tasks completed today.

The government will continue to cooperate and coordinate with domestic forces as well as neighbouring governments to prevent online scams/gambling from establishing their bases in Myanmar by regarding it as a national responsibility.

100

# More than 4,000 acres of croplands placed under groundnut plants in Pwintbyu Township

**Pwintbyu July 26**

According to the township Agriculture Department, local farmers have planted 4,568 acres of groundnut as monsoon crops in Pwintbyu Township of Magway Region this year.

Local authorities earmarked cultivation of 6,061 acres of groundnut but local farmers planted 4,568 acres of crops against the target cultivation this year.

This year's monsoon cropping season targets the cultivation of 6,061 acres of groundnut in Pwintbyu Township. As of today, 4,568 acres have already been planted. Efforts are underway to achieve the targeted acreage. Assistance is also being provided to help expand groundnut cultivation and improve yields by promoting cultivation in accordance with Good Agricultural Practices (GAP),” said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

In Pwintbyu Township, the Department of Agriculture has been carrying out field-level extension activities to enhance the yield and quality of groundnut production. These include educating farmers on the selection and cultivation of high-quality certified seeds, the adoption of proper cultivation techniques, effective pest and disease management, and the systematic use of agricultural inputs.

According to Township Head Daw Moe Moe Wai, increasing groundnut production will not only help meet local edible oil demand but also generate surplus production for sale, thereby creating income opportunities and contributing to the socio-economic development of local communities. She added that concerted efforts should therefore be made across all regions to expand groundnut cultivation.

Ye Win Naing (NyaungU)

# Yemen's Houthis claim downed Saudi drone; Red Sea tanker reports close splash

**Sanaa July 26**

Yemen's Houthi group claimed Sunday it has shot down a Saudi-operated reconnaissance drone over the northern province of Al-Jawf, as a separate security incident was reported in the southern Red Sea involving a tanker.

Houthi military spokesperson Yahya Sarea said on social media platform X that the group's forces downed the drone with "appropriate weaponry" while it was conducting what he called "hostile operations" in Al-Jawf's airspace. He did not elaborate on the operation.

Earlier in the day, the United Kingdom Maritime Trade Operations said it had received a report of a security incident after a tanker observed "a splash from an unknown projectile in close proximity to the vessel" in the southern Red Sea, near the strategic Bab al-Mandeb Strait. The vessel and its crew were reported safe.

The latest incidents came after the Houthis announced a maritime ban on Saudi-linked shipping last week and claimed attacks on commercial vessels in the Red Sea, prompting a Saudi-led coalition to launch airstrikes on Houthi-held areas in Yemen.

On Saturday, state-run Yemen TV reported that airstrikes struck Houthi military sites in northern Yemen. Meanwhile, the Houthi group said it had carried out coordinated missile and drone strikes on Saudi energy facilities in Jizan and Yanbu regions.

Xinhua

# Iran accuses US of attacking rescue boats

**Tehran July 26**

Iran has formally accused the US of deliberately striking two of its search-and-rescue vessels in the Persian Gulf, calling the attack a war crime. The accusation comes as the US maintains a blockade of Iranian ports and continues to attack the Iranian Navy.

The charges were made public in the letter on Friday, sent by Gholamhossein Darzi, Iran’s deputy envoy to the UN, to UN Secretary-General Antonio Guterres, the UN Security Council president, International Maritime Organization chief Arsenio Dominguez, and the president of the International Committee of the Red Cross.

Darzi said the Naji-15 and Naji-16 were struck in the early hours of Thursday off the coast of Hormozgan Province while they were engaged “exclusively” in search-and-rescue duties, sustaining significant damage. The diplomat did not mention any casualties.

“The deliberate targeting of vessels exclusively assigned to maritime search-and-rescue operations constitutes a flagrant violation of international humanitarian law and the international law of the sea”, Darzi said, as cited by Press TV.

He added that their “sole mission is to save the lives of persons in distress at sea” regardless of their affiliation, stressing that targeting rescue vessels “amounts to a war crime.” Darzi went on to say that Iranian rescue boats and marine ambulances have been repeatedly targeted since the US-Israeli operation against Iran began on February 28.

In early March, Iranian media reported that US-Israeli strikes hit the only sea ambulance coursing between Hormuz Island and Bandar Abbas, the capital city of Hormozgan Province, though without casualties.

RT

# Cultivation of more than 21,000 acres of green gram completed in Wetlet Township



This photo shows a thriving green gram plantation.

**Wetlet July 26**

Local farmers have planted 21,026 acres of green gram as monsoon crops in Wetlet Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, Wetlet Township has set a target of cultivating 38,409 acres of green gram. Planting began in May this year, and as of today, 21,026 acres have already been planted.

"During this year's monsoon cropping season, Wetlet Township set a target of cultivating more than 38,000 acres of green gram, and more than 21,000 acres have already been planted. We are making every effort to ensure that the cultivation target is fully achieved. We are also conducting extension activities to encourage the expansion of green gram cultivation and educating farmers on the use of high-quality, certified seeds to achieve better yields," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

This year, the Wetlet Township Department of Agriculture has been providing green gram growers with technical guidance and awareness on obtaining high-quality, locally suitable certified seed, adopting proper cultivation practices, preventing pest infestations, applying fertilizers systematically, and improving crop yields.

During this year's monsoon cropping season, the department has also been working closely with farmers cultivating various pulse crops by providing the necessary high-quality certified seeds, agricultural inputs, and post-harvest technologies to improve both the yield and quality of pulse crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Taze Township grows more than 9,000 acres of green gram this year

**Taze July 26**

According to the township Agriculture Department, local farmers planted 9,965 acres of green gram as monsoon crops in Taze Township of Sagaing Regi9on this monsoon.

During the 2026-2027 monsoon cropping season, Taze Township has set a target of cultivating 17,699 acres of green gram. Planting began in May this year, and as of today, 9,965 acres have already been planted.

"This year's monsoon cropping target in Taze Township is to cultivate more than 17,000 acres of green gram, and over 9,000 acres have already been planted. We are making efforts to ensure that the cultivation target is fully achieved. We are also providing extension services to encourage the expansion of green gram cultivation and educating farmers on the use of high-quality, certified seeds to achieve better yields," said U Ohn Kyaw Myint, Head of the Taze Township Department of Agriculture.

This year, the Township Department of Agriculture has been assisting green gram growers in Taze Township by providing awareness and technical support on obtaining high-quality, locally suitable certified seed, adopting proper cultivation practices, preventing pest infestations, applying fertilizers systematically, and improving crop yields.

It is also reported that, during this year's monsoon cropping season, the department has been working closely with farmers cultivating various pulses by providing the necessary high-quality certified seeds, agricultural inputs, and post-harvest technologies to improve both the yield and quality of pulse crops. 206

# Sagaing Township completes cultivation of more than 14,000 acres of pigeon pea

**Sagaing July 26**

According to the statistics of Sagaing Township Agriculture Department, local farmers planted 14,976 acres of pigeon pea as monsoon crops in Sagaing Township this year.

During the 2026-2027 monsoon cropping season, Sagaing Township has set a target of cultivating 19,790 acres of pigeon pea. Planting began in May this year, and as of today, 14,976 acres have already been planted.

"During this year's monsoon cropping season, Sagaing Township set a target of cultivating more than 19,000 acres of pigeon pea, and more than 14,000 acres have already been planted. We are making every effort to ensure that the cultivation target is fully achieved. We are also assisting farmers in improving crop yields. Pigeon pea is cultivated both as a sole crop and as an intercrop or double crop," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

This year, the Sagaing Township Department of Agriculture has been providing field-based extension services to pigeon pea growers, including guidance on selecting high-quality certified seeds, adopting proper cultivation practices, preventing pest infestations, and improving crop yields.

The Township Department of Agriculture is also disseminating technology that promotes the combined use of urea and borax as a foliar fertilizer to help pigeon pea farmers reduce fertilizer costs. It is reported that the use of urea and borax not only lowers cultivation expenses but also helps protect crops from pests and promotes healthy plant growth.

206

# Plan underway to grow more than 50,000 acres of cowbean in Budalin Township

**Budalin July 26**

Budalin Township Agriculture Department in Sagaing Region stated that local farmers will grow more than 52,000 acres of cowbean in the township in coming cold season.

During the 2026-2027 winter cropping season, Budalin Township has set a target of cultivating 52,110 acres of chickpeas. Planting will begin in October this year and continue through December.

"For the upcoming winter cropping season, Budalin Township has set a target of cultivating more than 52,000 acres of chickpeas. We will make every effort to ensure that the cultivation target is fully achieved. Chickpea cultivation has been increasing year by year. To improve the yield and quality of the crop, we will work closely with farmers by providing high-quality certified seeds, the necessary agricultural inputs, and post-harvest technologies," said U Phyo Wai, Head of the Budalin Township Department of Agriculture.

It is reported that Yezin-8 and Yezin-11 chickpea varieties, which are well suited to local conditions and provide high yields, are widely selected for cultivation. The cultivation cost is more than K300,000 per acre.

During this year's winter cropping season, the Department of Agriculture is working closely with farmers cultivating various pulse crops by providing the necessary high-quality certified seeds, agricultural inputs, and post-harvest technologies to improve both yield and quality. It is also reported that extension activities will be carried out through lead farmers to encourage the use of beneficial Trichoderma fungi during the pulse cultivation season.

Sagaing Region has the largest acreage under pulse cultivation in the country. In addition to growing pulses as a major crop, farmers can also cultivate them as intercrops and double crops, making pulses an important income-generating crop for local farmers.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ဟိုက်ပါဆောနစ်ဒုံးကျည် တီထွင်ထုတ်လုပ်ရန် Lockheed Martin UK ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (MoD) သည် ဟိုက်ပါဆောနစ်ဒုံးကျည်ကို တီထွင်ထုတ်လုပ်ရန်အတွက် ဗြိတိန်နိုင်ငံ အခြေစိုက် Lockheed Martin UK ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၂၇ သန်းတန်ဖိုးရှိ ဝယ်ယူရေးစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင်လ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ဟိုက်ပါဆောနစ်ဒုံးကျည် တီထွင်ထုတ်လုပ်ရေး Project Bowline စီမံချက်အောက်တွင် လုပ်ဆောင်ခဲ့သော စာချုပ်ပါဟိုက်ပါဆောနစ်ဒုံးကျည်သည် အာရုံခံစနစ်များနှင့် ကြားဖြတ်တိုက်ခိုက်ရေးစနစ်များ အပါအဝင် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး စနစ်များကို အကဲဖြတ်ဆန်းစစ်ရန်အတွက် ဟိုက်ပါဆောနစ် ခြိမ်းခြောက်မှုပုံစံတုများ ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန (MoD) သည် ဟိုက်ပါဆောနစ်ဒုံးကျည် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုစီမံချက်သည် ဟိုက်ပါဆောနစ် တန်ပြန်နည်းပညာများ အပါအဝင် အဆင့်မြင့် စစ်ဘက်ဆိုင်ရာစွမ်းရည်များကို ပူးတွဲတီထွင်ရန် ဩစတြေးလျ၊ ဗြိတိန်နှင့်အမေရိကန်တို့အကြား ဖွဲ့စည်းထားသည့် သုံးနိုင်ငံမဟာမိတ် ပူးပေါင်းဆောင်ရွက်မှုဖြစ်သော AUKUS Pillar 2 ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့ကြောင်း သိရသည်။

"Project Bowline စီမံချက်ကို အကောင်အထည်ဖော်ခြင်းက လျင်မြန်စွာပြောင်းလဲနေတဲ့ ဟိုက်ပါဆောနစ် ခြိမ်းခြောက်မှုတွေထက် ဗြိတိန်နိုင်ငံ အမြဲတမ်းခြေတစ်လှမ်းသာလွန်နေစေဖို့ ကူညီပေးပါလိမ့်မယ်။ ကျွန်ုပ်တို့ရဲ့ AUKUS မဟာမိတ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ဗြိတိန်နိုင်ငံမှာ အဆင့်မြင့် ဒုံးကျည်နည်းပညာတွေအတွက် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ လက်နက်ခဲယမ်း စွမ်းဆောင်ရည်ကို အားကောင်းစေပြီး စီးပွားရေးရဲ့ အဓိက ကဏ္ဍတစ်ခုကို မြှင့်တင်ပေးနိုင်သလိုထိရောက်တဲ့ ဒုံးကျည်ကာကွယ်ရေး စနစ်တွေကို ဖော်ဆောင်နိုင်စွမ်းကိုလဲ အထောက်အကူဖြစ်စေပါတယ်" ဟု ဗြိတိန်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးချုပ် Rupert Pearce က ပြောကြားခဲ့သည်။

ဗြိတိန်၏ ဟိုက်ပါဆောနစ် တန်ပြန်ကာကွယ်ရေးအစီအစဉ်များ ဗြိတိန်နိုင်ငံအနေဖြင့်ဟိုက်ပါဆောနစ် ကြားဖြတ်တိုက်ခိုက်ရေးစနစ်တစ်ရပ်ကို ကြေညာခြင်းမရှိသေးဘဲ ၂၀၂၅ ခုနှစ် မဟာဗျူဟာမြောက်ကာကွယ်ရေးသုံးသပ်ချက်အရ ပိုမိုခိုင်မာအားကောင်းသော ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး ဖွဲ့စည်းနိုင်ရေးကိုသာ ဦးစားပေး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

AUKUS မဟာမိတ်ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန၏ ကာကွယ်ရေးသိပ္ပံနှင့် နည်းပညာဓာတ်ခွဲခန်းသည်လည်း အဆင့်မြင့်အာရုံခံခြင်းနှင့် ခြေရာခံခြင်း စွမ်းရည်များဆိုင်ရာသုတေသနများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် Lockheed Martin UK ကုမ္ပဏီတို့၏ ယခုသဘောတူ စာချုပ်သည် Bedford-shire ဒေသ၌ အလုပ်အကိုင်အခွင့်အလမ်း ၆၃ ခုခန့်ကိုအထောက်အကူပြုပေးနိုင်မည့် အပြင်ဟိုက်ပါဆောနစ်ဒုံးကျည် ထုတ်လုပ်ရေးလုပ်ငန်းစဉ်တစ်ခုလုံးအတွင်း ဗြိတိန်နိုင်ငံ၏ အသေးစားနှင့်အလတ်စားလုပ်ငန်း ၁၅ ခုကိုလည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

**Lockheed to Develop Hyper-sonic Test Target for Future UK Missile Defenses** ကို ဘာသာ ပြန်ဆိုထားပါသည်။

## စင်ကာပူနိုင်ငံ ST Engineering ကုမ္ပဏီက DrN-600 ကုန်တင်ဒရုန်းအတွက် စွမ်းအင်စနစ်တည်ဆောက်ရန် Odys Aviation ကုမ္ပဏီနှင့် ပူးပေါင်း

စင်ကာပူနိုင်ငံ ST Engineering ကုမ္ပဏီသည် DrN-600 ကုန်တင်ဒရုန်းအတွက် စွမ်းအင်စနစ်ကို တည်ဆောက်ရန် ကယ်လီဖိုးနီးယားအခြေစိုက် Odys Aviation ကုမ္ပဏီနှင့် ပူးပေါင်းခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင်လ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါကုမ္ပဏီနှစ်ခုသည် အလေးချိန် ၁၃၂၃ ပေါင်ရှိသည့် DrN-600 ကုန်တင်ဒရုန်းအတွက် စွမ်းအင်စနစ်တည်ဆောက်ရန် ဒီဇိုင်းဆွဲခြင်း၊ ကနဦးပုံစံထုတ်လုပ်ခြင်းတို့ကို လုပ်ဆောင်မည့် တရားဝင်သဘောတူစာချုပ်ချုပ်ဆိုရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကနဦး လုပ်ငန်းစဉ်များအနေဖြင့် ထုတ်လုပ်ရေးအဆင့်သို့ မရောက်မီ စွမ်းအင်စနစ်၏ နည်းပညာဆိုင်ရာ သတ်မှတ်ချက်များ၊ စွမ်းဆောင်ရည်များ၊ စုစုပေါင်းကုန်ကျစရိတ်များ ဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံတို့ကို အဓိကထားအတည်ပြု စစ်ဆေးရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

ထို့ပြင် အဆိုပါသဘောတူစာချုပ်သည် ST Engineering ကုမ္ပဏီ၏ မြေပြင်ကွပ်ကဲရေး ဆော့ဖ်ဝဲစနစ်ကို Odys Aviation ကုမ္ပဏီထုတ် ဒရုန်းစနစ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်ရန် လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ရာမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို စွမ်းအင်စနစ် အပိုင်းမှသည် မစ်ရှင်စနစ်များနှင့် ပျံသန်းရေးလုပ်ငန်းလည်ပတ်မှုများအထိ ပိုမိုကျယ်ပြန့်လာမည် ဖြစ်သည်။

အဆိုပါ စွမ်းအင်စနစ်သည် ကီလိုဝပ် ၂၀ မှ မဂ္ဂါဝပ် ၄ ထိ ထွက်ရှိနိုင်သော Odys Aviation ကုမ္ပဏီ၏ ကိုယ်ပိုင်ဟိုက်ဘရစ် စွမ်းအင်စနစ်ကို အခြေခံမည်ဖြစ်သည်။ စစ်ဆင်ရေး ကာလရှည်ကြာသည့် မစ်ရှင်များနှင့် ကုန်ကျစရိတ် သက်သာစေရန် ဒီဇိုင်းထုတ်ထားသော ဤနည်းပညာသည် တောင်းဆိုမှုမြင့်မားသော ပတ်ဝန်းကျင်များရှိ ကာကွယ်ရေး၊ လေကြောင်းနှင့် စွမ်းအင်ဆိုင်ရာ အသုံးချမှုများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ အခြားသူတွေ မယှဉ်နိုင်တဲ့ ခရီးအကွာအဝေးနဲ့ ကြံ့ခိုင်ခံနိုင်စွမ်းကို ပေးစွမ်းနိုင်မဲ့ ကိုယ်ပိုင်ဟိုက်ဘရစ်စွမ်းအင်စနစ်တွေကို လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက ဒီဇိုင်းဆွဲ တည်ဆောက်ပြီး ပျံသန်းစမ်းသပ်ခဲ့ပါတယ်။ ST Engi-neering ကုမ္ပဏီဟာ အာကာသနှင့် မောင်းသူမဲ့စနစ်တွေမှာ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီဖြစ်ပြီး Odys Aviation ကုမ္ပဏီ အပေါ် သူတို့ရဲ့ယုံကြည်မှုက ကျွန်တော်တို့ရဲ့ ဟိုက်ဘရစ်စွမ်းအင်စနစ်ဟာ အခြားစနစ်တွေနဲ့မတူတဲ့ စွမ်းဆောင်ရည်မျိုး ပိုင်ဆိုင်ထားတယ်ဆိုတာ မှန်ကန်ကြောင်း




သက်သေပြနေပါတယ်"ဟု Odys Aviation ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (CEO) James Dorrisကပြောကြားခဲ့သည်။

ဟိုက်ဘရစ် စွမ်းအင်စနစ်ကို DrN-600 ဒရုန်း၏ ကုန်တင်သယ်ဆောင်နိုင်စွမ်း အလေးချိန် ပေါင် ၂၂၀ ကို ထိန်းသိမ်းထားရင်းဖြင့် ပျံသန်းနိုင်သည့် အကွာအဝေးကို မိုင် ၁၈၆ ခန့်ထိ တိုးမြှင့်ပေးနိုင်ရန် တီထွင်ထုတ်လုပ်မည်ဖြစ်သည်။ ST Engineer-ing သည် အဆိုပါ ကုန်တင်ဒရုန်းအတွက် ၂၀၂၈ ခုနှစ်တွင် အရည်အချင်းစစ် အသိအမှတ်ပြုလက်မှတ်ရရှိရန် ရည်မှန်းထားပြီး ဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့်တိုးတက်လာသည်နှင့်အမျှ ပုံစံတူစမ်းသပ်မှုများနှင့် ဖောက်သည်နိုင်ငံများ၏ အကဲဖြတ်မှုများကိုပါ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ST Engineering Eyes Longer-Range DrN-600 Cargo Drone With Hybrid Propulsion** ကို ဘာသာ ပြန်ဆိုထားပါသည်။

မင်းမျိုး

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ကသာ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငှက်ပျောဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၃၆၆၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ငှက်ပျော ၃၆၆၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးတဲ့ ငှက်ပျောတွေကို အထွက်နှုန်းကောင်းမွန်ဖို့နဲ့ ပိုးမွှားရောဂါ မကျရောက်စေဖို့ လိုအပ်တဲ့ စိုက်ပျိုးရေးအသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေ အများဆုံး စိုက်ပျိုးတဲ့ ငှက်ပျောက ဖီးကြမ်းငှက်ပျော၊ ရခိုင်ငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေး စတဲ့မျိုးတွေကို စိုက်ပျိုးကြပြီး ဝင်ငွေတိုးပွားစေရန် လယ်ကန်သင်းတွေမှာပါ စိုက်ပျိုးလာကြပါတယ်။ ပိုးမွှားရောဂါကျရောက်မှုလဲများသောအားဖြင့်သက်သာပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ငှက်ပျောစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ငှက်ပျောတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)




# ဝေါမြို့နယ် ဘိုကတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ဝေါ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘိုကတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင် ဖွဲ့စည် ခြင်းကို ဇူလိုင် ၂၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်လမ်းများ ရရှိကာ မိသားစုဝင်ငွေတိုးပွားလာပြီး ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များ ထမ်းဆောင်ရမည့် တာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏လုပ်ငန်းတာဝန်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ဦးဆောင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

ကိုညို

# ပုသိမ်မြို့နယ်တွင် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်မှ စတင်ကာ ယနေ့ထိ ဂေါ်ဖီထုပ်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဂေါ်ဖီထုပ်များ တစ်ရက်လျှင် အထုပ်ရေ ၁၇၀၀၀ မှ ၃၀၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အရောင်းအဝယ်ကောင်းနေတဲ့ ဂေါ်ဖီထုပ်တွေက ပိုးမွှားကင်းရှင်းပြီး လတ်ဆတ်ပါတယ်။ အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ အခုလို ဂေါ်ဖီထုပ်တွေ ဝယ်ယူအားကောင်းလာတော့ ဂေါ်ဖီထုပ်စိုက်တဲ့ တောင်သူတွေ အခွင့်အလမ်း ပိုမို အဆင်ပြေလာပါတယ်"ဟု ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာက ပြောပြသည်။



ပုသိမ်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ဂေါ်ဖီထုပ်အသေး ၁၀ ထုပ်လျှင် ငွေကျပ် ၁၁၀၀၀ မှ ၁၂၀၀၀၊ ဂေါ်ဖီထုပ်အကြီး ၁၀ ထုပ်လျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၅၅၀၀ ထိ အရွယ်အစားပေါ် မူတည်၍ ဈေးနှုန်း အနိမ့်အမြင့်ရှိကြောင်း၊ အဆိုပါ ဂေါ်ဖီထုပ်များ အရောင်းအဝယ် ကောင်းမွန်နေသောကြောင့် ဂေါ်ဖီထုပ်စိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်သူဇာက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မင်းလှမြို့နယ် မြို့သစ်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းလှ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့သစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ မြို့သစ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ပံ့ပိုးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းများ ဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မင်းလှမြို့နယ်မြို့သစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၂ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကိုငွေကျပ် တစ် ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် တစ်သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈ ဦးကို ရန်ပုံငွေကျပ် ၂၅ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူထံမှ သိရသည်။

ချိုလေး

**ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)၌ အခြေခံမော်တာအထည်ချုပ်သင်တန်း ဖွင့်လှစ်



ရန်ကုန် ဇူလိုင် ၂၆

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)၌ လုပ်ငန်းခွင်အခြေပြု အခြေခံမော်တာစက်ချုပ်သင်တန်းဖွင့်လှစ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကျွမ်းကျင်သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်သွားရန်၊ လုပ်ငန်းခွင်နှင့်အပ်စပ်သောသင်တန်းများဖြစ်စေရန်၊ သင်တန်းပြီးဆုံးပြီး အလုပ်အကိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကိုအလုပ်သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းများဖွင့်လှစ်သင်ကြားပေးမှု၊ ပြည်ပသို့သွားရောက်လုပ်ကိုင်မည့်အလုပ်သမားများအတွက် ဆောင်ရွက်ပေးနေသော ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(Overseas Worker Identification Card-OWIC)ပြုလုပ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီဒီရေတောသစ်ပင်စိုက်ပျိုးပွဲသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



ကျွန်းစု ဇူလိုင် ၂၆

အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျွန်းစုမြို့ အမှတ်(၄)ရပ်ကွက်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ပြည်ဖြိုးထွန်းကုမ္ပဏီဝန်ထမ်းများက ဖြူးအုပ်ဆောင်း၊ ဖြူးခြေထောက်၊ လမု၊ ကနစို၊ ကျန၊ ပင်လယ်အုန်း စသည့် အပင်ပေါင်း ၁၂၂၁ ပင်ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် Royal Myeik Hotel ၌ ကျင်းပသည့် မြိတ်မြို့ဒေသဆိုင်ရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြိတ်မြို့ခရီးစဉ်ဒေသတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ချက်များနှင့် အခက်အခဲများကို အကြံပြုဆွေးနွေးတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များက တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၂၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ခိုင်ထူး (ပြန်/ဆက်)

# ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)ကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၂၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) ပတ်လမ်းများ သန့်ရှင်းသာယာရေး၊ လှိုင်နယ်မြေအတွင်းရှိ ကျောင်းသား၊ကျောင်းသူအိပ်ဆောင်၊ ဆရာ၊ ဆရာမဆောင်၊ အရာထမ်း၊အမှုထမ်းအိမ်ရာပေါင်း ၃၁ ဆောင်တွင် ရေမီးပြည့်စုံရေး၊ လုံခြုံရေး၊ သာယာရေးနှင့် ကစားကွင်းများ ဖြည့်ဆည်းရေး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ) စာသင်ဆောင်များ ဥပမိရပ်ကောင်းမွန်ရေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်(အနောက်ပိုင်း)တက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုအခမ်းအနားကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၂၆

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကိုစနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့်နည်းပညာကြောင့် မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားတရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့ပြင် Smart Meter စနစ်သို့ကူးပြောင်းနိုင်ရေးတွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင် မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခုတည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

**-လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(နေပြည်တော်)** - ၀၆၇-၃၄၁၀၀၇၂

**-ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)** - ၁၇၁၇

**-မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC)** - ၁၆၁၆

၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊

၀၂-၄၀၇၂၆၁၈ (Hot Line)

**-ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ** ၀၆၇-၃၄၁၀၄၀၇၊ ၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်ခြင်း အတတ်ပညာသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၆**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ပူးပေါင်း၍ မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်ခြင်း အတတ်ပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ်ရှိ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်သေးပညာရှင်ကြီးများ၊ သင်တန်းအတွက် ကူညီပံ့ပိုးပေးသူများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီးက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သင်တန်းအတွက် ကူညီပံ့ပိုးပေးသူများကို ကျေးဇူးတင်ဂုဏ်ပြုလွှာပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရိုးရာကြိုးဆွဲရုပ်သေးရုပ်ပြုလုပ်သင်ကြားမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား၊ သင်တန်းသူများကို အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ဧရာဝတီတိုင်းဒေသကြီး စားဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ပုသိမ် ဇူလိုင် ၂၆**

"ဧရာဝတီစားဆီဖူလုံဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့"ခေါင်းစဉ်ဖြင့် စားဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သည့် ပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စားဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးမှုနှင့် နည်းပညာများပံ့ပိုးပေးနိုင်မှု၊ ဒေသတွင်းစားဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှု၏ စိန်ခေါ်မှုများ၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင် လျော့ချရေးနည်းလမ်းများ၊ GAPလုပ်ငန်းစဉ်နှင့်အညီ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ စားဆီမူဝါဒ၊ တင်သွင်းမှုနှင့် ပြည်တွင်း စားဆီဈေးနှုန်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် စိုက်ပျိုးရေးပညာရှင်များ၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ တာဝန်ခံ၊ ဒေသတွင်းဆီစက်လုပ်ငန်းရှင်၊ ဆီထွက်သီးနှံစိုက် တောင်သူ၊ လယ်ယာထွက်ကုန်အရည်အသွေးကျွမ်းကျင်သူများက စပါးကြိတ်ခွဲမှုများမှ ထွက်ရှိလာသည့် ဖွဲနုများမှ ဖွဲနုဆီများထုတ်လုပ်နိုင်ရေး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စိုက်ပျိုးမှုများ ပိုမိုတိုးတက်လာစေရေး၊ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး၊ အရည်အသွေးပြည့်မီသည့် ဆီများကြိတ်ခွဲထုတ်လုပ်နိုင်စေရေး၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်လျော့ချရေးနည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ ခရိုင်အလိုက် အုပ်စုရှစ်ခုခွဲခြား၍ အုပ်စုအလိုက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ၊ မျိုး၊ သွင်းအားစုရယူသုံးစွဲမှု၊ ဆီထွက်သီးနှံရောင်းချနိုင်မှု၊ ဆီစက်များမှ ဝယ်ယူကြိတ်ခွဲမှု၊ ဈေးကွက်နှင့်ဈေးနှုန်း အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်နှင့် ၂၇ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယမန်နေ့က ချင်းပြည်နယ်အတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များနှင့် ကလေးမြို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ကလေး)ရှိဝန်ထမ်းများ၊သင်တန်းသူများကို သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များနှင့် ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကလေး)မှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး သင်တန်းကျောင်း အောင်ချက်ရာခိုင်နှုန်းများကောင်းမွန်စေရေး ကြိုးစားရန်မှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ■ ချန်ပီယံဆုဆွတ်ခူးမှ

ပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆုရရှိခဲ့သော YCDC Dream Team FC အသင်းမှ ကျော်ရဲသွေးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြင့်မော်က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ပြိုင်ပွဲ၏အကောင်းဆုံးလူငယ်ကစားသမားဆုရရှိသည့် Yangon Academy FC အသင်းမှ အောင်စည်ထက်ကို EABC Distribution Co.Ltd Fire Dragon မှ National Event & Activation Manager ဦးမျိုးမင်းလတ်က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆု ရရှိခဲ့သော YRG FC အသင်းမှ Wendel Mendes ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နည်းစနစ်ဒါရိုက်တာ ဦးငွေးမြင့်က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး EABC Distribution Co.,Ltd Fire Dragon မှ Marketing Director Mr. Gerald Yeo က စတုတ္ထဆုရရှိသော KSL FC အသင်းကို ဆုကြေးငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်က တတိယဆုရရှိခဲ့သော M2K FC အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း၅၀ ကိုလည်းကောင်း၊ ဒုတိယဆုရရှိခဲ့သော YRG FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၇၅သိန်းကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ထို့နောက် ချန်ပီယံဆုရရှိခဲ့သော YCDC Dream Team FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၁၀၀ကို ချီးမြှင့်ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ချန်ပီယံဆုဖလားကို ပေးအပ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

STA

## ● စုပေါင်းအမှိုက်ကောက်မှ

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့ကြာအင်းတောင် ခရီးစဉ်ဒေသ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# အမျိုးသားစည်းလုံးညီညွတ်မှုနဲ့ ထာဝရငြိမ်းချမ်းရေး အခွင့်အခါကောင်း

စစ်ပွဲတွေရဲ့အသံဟာ သေနတ်သံ၊ ဗုံးသံတွေမဟုတ်ပါဘူး။ အိမ်ပြန်မလာနိုင်တော့တဲ့ သား၊ သမီးတွေအတွက် မိခင်တွေရဲ့ ငိုရှိုက်သံ၊ ပညာသင်ယူခွင့် ဆုံးရှုံးလိုက်ရတဲ့ ကလေးငယ်တွေရဲ့ သက်ပြင်းချသံနဲ့ တိုက်ပွဲတွေကြောင့် နေရပ်စွန့်ခွာနေရသူတွေရဲ့ မျှော်လင့်ချက်မဲ့ ဆုတောင်းသံတွေပဲဖြစ်ပါတယ်။

မိမိတို့နိုင်ငံမှာ နှစ်ပေါင်းများစွာ စွဲကပ်ခဲ့တဲ့ ဒီစစ်ပွဲဒဏ်ရာတွေဟာ ပြည်သူတစ်ရပ်လုံးရဲ့ ရင်ထဲမှာ ဘယ်လိုမှမေ့ပစ်လို့မရတဲ့ အနာတရတွေအဖြစ် ကျန်ရစ်ခဲ့ပါပြီ။ စစ်ပွဲရဲ့ခါးသီးမှုကို ကိုယ်တိုင်ကြုံဖူးသူတိုင်း၊ ဒါမှမဟုတ် စစ်ရဲ့အကျိုးဆက်ကို ခံစားနေရသူတိုင်း ရင်ထဲမှာ ပြင်းပြင်းပြပြလိုလားတောင့်တနေကြတာကတော့ အခြားမဟုတ်ပါဘူး။ သေနတ်သံတွေ ဆိတ်သုဉ်းသွားပြီး စိုးရိမ်ထိတ်လန့်မှုမရှိဘဲ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်ခွင့်ရမယ့် “စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေး” ပဲ ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးရဲ့ အဓိကမဏ္ဍိုင်ကြီး (၃) ရပ်**

မြန်မာနိုင်ငံရဲ့ ခေတ်အဆက်ဆက် သမိုင်းကြောင်းကိုပြန်ကြည့်ရင် ပြည်တွင်းငြိမ်းချမ်းရေးပျက်ပြားခဲ့ရတာဟာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ ကာကွယ်ရေး အဖွဲ့အစည်းတွေကြားမှာ နိုင်ငံရေးသဘောထားနဲ့ ဦးတည်ချက်တွေ ကွဲလွဲခဲ့ကြလို့ပါပဲ။

စစ်မှန်ပြီး ထာဝရတည်တံ့တဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်ဖို့အတွက် အဓိကတာဝန်ယူဆောင်ရွက်ရမယ့် အဖွဲ့အစည်းကြီး (၃) ရပ်ကတော့ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်တို့ပဲဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းကြီးသုံးခု ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်တာ၊ အပြန်အလှန်ယုံကြည်လေးစားတာနဲ့ တူညီတဲ့ အမျိုးသားရေးဦးတည်ချက်ရှိတာတွေဟာ ထာဝရငြိမ်းချမ်းရေးဆီ လျှောက်လှမ်းတဲ့နေရာမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေဖြစ်ပါတယ်။

**သမိုင်းနောက်ခံအတွေ့အကြုံများနဲ့ ခေါင်းဆောင်မှု**

လွတ်လပ်ရေးရပြီးကတည်းက ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေး၊ လုံခြုံရေး မတည်ငြိမ်မှုတွေနဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေဟာ သမိုင်းအမွေဆိုးအဖြစ် ပါလာခဲ့ပါတယ်။ ဒီအတွေ့အကြုံတွေကပဲ တိုင်းပြည်အတွက် ကြံ့ကြံ့ခံနိုင်စေမယ့် ခေါင်းဆောင်မှုမျိုးက ဘယ်လောက်အထိ အရေးပါတယ်ဆိုတာကို သတိပြုမိစေခဲ့တာပါ။

လက်ရှိ တိုင်းပြည်ကိုဦးဆောင်နေတဲ့ နိုင်ငံတော်သမ္မတကြီးဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် သက်တမ်း (၁၅) နှစ်ခန့် အုပ်ချုပ်ကွပ်ကဲခဲ့တဲ့ အတွေ့အကြုံ ရင့်ကျက်သူဖြစ်ပါတယ်။ တပ်မတော်ကို နှစ်ပေါင်းများစွာ ဦးစီးဦးဆောင်ပြုခဲ့ဖူးတာကြောင့် ကာကွယ်ရေး၊ လုံခြုံရေး၊ တိုင်းရင်းသားအရေးနဲ့ စစ်ရေး၊ နိုင်ငံရေးသဘောသဘာဝတွေကို ထိုးထွင်းသိမြင်ပြီး ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်တဲ့ အတွေ့အကြုံအပြည့်ရှိနေတာဖြစ်ပါတယ်။

**ပြည်သူ့ကိုယ်စားလှယ်များရဲ့ တစ်ခဲနက်ထောက်ခံမှု**

ဒီမိုကရေစီစနစ်မှာ ပြည်သူ့ဆန္ဒနဲ့ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်တွေရဲ့ထောက်ခံမှုဟာ အစိုးရနဲ့ ခေါင်းဆောင်တစ်ဦးအတွက် တရားဝင်မှုကိုပေးစွမ်းနိုင်တဲ့ အဓိကစံနှုန်းဖြစ်ပါတယ်။

ရွေးကောက်ခံအစိုးရအဖွဲ့ကို စတင်ဖွဲ့စည်းစဉ်က ရွေးချယ်ခံရတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ တပ်မတော်သားကိုယ်စားလှယ်တွေအပါအဝင် ဆန္ဒမဲပေါင်း ၄၂၉ မဲနဲ့ သမ္မတကြီးကို အပြည့်အဝထောက်ခံခဲ့ကြပါတယ်။ ဒါဟာ လွှတ်တော်ထဲမှာရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်အစုအဖွဲ့အားလုံးနဲ့ တပ်မတော်သားကိုယ်စားလှယ်တွေက နိုင်ငံတော်ရဲ့ခေါင်းဆောင်အဖြစ် တစ်ခဲနက် ယုံကြည်အားကိုးစွာ တာဝန်လွှဲအပ်ခဲ့တယ်ဆိုတာ ထင်ရှားတဲ့သက်သေတစ်ရပ်ပါပဲ။

**ခိုင်မာတဲ့မူဝါဒနဲ့ အနာဂတ်ဆီလျှောက်လှမ်းမယ့် အစိုးရအဖွဲ့**

တိုင်းပြည်ငြိမ်းချမ်းရေးနဲ့ တိုးတက်ရေးကို ဆောင်ရွက်တဲ့အခါ အစိုးရအဖွဲ့ရဲ့ စွမ်းဆောင်ရည်နဲ့ တပ်မတော် (၃) ရပ်လုံးရဲ့ စည်းလုံးမှု၊ စုစည်းမှုဟာ အားအကောင်းဆုံးအခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းကြီးသုံးခုအကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ စည်းလုံးမှုအားကောင်းနေတာဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ မြန်မြန်ဆန်ဆန်အရှိန်အဟုန်ရလာဖို့အတွက် အလွန်အားကိုးဖွယ်ကောင်းတဲ့ အခြေအနေပဲဖြစ်ပါတယ်။

**“တိုင်းပြည်ကို ကောင်းစေချင်တယ်။ ကျွန်တော်တို့ နောက်ကျကျန်ခဲ့တယ်ဗျ။ ဒါစဉ်းစားကြည့်ပါ။ ကျွန်တော်တို့မှာ ခြေလှမ်းရှေ့တိုးတယ်ဆိုမှ အချုပ်အနှောင်နဲ့ ချုပ်နှောင်ထားတဲ့ ခြေလှမ်းနဲ့ ရှေ့တိုးနေရတာ။ တကယ်တော့မရောက်ဘူး။ ခုနအချုပ်အနှောင်ဆိုတာ ပြဿနာတွေနဲ့ ချုပ်နှောင်ထားတာ။ အခက်အခဲတွေနဲ့ ချုပ်နှောင်ထားတာ။ ကျွန်တော်တို့မှာ လွတ်လွတ်လပ်လပ်မရှိဘူး။ ပြောရရင်တော့ဗျာ မြင်းဖောင်းထဲကထွက်လာတဲ့မြင်းလို တစ်ခါတည်း ဝုန်းဝုန်းဝုန်းဆိုပြီး ထွက်သွားချင်တာ။ ဒီလိုသွားချင်တာ။ အခုက မသွားနိုင်ဘူး။ အတားအဆီးတွေ ရှိနေတယ်။ အဲဒီအတားအဆီးတွေက ပဋိပက္ခတွေပါ။ နိုင်ငံရေးပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်နေတယ်။ ကျွန်တော်တို့က ဒါကို ပြတ်အောင်၊ ရှင်းအောင်လုပ်ဖို့လိုတယ်။ ဒါကြောင့် ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ကျွန်တော်တို့ ပြောချင်ပါတယ်။ EAO များကို ကျွန်တော်ပြောချင်တယ်၊ တကယ်ငြိမ်းချမ်းရေးလိုချင်ရင်လာခဲ့ပါ။ ဘာကြိုတင်သတ်မှတ်ချက်မှမရှိဘဲ ကျွန်တော်တို့ဆွေးနွေးမယ် . . . ”**

ညီညွတ်မှုဟာ အလွန်အရေးပါပြီး ခေါင်းဆောင်ရဲ့ အမြော်အမြင်အပေါ်လည်း အများကြီးမူတည်နေပါတယ်။

ယခု ရွေးကောက်ခံအစိုးရအဖွဲ့ကိုလည်း လွှတ်တော်နဲ့ ပြည်သူတို့ရဲ့ ထောက်ခံမှုရရှိထားတဲ့ သမ္မတကြီးကိုယ်တိုင် ဦးဆောင်ရွေးချယ်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အတွေ့အကြုံရင့်ကျက်တဲ့ခေါင်းဆောင်က တိုင်းပြည်ရဲ့ရေရှည်အကျိုးကို မြော်တွေးပြီး စနစ်တကျရွေးချယ်ဖွဲ့စည်းထားတာမို့ အမျိုးသားရေးမူဝါဒတွေကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မယ့် အလားအလာကောင်းများ စုစည်းလျက်ရှိနေပါတယ်။

အနုတ်လက္ခဏာဆောင်တဲ့ အတိတ်က ပဋိပက္ခဒဏ်ရာတွေကိုသင်ခန်းစာယူပြီး ပြည်သူတွေလိုလားနေတဲ့ အေးချမ်းသာယာရေးကို အရောက်သွားဖို့ဆိုရင် ခိုင်မာတဲ့မူဝါဒနဲ့ ဦးဆောင်မှုရှိဖို့လိုပါတယ်။ အတိတ်က အဖွဲ့အစည်းတွေအကြား သဘောထားမတိုက်ဆိုင်လို့ ကြုံခဲ့ရတဲ့ပဋိပက္ခ သင်ခန်းစာတွေကို အခြေခံပြီး အပြုသဘောဆောင်တဲ့ လျှောက်လှမ်းမှုမျိုးကိုပဲ ပြည်သူတွေက မျှော်လင့်နေကြတာပါ။

**စည်းလုံးညီညွတ်မှုအကောင်းဆုံးအချိန်အခါ**

မြန်မာ့နိုင်ငံရေးသမိုင်းမှာ အုပ်ချုပ်ရေး (အစိုးရ)၊ ဥပဒေပြုရေး (လွှတ်တော်) နဲ့ကာကွယ်ရေး (တပ်မတော်) တို့အကြား သဘောထားကွဲလွဲမှုတွေကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ မကြာခဏပျက်ပြားခဲ့ရဖူးပါတယ်။

ဒါပေမဲ့ လက်ရှိအချိန်မှာတော့ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော် (၃) ရပ်လုံးရဲ့ စည်းလုံးမှု၊ စုစည်းမှုဟာ ...

**သမိုင်းဝင်ငြိမ်းချမ်းရေး အခွင့်အခါကောင်း**

အပြုသဘောဆောင်တဲ့ သတင်းကောင်းအနေနဲ့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဟာ ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှာ ကြေညာချက်အမှတ် (၁/၂၀၂၆) နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ဖိတ်ခေါ်ခဲ့ပြီးနောက် လက်တွေ့ကျကျတွေ့ဆုံဆွေးနွေးမှုတွေ မျက်ဝါးထင်ထင်ပေါ်ပေါက်လာခဲ့တာကို တွေ့ရပါတယ်။

ဒ့ါပြင် နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးအတွက် မည်သည့်ကြိုတင်သတ်မှတ်ချက်မှမထားဘဲ အေးချမ်းစွာဆွေးနွေးဖို့ ဖိတ်ခေါ်ထားတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကလည်း ဇွန်လ ၂၆ ရက်နေ့ကကျင်းပခဲ့တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးမှာ **“တိုင်းပြည်ကို ကောင်းစေချင်တယ်။ ကျွန်တော်တို့ နောက်ကျကျန်ခဲ့တယ်ဗျ။ ဒါစဉ်းစားကြည့်ပါ။ ကျွန်တော်တို့မှာ ခြေလှမ်းရှေ့တိုးတယ်ဆိုမှ အချုပ်အနှောင်နဲ့ ချုပ်နှောင်ထားတဲ့ ခြေလှမ်းနဲ့ ရှေ့တိုးနေရတာ။ တကယ်တော့မရောက်ဘူး။ ခုနအချုပ်အနှောင်ဆိုတာ ပြဿနာတွေနဲ့ ချုပ်နှောင်ထားတာ။ အခက်အခဲတွေနဲ့ ချုပ်နှောင်ထားတာ။ ကျွန်တော်တို့မှာ လွတ်လွတ်လပ်လပ်မရှိဘူး။ ပြောရရင်တော့ဗျာ မြင်းဖောင်းထဲက ထွက်လာတဲ့မြင်းလို တစ်ခါတည်း ဝုန်းဝုန်းဝုန်းဆိုပြီး ထွက်သွားချင်တာ။ ဒီလိုသွားချင်တာ။ အခုက မသွားနိုင်ဘူး။ အတားအဆီးတွေ ရှိနေတယ်။ အဲဒီအတားအဆီးတွေက ပဋိပက္ခတွေပါ။ နိုင်ငံရေးပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်နေတယ်။ ကျွန်တော်တို့က ဒါကို ပြတ်အောင်၊ ရှင်းအောင်လုပ်ဖို့လိုတယ်။ ဒါကြောင့် ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ကျွန်တော်တို့ ပြောချင်ပါတယ်။ EAO များကို ကျွန်တော်ပြောချင်တယ်၊ တကယ်ငြိမ်းချမ်းရေးလိုချင်ရင်လာခဲ့ပါ။ ဘာကြိုတင်သတ်မှတ်ချက်မှမရှိဘဲ ကျွန်တော်တို့ဆွေးနွေးမယ်”** လို့ ပွင့်လင်းလွတ်လပ်စွာ အလေးအနက်ကမ်းလှမ်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည် ထာဝရငြိမ်းချမ်းရေးရဖို့ဆိုတာ အခွင့်အရေးနဲ့ အချိန်အခါကောင်းကို မှန်မှန်ကန်ကန် ဆုပ်ကိုင်နိုင်ဖို့လိုပါတယ်။ အဓိကအဖွဲ့အစည်းကြီးတွေ စည်းလုံးညီညွတ်နေတဲ့ ယခုအချိန်ကာလဟာ ငြိမ်းချမ်းရေးရအောင် ကြိုးစားဖို့ အကောင်းဆုံး အခွင့်အခါကောင်းဖြစ်ပါတယ်။ ဒီလိုအဖွဲ့အစည်းကြီးတွေရဲ့ ညီညွတ်မှုနဲ့ မူဝါဒရေးရာဟန်ချက်ညီမှု ရှိနေချိန်မျိုးမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ဦးတည်ဆောင်ရွက်မယ်ဆိုရင် ရေရှည်တည်တံ့မယ့် သဘောတူညီချက်တွေကို မလွဲမသွေရရှိနိုင်မှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဒင်္ဂါးပြားတစ်ခုရဲ့ ခေါင်းနဲ့ပန်းလို ဒွန်တွဲနေတာဖြစ်ပါတယ်။ စစ်ပွဲတွေချုပ်ငြိမ်းပြီး တည်ငြိမ်သွားတဲ့အခါမှပဲ လမ်းတံတားတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ စတဲ့ တိုင်းကျိုးပြည်ပြုအခြေခံအဆောက်အအုံတွေကို ဆောက်လုပ်နိုင်မှာဖြစ်သလို ကလေးတွေရဲ့ အနာဂတ်အတွက်လည်း အာမခံချက်ရှိလာမှာပါ။ ဒါကြောင့် ငြိမ်းချမ်းရေးရရှိရေးဟာ ပြည်သူတို့ရဲ့ စီးပွားရေး၊ လူမှုရေးတိုးတက်ဖို့အတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ခုအဖြစ် မလွဲမသွေတည်ရှိနေတာပါ။

**တိုင်းရင်းသားအဖွဲ့များနဲ့ နိုင်ငံရေးပါတီများရဲ့ အခန်းကဏ္ဍ**

ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်တို့အပြင် အခြား အဓိကပါဝင်ပတ်သက်သူတွေဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးပါတီတွေရဲ့ ပူးပေါင်းပါဝင်မှုကလည်း အထူးလိုအပ်ပါတယ်။

လက်ရှိရရှိထားတဲ့ စုစည်းညီညွတ်မှုအခြေအနေကို နိုင်ငံရေးပါတီတွေနဲ့ တိုင်းရင်းသားအဖွဲ့တွေက ရိုးသားတဲ့စိတ်ရင်းနဲ့ အကျိုးရှိရှိအသုံးချနိုင်ကြမယ်ဆိုရင် ငြိမ်းချမ်းရေးကို မလွဲမသွေဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရဲ့ အကျိုးကျေးဇူးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တန်းတူညီမျှ ခံစားကြရမှာမို့ နိုင်ငံရေးအရ အမြော်အမြင်ရှိရှိနဲ့ လက်တွဲဆောင်ရွက်ကြဖို့လိုအပ်တဲ့ အချိန်ပဲဖြစ်ပါတယ်။

ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကို သွားတဲ့အခါ စေတနာမှန်ဖို့နဲ့ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ဖို့ကလည်း အရေးကြီးပါတယ်။ ပါဝင်ပတ်သက်သူအားလုံးက အတိတ်ကနာကြည်းချက်တွေနဲ့သံသယတွေကို ဘေးဖယ်ထားပြီး တိုင်းပြည်နဲ့ ပြည်သူ့အကျိုးကို ရှေ့တန်းတင် စေတနာထားဆွေးနွေးကြမယ်ဆိုရင် ဘာမဆိုကျော်လွှားနိုင်မှာသေချာပါတယ်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အနာဂတ်မျှော်လင့်ချက်**

သမိုင်းကြောင်းအရ ကြုံတွေ့ခဲ့ရတဲ့ သံသယတွေနဲ့ ပဋိပက္ခတွေကို အဆုံးသတ်နိုင်ဖို့ နိုင်ငံတော်ရဲ့အဓိကမဏ္ဍိုင်ကြီးတွေက

စာမျက်နှာ ၁၉ သို့

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့ လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးပြည်သူ့စကားဝိုင်းပြုလုပ်

မန္တလေး ဇူလိုင် ၂၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ပူးပေါင်းကျင်းပသော ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကား ဝိုင်းကို မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) ရွှေပြည့်သျှံခန်းမ၌ ယနေ့ နံနက်၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း က အမှာစကားပြောကြားပြီး တိုင်းဒေသ ကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး က စကားဝိုင်းပြုလုပ်ရခြင်းရည်ရွယ်ချက် များ ရှင်းလင်းပြောကြားသည်။



ထို့နောက် ပြည်သူ့စကားဝိုင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန တိုင်းဒေသကြီးဦးစီးမှူးက ဦးဆောင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ် စားလှယ်များဖြစ်ကြသော ဦးကျော်ဆန်း နှင့် ဦးမျိုးမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးထွန်းဝင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးလင်းဝင်းထွန်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန မြို့နယ်ဒုတိယလျှပ်စစ် မန်နေဂျာ ဦးဝေဖြိုးအောင်တို့က သက်ဆိုင်ရာဌာနများအလိုက် ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူ များက ဒေသဖွံ့ဖြိုးရေးနှင့်ရပ်ရွာအကျိုးပြု မေးခွန်းများမေးမြန်းကြရာ တာဝန်ရှိသူ များက ပြန်လည်ဖြေကြားကြသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စား လှယ်များ၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူး၊ မြို့နယ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဒေါ်စံပယ်နှင့်ဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခန့်သွင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမို့မို့နှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူး ဦးရဲထွန်းမင်းနှင့် ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

---

❑ **မုန်တိုင်းငယ်မှ**

မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်-အနောက် မြောက်ဘက် ရေမိုင် ၂၅၅ မိုင်ခန့် အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၁၀၀ ခန့်နှင့် ဆာဂါကျွန်း၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည်နောက် ၂၄ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ် (Deep Depression) အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပါရာဒစ်ရှ်မြို့နှင့် ဆာဂါကျွန်းတို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေး အန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေ ဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေ ဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

---

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

---

❖ **နေရာကွက်၍ မိုးကြီးနိုင်မှ**

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင် သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အနောက် ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက် မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း နှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ် နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော် အပ်သည်။ **(မိုး/ဇလ)**

---

**“တိုင်းပြည်တစ်ပြည်ထာဝရငြိမ်းချမ်းရေးရဖို့ဆိုတာ အခွင့်အရေးနဲ့အချိန်အခါ ကောင်းကို မှန်မှန်ကန်ကန်ဆုပ်ကိုင်နိုင်ဖို့လိုပါတယ်။ အဓိကအဖွဲ့အစည်းကြီးတွေ စည်းလုံးညီညွတ်နေတဲ့ ယခုအချိန်ကာလဟာ ငြိမ်းချမ်းရေးရအောင်ကြိုးစားဖို့ အကောင်းဆုံးအခွင့်အခါကောင်း ဖြစ်ပါတယ်။ ဒီလိုအဖွဲ့အစည်းကြီးတွေရဲ့ ညီညွတ်မှုနဲ့ မူဝါဒရေးရာဟန်ချက်ညီမှုရှိနေချိန်မျိုးမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တွေကို ဦးတည်ဆောင်ရွက်မယ်ဆိုရင် ရေရှည်တည်တံ့မယ့် သဘောတူညီချက် တွေကို မလွဲမသွေရရှိနိုင်မှာဖြစ် . . .”**

**စာမျက်နှာ ၁၈ မှအဆက်**

တစ်သံတည်းထွက်ပြီး စည်းလုံးစွာဆောင်ရွက်နေတဲ့ အခြေအနေဟာ ပြည်သူတစ်ရပ်လုံးအတွက် ကြီးမားတဲ့မျှော်လင့်ချက်ကို ပေးနေပါတယ်။

နိုင်ငံတော်ရဲ့ ရေရှည်အကျိုးကိုရှေးရှုတဲ့ ဒီစုစည်း ညီညွတ်မှုဟာ တိုင်းပြည်အတွင်း နှစ်ပေါင်းများစွာ အမြစ်တွယ်နေခဲ့တဲ့ အမုန်းတရားနဲ့ စစ်ပွဲတွေကို ချုပ်ငြိမ်းစေမယ့် အခွင့်အလမ်းဖြစ်တာ ငြင်းကွယ်လို့ မရပါဘူး။

ချုပ်ပြီးပြောရရင်တော့ ပြည်သူတစ်ရပ်လုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ကြရတဲ့ ထာဝရ ငြိမ်းချမ်းရေးပန်းတိုင်ဆီရောက်ဖို့အတွက် တကယ်ကို သမိုင်းဝင်အခွင့်အခါကောင်းတစ်ခု စတင်ပေါ်ပေါက် လို့လာပါပြီ။ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်တို့ရဲ့ ကျောက်ဆောင်ကျောက်သားပမာ ခိုင်မာမြဲမြံတဲ့ စည်းလုံးညီညွတ်မှု၊ နိုင်ငံတော်သမ္မတကြီးရဲ့ ရင့်ကျက် တဲ့ အတွေ့အကြုံကြွယ်ဝများပြားမှုတို့က ငြိမ်းချမ်းရေး ခရီးလမ်းအတွက် အားကောင်းစွာ မီးမောင်းထိုးပြ နေတာပဲဖြစ်ပါတယ်။ ဒီလို အချိန်အခါကောင်းမျိုးမှာ ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံရေးအမြော် အမြင်အပြည့်နဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ လက်တွဲဆောင်ရွက်ရင်း စစ်မှန်တဲ့ငြိမ်းချမ်းရေး သမိုင်းသစ်ကို တန်းတူညီမျှ အတူတကွရေးထိုးသွား ကြပါစို့လို့ အလေးအနက်ထား တိုက်တွန်းနှိုးဆော် လိုက်ရပါတယ်။ ။

**မောင်ရင်သွေး**

## လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက်(ဂျင်ခုံ)များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအားတစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးဈေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး(MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များတည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများလျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့်စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။



**ရှေ့ဖုံးမှအဆက်**

အခမ်းအနားကိုဖွင့်လှစ်ပေးခဲ့ပြီး ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများကို ကံစမ်းမဲများ ဖောက်ပေးခဲ့သည်။ ဆက်လက်၍ပွဲတော်လာရောက်လည်ပတ်ကြသူများကို ဒေသရိုးရာအစားအစာများ ပြင်ဆင်ချက်ပြုတ်၍ မိတ်ဆက်ညှော်ခံကျွေးမွေးခဲ့သည်။

အဆိုပါ မြန်မာ့ရိုးရာအစားအစာ ပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (Tastes of the Golden Land-2026)သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုတစ်ခုဖြစ်သည့် မြန်မာ့ရိုးရာ အစားအသောက်များကို နိုင်ငံတကာ အဆင့်မီတည်ခင်းညှော်ခံနိုင်ရန်၊ မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့်ကျင်းပသော အနက်အဓိပ္ပာယ်ရှိလှသည့် ပြိုင်ပွဲနှင့်ပြပွဲကြီးတစ်ခုဖြစ်ပြီး ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်ထိကျင်းပခဲ့သည်။

ထို့ပြင် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ ချက်ပြုတ်တည်ခင်းညှော်ခံနိုင်ရန် ပြိုင်ပွဲပြုလုပ်ရုံသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဒေသထွက်အစားအစာများ၊ ဒေသရိုးရာအစားအစာများ၊ ကော်ဖီ၊ လက်ဖက်စသည့် ထုတ်ကုန်များကိုပါ တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူစားသောက်နိုင်အောင် ပြသခြင်း၊ ရောင်းချခြင်းတို့ကိုလည်း အရောင်းပြခန်းပေါင်း ၁၂၀ ဖြင့် ပြသရောင်းချပေးလျက်ရှိပြီး ပွဲတော်သို့လာရောက်လည်ပတ်လေ့လာသူများဖြင့် အထူးပင်စည်ကားခဲ့ကြောင်း သတင်းရရှိသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

**စိုက်ပျိုးပြီးစီးမှ**

ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် စပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ဧက ၂၆၉၀၊ ဆွမ္မရာမြို့တွင် ၁၁၂၅ ဧက၊ လဟယ်မြို့နယ်တွင် ၅၅၇၈ ဧက၊ ထန်ပါခွေမြို့တွင် ၁၄၈၈ ဧက၊ နန်းယွန်းမြို့နယ်တွင် ၂၀၂၈ ဧက၊ ဒုံဟီးမြို့တွင် ၄၅၅၅ ဧကနှင့် ပန်ဆောင်မြို့တွင် ၂၀၇၂ ဧက စုစုပေါင်း ၁၉၅၃၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း တိုင်းဒေသကြီးဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## ၂၀၂၆ ခုနှစ် ဇူလိုင် ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# 'မှို' သို့မဟုတ် 'သဘာဝကပေးသည့် ထူးခြားသော လက်ဆောင်'



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ခုနှစ် ၊ မေလ)

၁

## သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်



'မှို'သည် ကယ်လိုရီဓာတ် နည်းပါးစွာ ပါဝင်၍ ပရိုတင်းဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်များနှင့် သတ္တုဓာတ်များ ကြွယ်ဝသော သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်ဖြစ်ပါသည်။

## မှို၏ အာဟာရတန်ဖိုးများ

မှို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် -

- ကယ်လိုရီ (၂၂) မှ (၃၅) ကယ်လိုရီခန့်၊
- ရေဓာတ် (၈၀) မှ (၉၀) ရာခိုင်နှုန်းခန့်၊
- အသားဓာတ် (၃.၁) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်စစ်များစွာပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့် (အဆီဓာတ်နှင့် ကိုလက်စထရောအဆီများ ပါဝင်မှုနည်းပါးပါသည်)၊
- အမျှင်ဓာတ် (Fiber) (၁) မှ (၂) ဂရမ်ခန့်တို့ ပါဝင်ပါသည်။

၂

## မှိုတွင်ပါဝင်သော အာဟာရဓာတ်များ

- ဗီတာမင် ဒီ၊
- ဗီတာမင် ဘီအုပ်စု (Riboflavin - B2၊ Niacin - B3 ၊ Pantothenic Acid - B5)၊
- ဆီလီနီယမ်၊
- ပိုတက်စီယမ်၊
- ကြေးနီသတ္တုဓာတ်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione၊
- အမျှင်ဓာတ် (Beta-glucans) တို့ ပါဝင်ပါသည်။



၃

## မှို၏ ကျန်းမာရေးအကျိုးကျေးဇူးများ

- ဗီတာမင် ဒီ နှင့် ဗီတာမင် ဘီအုပ်စုသည် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ထုတ်လုပ်မှုနှင့် အာရုံကြောစနစ်အတွက် အထူးကောင်းမွန်ပါသည်၊
- ဆီလီနီယမ်သည် ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပါသည်၊
- ပိုတက်စီယမ်နှင့် ကြေးနီသတ္တုဓာတ်များသည် သွေးပေါင်ချိန်ထိန်းညှိခြင်း၊ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း၊ သွေးနီဥဆဲလ်များ ဖြစ်ပေါ်စေခြင်းနှင့် အရိုးများခိုင်မာစေခြင်းတို့အတွက် ကူညီပေးပါသည်၊
- ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ (Antioxidants)ဖြစ်သည့် Ergothioneine နှင့် Glutathione သည် ဆဲလ်များရောင်ရမ်းမှုနှင့် ပျက်စီးမှုကို ကာကွယ်ပေးပါသည်၊
- အမျှင်ဓာတ် (Beta-glucans) သည် သွေးတွင်း အဆီဓာတ်ကို လျှော့ကျစေပြီး ကိုယ်ခံအားကို အားကောင်းမွန်စေပါသည်၊
- အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် လူ၏ အစာချေစနစ်ကို အထောက်အကူပြုပါသည်။

၄

## မှို၏ အသုံးဝင်မှုများ

ဆေးဖက်ဝင်မှိုများ၏ ထူးခြားချက်

**လင်ဇီးမှို (Reishi)** - သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် အသည်းရောဂါများအတွက် ဆေးဖက်ဝင်ပါသည်။

**ကောက်ရိုးမှို** - နှလုံးအားကောင်းစေပြီး အပူငြိမ်းစေပါသည်။

**ကြွက်နားရွက်မှို (Wood Ear)** - သွေးကြောပိတ်ခြင်းကို ကာကွယ်ပေးပြီး ဝမ်းမှန်စေရန် အသုံးပြုလေ့ရှိပါသည်။

သဘာဝအချိုမှုန့် - မှိုကို "မှိုဟင်းခတ်မှုန့်" အဖြစ် ထုတ်လုပ်နိုင်ပြီး အချိုမှုန့်အစားထိုးပစ္စည်း အဖြစ် အသုံးပြုနိုင်ပါသည်။

အသားဓာတ်နှင့် ဗီတာမင်ဓာတ်များစွာ ပါဝင်သောကြောင့် အသားမစားသူ (သက်သတ်လွတ်စားသူ)များအတွက် အလွန်သင့်တော်ပါသည်။

၅

## သတိပြုရမည့်အချက်များ

- ဂေါက်ရောဂါ၊ အဆစ်ရောင်ဝေဒနာရှင်များ၊ ယားယံတတ်သော အရေပြားရောဂါနှင့် အစာအိမ်လေထိုးလေအောင့် ဖြစ်တတ်သူများအနေဖြင့် မှိုကိုသတိပြု၍ စားသုံးသင့်ပါသည်။
- စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားသောမှို (ဥပမာ- ကောက်ရိုးမှို၊ ငွေနှင်းမှို) များကိုသာ စားသုံးသင့်ပါသည်။

အဆိပ်ရှိသောမှိုနှင့် စားသုံးနိုင်သောမှိုကို ခွဲခြားရန် ခက်ခဲနိုင်သောကြောင့် **တောတွင်း အလေ့ကျပေါက်သည့်မှိုများကို အလွယ်တကူ ခူးဆွတ်မစားသုံးမိရန်** အထူးသတိပြုရမည်။




၆

**မှိုတွင် အာဟာရတန်ဖိုးများစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန်တိုက်တွန်းမျှဝေပါ။**




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံ မဖြိုဖျက်မီ တွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှု တွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် နောက်ဆုံးကျန်ရှိသည့် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရာနှုန်းပြည့်ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းသိရသည်။ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ ၇၇ လုံးကို ၂၀၂၆ ခုနှစ် မေ ၂၅ ရက်မှစ၍ ယာဉ်ယန္တရားများ အသုံးပြု၍လည်းကောင်း၊ ဖောက်ခွဲ၍လည်းကောင်း ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ဖြိုချဖျက်ဆီးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅ဝ၁)

## ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမေဉ်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

### ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ဒန်နူဘီမြစ်ရေကျဆင်းမှုကြောင့် ဆားဘီးယားနိုင်ငံ၏ အကြီးမားဆုံး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ လျှပ်စစ်ထုတ်လုပ်နိုင်မှု အခက်အခဲရှိလာ



ဘဲလ်ဂရိတ် ဇူလိုင် ၂၆

ဆားဘီးယားနိုင်ငံ၏ လျှပ်စစ်စွမ်းအင်အတွက် အားအထားရဆုံးသော ဒန်နူဘီမြစ်ရေကျဆင်းနေမှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု အခက်အခဲများရှိလာကြောင်း ဆားဘီးယားရေထုအရင်းအမြစ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ဆားဘီးယားနိုင်ငံ၏ အကြီးဆုံးသော ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံဖြစ်သည့် Djerdap 1 စက်ရုံတွင် ပုံမှန်ထုတ်လုပ်နိုင်သည့် လျှပ်စစ်စွမ်းအင်ပမာဏထက် သုံးဆ လျော့နည်းနေပြီဖြစ်ကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ရုံသည် ၁၉၇၀ ခုနှစ်က စတင်လည်ပတ်နေသည့် စက်ရုံဖြစ်ပြီး ဆားဘီးယားနိုင်ငံအတွက် လိုအပ်နေသည့် လျှပ်စစ်စွမ်းအင်ကို အဓိက ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဒန်နူဘီမြစ်ရေ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒန်နူဘီမြစ်ရေ စံချိန်တင်ကျဆင်းနေပါတယ်။ ရေထုအရင်းအမြစ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ပြုစုထားတဲ့ မှတ်တမ်းတွေအရ ဒန်နူဘီမြစ်ရေဟာ အခုလောက်ထိ တစ်ကြိမ်တစ်ခါမှ ကျဆင်းခဲ့ဖူးခြင်းမရှိသေးပါဘူး။ ပုံမှန်အတိုင်း လျှပ်စစ်စွမ်းအင် ထုတ်လုပ်နိုင်မှု မဖြစ်နိုင်တော့တဲ့ အတွက်ကြောင့် လျှပ်စစ်စွမ်းအင်တွေ ချွေတာသုံးစွဲဖို့လိုအပ်နေပါတယ်"ဆားဘီးယားရေထုအရင်းအမြစ် စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ယခုနှစ်အတွင်း ပြင်သစ်နိုင်ငံတစ်ဝန်း၌ တောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောမြေဧရိယာ ဟက်တာ ၉၈၀၀၀ ကျော် ပျက်စီးခဲ့

ပဲရစ် ဇူလိုင် ၂၆

ယခုနှစ်အတွင်း ပြင်သစ်နိုင်ငံတစ်ဝန်း၌ တောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောမြေဧရိယာ ဟက်တာ ၉၈၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း ပြင်သစ်အာဏာပိုင်များက ယနေ့တွင်ပြောကြားခဲ့ကြောင်း သိရသည်။

ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ ဂျီရွန်၊ လန်းနှင့် ဗားပြည်နယ်တို့တွင် တောမီး လောင်ကျွမ်းမှုများစွာ ဆက်လက်ဖြစ်ပွားနေပြီး အချို့မီးလောင်မှုများကို အပြည့်အဝ ထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

တောမီးများ အရှိန်အဟုန်ဖြင့် ပျံ့နှံ့နေသဖြင့် ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်း ဒေသများတွင် လူအများအပြားကို ဘေးလွတ်ရာသို့ အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ တောမီးကြောင့် ဂျီရွန်ပြည်နယ် တစ်ခုတည်းတွင်ပင် ဒေသခံ ၅၇၀၀၀ ခန့်ကို ညတွင်းချင်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး လက်ရှိ



အချိန်ထိ တောမီးကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသူ စုစုပေါင်းမှာ ၁၆၇၀၀၀ ထိ ရှိလာခဲ့ကြောင်း သိရသည်။

ပြင်သစ်အာဏာပိုင်များက တောမီး လောင်ကျွမ်းမှုများကို ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ၊ လေကြောင်းမီးငြိမ်းသတ်ရေး လေယာဉ်များနှင့် ကယ်ဆယ်ရေး အင်အားများကို တိုးမြှင့်ချထားပြီး ပြည်သူများကို အာဏာပိုင်များ၏ ညွှန်ကြားချက်များကို လိုက်နာကာ အန္တရာယ်ရှိသော ဒေသများသို့ မဝင်ရောက်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ပြင်သစ်နိုင်ငံနှင့် လူဇင်ဘတ်နိုင်ငံတို့တွင် စတုတ္ထအကြိမ်မြောက်အပူလှိုင်း ထပ်မံဖြတ်သန်းမည်ဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်

ဂျီနီဗာ ဇူလိုင် ၂၆

ပြင်သစ်နိုင်ငံနှင့် လူဇင်ဘတ်နိုင်ငံတို့တွင် ၂၀၂၆ ခုနှစ်အတွင်း စတုတ္ထအကြိမ်မြောက် အပူလှိုင်း ထပ်မံ ဖြတ်သန်းမည်ဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြ ထားသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မှာ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း၊ ယခုတစ်ကြိမ် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုဖြင့် ကာလရှည်ကြာစွာ ရင်ဆိုင်သွားရနိုင်ကြောင်း၊ ပြင်သစ်နိုင်ငံတွင် အပူချိန် ပမာဏ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပြီး လူဇင်ဘတ်နိုင်ငံတွင် ၃၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း၊ ပြင်သစ်နိုင်ငံတွင် ၂၀၂၆ ခုနှစ် နွေရာသီကာလအတွင်း အပူလှိုင်းဖြတ်သန်းမှု သုံးကြိမ်ဖြစ်ပေါ်ခဲ့ပြီး အပူလှိုင်း ဖြတ်သန်းမှုကြောင့် တောမီးလောင်ကျွမ်းမှုဖြင့် မကြာခဏ ရင်ဆိုင်နေရကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ပြင်သစ်နိုင်ငံနဲ့ လူဇင်ဘတ်နိုင်ငံတွေမှာ လာမဲ့ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေပါတယ်။ အပူလှိုင်းဖြတ်သန်းမယ်ဆိုရင်တော့ ၂၀၂၆ ခုနှစ်အတွင်း စတုတ္ထအကြိမ်မြောက် အပူလှိုင်းဖြတ်သန်းခြင်းဖြစ်ပါတယ်။ အပူချိန်ပမာဏဟာ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပါတယ်"ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO) မှ တာဝန်ရှိသူတစ်ဦးက သတိပေးပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ချီနပ်မြစ်ရေ လျှံတက်မှုကြောင့် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းနေရ

အစ္စလာမ်မာဘတ် ဇူလိုင် ၂၆

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့် ချီနပ်မြစ်ရေ လျှံတက်မှုဖြစ်ပေါ်နေပြီး ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း နေရှင်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ(NDMA)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းနေဆဲဖြစ်သည့်အတွက်ကြောင့် အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ရနိုင်ကြောင်း၊ ဖြစ်ပေါ်နေသည့် မြစ်ရေလျှံတက်မှု အခြေအနေအရ အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုဖြစ်သွားနိုင်ကြောင်း၊ ပါကစ္စတန်နိုင်ငံဘက်ခြမ်းတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသော်လည်း အိန္ဒိယနိုင်ငံဘက်ခြမ်းတွင် ရေကြီးရေလျှံမှု မဖြစ်သေးကြောင်း NDMA က ထုတ်ပြန်သွားခဲ့သည်။

"ချီနပ်မြစ်ဟာ မိုးသည်းထန်စွာရွာသွန်းလို့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ပန်ဂျပ်ပြည်နယ်မှာ ရေကြီးရေလျှံမှုကြောင့် ဒေသခံတွေ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ ချီနပ်မြစ်အနီးမှာနေထိုင်တဲ့ ဒေသခံတွေ အနေနဲ့ ရေဘေးအန္တရာယ် သတိပေးချက်တွေကို အထူးသတိထားဖို့ သတိပေးပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူတွေကိုလဲ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်။ နောက်ထပ် ဘေးလွတ်ရာရွှေ့ပြောင်းဖို့လဲရှိပါတယ်။ ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါမယ်"ဟု နေရှင်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ(NDMA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ်တွင် မြေပြိုကျမှုဖြစ်ပွားခဲ့

ပေကျင်း ဇူလိုင် ၂၆

တရုတ်နိုင်ငံ မြောက်ပိုင်း ရှန်ရှီးပြည်နယ်တွင် မြေပြိုကျမှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြေပြိုကျမှုမှာ ဇူလိုင် ၂၅ ရက် ညနေ ၆ နာရီ ၄၉ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မြေပြိုကျမှုကြောင့် လူငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒေသဆိုင်ရာအာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအပါအဝင် ကယ်ဆယ်ရေးဝန်ထမ်း ၅၅၀ ကျော်ကို စေလွှတ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှုဗျူရို၏အဆိုအရ မြေပြိုကျမှုအတွင်း ပိတ်မိနေသူ ရှစ်ဦးရှိပြီး ၎င်းတို့အားလုံးကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ငါးဦးမှာသေဆုံးခဲ့ကြောင်း၊ ကျန်သုံးဦးကို ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသပေးထားရာ ကျန်းမာရေးအခြေအနေ တည်ငြိမ်လျက် ရှိကြောင်းလည်း သိရသည်။

ထို့ပြင် ကရိန်းများ၊ ဒရုန်းများနှင့် အသက်ကယ်ကိရိယာများ အပါအဝင် ကယ်ဆယ်ရေး ပစ္စည်းကိရိယာ ၁၃၀ ကျော်ကို အသုံးပြု၍ မြေပြိုကျရာနေရာကို ရှင်းလင်း၍ ပိတ်မိသူများရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



ဝတ္ထုတိုကဏ္ဍ

# ဆုံမှတ်ဟာတစ်ခုတည်း

## နွေကုံကျော်(မြို့လှ)



ယမန်နေ့မှအဆက်

မိသားစုဝင်ဟူ၍မရှိသော ဦးအောင်နိုင်၏ အလောင်းကို နီးစပ်ရာ မိတ်သင်္ဂဟများနှင့် တာဝန်ရှိသူတချို့က ဆောင်ရွက်စရာရှိသည်များ ပြုပေးကြ၏။ ဆရာတော်သုံးပါးကြွလာပြီး တရားပေးလေသည်။

မိနစ် ၂၀ မျှပင်မကြာလိုက်။ ငိုမည့်သူမရှိ၊ အလောင်းနား မခွာရက်နိုင်ဖြစ်နေသူလည်း မရှိ၊ ဓာတ်ပုံရိုက်မည့်သူမရှိ၊ ဝန်ထမ်းများက တွန်းလှည်းဖြင့်တွန်းကာ စောစောက ရှေ့နေကြီးကို မီးသင်္ဂြိုဟ်ခဲ့သောစက်ထဲသို့ ထပ်မံပို့ဆောင်ကြသည်။ ကိစ္စပြီးသော် အားလုံးပြန်ရန်ပြင်၏။

"ကိုနေသစ် အမျိုးသမီးကော ကျန်းမာရေးကောင်းတယ်မဟုတ်လား"

ပြန်ခါနီး ဒေါ်ဝင်းက နှုတ်ဆက်သည်။

"တိုးတော့တိုးတက်လာပါပြီ ဒေါ်ဝင်းရေ၊ ဆေးတော့ ပုံမှန်သောက်နေဆဲပေါ့"

"အိမ်ကလူကတော့ ထုံးစံအတိုင်းပါပဲလေ၊ ဒါနဲ့ ကိုနေသစ် မပြန်သေးဘူးလား"

အေးအေးလူလူလုပ်နေသော သူ့ပုံကို ကြည့်ပြီး ဒေါ်ဝင်းက မေး၏။

"ဟုတ်တယ် ဒေါ်ဝင်း၊ နောက်ထပ်နာရေး နှစ်ခု ကျန်သေးတယ်။ တစ်ရက်တည်းကို အဲဒီလို တိုက်တိုက်ဆိုင်ဆိုင်"

ဒေါ်ဝင်းက သူ့အကျင့်အတိုင်း ခေါင်းခါလျက် နှုတ်ဆက်ကာထွက်သွားလေသည်။ ဟော ပြောရင်းဆိုရင်း ဆရာမကြီး ဒေါ်ကြင်ကြင်၏ နိဗ္ဗာန်ယာဉ် ရောက်လာပါပြီ။ ရှေ့အဖွဲ့မရှိတော့ပြီမို့ ဇရပ်ဘေးမှာ တစ်ခါတည်းလာရပ်သည်။ ပါလာသည့်ကားများကို ပါကင်မှာ သွားထိုးကြပြန်သည်။ သည်တစ်ခါတော့ စောစောက ဘုန်းကြီးတွေမဟုတ်ကြ၊ အမေနှင့် အစ်မတို့ကိုတွေ့သဖြင့် နေသစ် လက်ပြလိုက်သည်။

လုပ်ရိုးလုပ်စဉ်အတိုင်းပဲ ဝန်ထမ်းလေးများက အခေါင်းကို ဇရပ်ထဲပို့သည်။ ဘုန်းကြီးများ ကြွလာသည်။ ဘုန်းကြီးများအတွက် လှူဖွယ်ပစ္စည်းများကို ဆရာမကြီးမိသားစုဝင်များက ကပ်ကြသည်။ ခဏကြာသော် တရားပေး၏။

"နာရေးမှာ ကားတွေက ဘယ်နှစီးလိုက်ပို့တာ၊ လူတွေကြိတ်ကြိတ်တိုးတာ၊ ဒါတွေက အသေမြတ်စေတဲ့အရာတွေမဟုတ်ဘူး။ နာရေးလိုက်ပို့တာ အရှင်းတွေနဲ့ သင်္ချိုင်းထဲက မပြန်သွားကြနဲ့။ ကိုယ့်အတွက် ဘာတွေအမြတ်ကျန်မလဲ၊ မသေခင် ဘာတွေလုပ်ဖို့လိုသလဲဆိုတဲ့ တရားဓမ္မအသိစိတ်ကလေးတွေနဲ့ ပြန်သွားကြဖို့လိုတယ်"

အငြိမ်းစားကျောင်းဆရာမကြီး၏ နာရေးမို့ လိုက်ပို့ကြသည့် တပည့်များက အတော်အသင့်ရှိကြသည်။ ဆရာမကြီးက အပျိုကြီး၊ ညီမဖြစ်သူက မွေးသည့်တူမလေးကို အချစ်ပိုကာ မြေးတူမလေးကို သူ့အမွေများပုံပေးခဲ့၏။ အနှစ်နှစ်အလလ မစားနိုင် မသောက်နိုင် ယုတ်စွအဆုံး အလှူအတန်းပင် မရက်ရောနိုင်ဘဲ မီးခံသေတ္တာထဲ ကျန်ရစ်ခဲ့သမျှ မြေးတူမပိုင်ဆိုင်ခွင့်ရအောင် ဖန်တီးသွားသူ ဆရာမကြီး ဒေါ်ကြင်ကြင်။

အငြိမ်းစားယူပြီးနောက် အခါကြီးရက်ကြီး၊ ဝါတွင်းအခါသမယ ဥပုသ်သီလဆောက်တည်ခဲ့ခြင်းများသည် မည်သည့်အတွက်ဖြစ်ပါသနည်း ဆိုသည်ကို နေသစ်တွေးဆ၍မရ။ နာရီဝက်မျှပဲ ကြာလိုက်သည်။ ဆရာမကြီး ဒေါ်ကြင်ကြင်အလှည့်ပြီး၏။

၁၅ နှစ်အရွယ်ခန့်ရှိတော့မည့် မြေးတူမလေးမှာ ငိုလိုက်သည်မှာ အူလှိုက်သည်းလှိုက်။ အခေါင်းတွန်းလှည်းအနားက မခွာနိုင်ဘဲ တရှေ့ရှေ့လိုက်သည်။ ဆရာမကြီးမှာ ညီအစ်မသုံးယောက်ရှိပြီး သူက အကြီးဆုံးဖြစ်သလို အိမ်ထောင်လည်းမထူခဲ့။ ချုပ်ငြိမ်းသွားသော ခန္ဓာတစ်ခုသည် ရှေ့လူတွေလို မီးသင်္ဂြိုဟ် စက်ထဲဝင်ဖို့ အသင့်ရှိနေလေပြီ။

"ကဲ... အဘွားကို ဖြောင့်ဖြောင့်သွားပါစေတော့ သမီးရယ်"

မိခင်ဖြစ်သူ၏ နှစ်သိမ့်ဖျောင်းဖျမှုကြောင့် ကလေးမလေးနောက်သို့ဆုတ်သည်။ ဆက်လုပ်ကြပါတော့ဟူသည့်သဘော။ ဝန်ထမ်းလေးများက သူတို့တာဝန် သူတို့ဆက်လက်ထမ်းဆောင်ကြလေပြီ။ မိုးစဲပြီး နေရောင်ပွင့်လာသည်။

ထိုအခိုက်မှာပဲ "ဂျိမ်း"ခနဲ တံခါးပိတ်သံထွက်ပေါ်လာသည်။ ကျန်ရစ်သူအားလုံး မီးခိုးခေါင်းတိုင်ဆီ ဝမ်းနည်းခြင်းမျက်ဝန်းကိုယ်စီဖြင့် မျှော်တလင့်လင့် ကြည့်နေကြသည်။

မကြာပါချေ ဆရာမဒေါ်ကြင်ကြင်၏ ရုပ်အလောင်းက ခေါင်းတိုင်မှ အခိုးအငွေ့များအဖြစ် ထွက်ပေါ်လာ၏။ အားလုံးပြန်သွားကြသော် ရုံးခန်းထဲမှာ ခဏသွားထိုင်လိုက်သည်။ ရာထူးစုံ၊ အဆင့်စုံ နယ်ပယ်စုံမှ ကွယ်လွန်ခဲ့ကြသူများအတွက် ရည်ရွယ်လှူဒါန်းပါသည်ဟူသော ကမ္ပည်းမှတ်တမ်းလေးများက နံရံထက်တွင် စီရရီချိတ်ဆွဲလျက်။ နံရံပေါ်မှ နာရီဆီ အကြည့်ရောက်တော့ ၁၁ နာရီတိတိကို ညွှန်ပြနေလေသည်။

ဒါဆို ဒေါ်သက်သက်၏ ခမည်းခမက်ဖြစ်သူ ဦးထွန်းကျော်အလှည့်ရောက်လာဖို့နီးပြီ။ ဦးထွန်းကျော်ကလည်း ဌာနဆိုင်ရာတစ်ခုမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် အငြိမ်းစားယူခဲ့သူဖြစ်၏။ တပည့်တပန်းပေါများပြီး အလုပ်လုပ်ရာတွင် တိကျပြတ်သားသူ၊ အဂတိတရား ကင်းရှင်းသူဟု ဒေါ်သက်သက်ဆီက တစ်ဆင့်ပြန်ကြားရသည်။

မလုပ်မရှုပ်မပြုတ်သူဖြစ်စေ၊ အဂတိကင်းသည်ဖြစ်စေ မကင်းသည်ဖြစ်စေ၊ ရေသာခိုသည်ဖြစ်စေ မခိုသည်ဖြစ်စေ၊ ခြွေရံပေါသည်ဖြစ်စေ မပေါသည်ဖြစ်စေ အချိန်တန်လျှင် မြေကြီးအောက်ဝင်ချင်လျှင်ဝင်၊ မဝင်လိုက ၁၀ ပေပတ်လည်အခန်းကျဉ်းလေးထဲမှာ လောင်မြိုက်ခြင်းခံရမည်က အတူတူသာ။

ဟော...ယခုတစ်ခါ ကားတန်းကြီးက ရှေ့နေကြီး အလှည့်တုန်းကလိုပဲ ပါကင်ပြည့်လုနီးနီး။ ကားတွေကလည်း မော်ဒယ်နိမ့်မှဟူ၍ အနည်းစုမျှသာတွေ့ရ၏။ ဇရပ်အတွင်း ပြင်ကြဆင်ကြသည်။ ကျန်ရစ်သူမိသားစုဝင်များက ယပ်တောင်၊ ရေဘူး၊ ဆပ်ပြာထုပ်များ ကမ်းကြသည်။ ထို့နောက် နာရေးတစ်ခုအတွက် လုပ်ဆောင်ဖွယ်ရာကိစ္စများကို အစီအစဉ်အတိုင်း ဆောင်ရွက်သွားကြပြန်သည်။

ယခုမှ အငြိမ်းစားယူပြီးစရှိသေးသည်မို့ အေးအေးလူလူ သားသမီးမြေးမြစ်တို့ဖြင့် နားရမည့်အချိန်။ သေမင်းက အချိန်အခါရွေးသည်မဟုတ်။ အားလုံးကိုယ့်အထုပ်ကိုယ်ပိုက် အသင့်ပြင်ထားနိုင်ရန်၊ သားသမီးတွေ မိဘကျေးဇူးသိတတ်ရန်၊ မသေခင်မှာ ကျေးကြ၊ မွေးကြရန် ဆရာတော်က ဥပမာသာဓက စုံလင်စွာ တရားပေးသည်။

ဆရာတော်တရားပေး၍သာ တရားနာကြရသည်။ သို့သော် မည်သူမျှ တရားအစစ်အမှန်ကို ကျင့်ကြံအားထုတ်ခြင်းမပြုနိုင်သေး။ လောဘ၊ ဒေါသ၊ မောဟများဖြင့် ရှင်သန်နေဆဲအချိန်များကို ကုန်ဆုံးနေကြဦးမည်သာ။ ဒါက မျက်စိထဲမြင်တွေ့နေရသည့်အပေါ် နေသစ် သုံးသပ်မိခြင်း။

မီးသင်္ဂြိုဟ်စက်အတွင်း ဦးထွန်းကျော်အလောင်းကိုသွင်းလိုက်ပြီးသည်နှင့် တံခါးပိတ်သွားသည်။ တစ်မနက်အတွင်း လေးယောက်မြောက် ခန္ဓာချုပ်ငြိမ်းခြင်း။ မနက်ပိုင်းမှာပဲ အားလုံးတစ်ပြိုင်တည်းကိစ္စပြီး၍တော်တော့သည်။ မဟုတ်လျှင် သွားလိုက်ပြန်လိုက် နာရေးပို့နေရမည့်သူ့အတွက်မလွယ်။ ပြန်ခါနီးမှာ ဒေါ်သက်သက်က ရက်လည်ဆွမ်းသွတ်အတွက် တစ်ခါတည်းဖိတ်သွားသည်။

"ဖိတ်စာသီးသန့်တော့ မပို့တော့ဘူး ကိုနေသစ်၊ လိုင်းပေါ်ကနေပဲတင်လိုက်တော့မယ်။ လာမဲ့ဗုဒ္ဓဟူးနေ့မှာ ရက်လည်ဆွမ်းသွတ်လုပ်ပါ့မယ်"

ရုံးဖွင့်ရက်ဖြစ်သော်လည်း "လာခဲ့ပါ့မယ်" ဟု အကြောင်းပြန်လိုက်သည်။

အားလုံးပြန်ကြလေပြီ။ သူလည်း အခုနေ့တစ်ဝိုင်းမှာကို မသာတစ်ခေါက် ကျောင်းဆယ်ခေါက် စကားအရ ကျောင်းအခေါက်သုံးဆယ်နှင့်ညီမျှ ခဲ့ချေပြီ။

နေရာ၊ ရာထူး၊ ဥစ္စာ၊ အခွင့်အလမ်းများအတွက် ပြေးကြလွှားကြ၊ တွန်းကြထိုးကြ၊ တစ်ထွာသော ဝမ်းအတွက် ရှာလိုက်ရဖွေလိုက်ရ၊ မစားမသောက်ရက်စုလိုက်ကြဆောင်းလိုက်ကြ၊ ကျောတစ်ခင်းစာလုံခြုံဖို့ မြေကေပေါင်းများစွာ ရှာကြ ဖွေကြ။ ထိုသို့ ရှာဖွေနေရင်းမှာပဲ ဆန့်ကျင်ဘက်များ ထိပ်တိုက်ဆုံလာသည့်အခါ တုတ်တုတ်ချင်း၊ ဓားဓားချင်းဆိုတာတွေ ပေါ်လာခဲ့ကြ၊ ထို့မျှမက တည့်တည့်သော်လည်းကောင်း၊ နောက်ကျောမှသော်လည်းကောင်း ချိန်ရွယ်ထိုးနှက်မှုများကလည်း မမြင်မတွေ့ချင်မှ အဆုံး။

ဆိုင်ကယ်စီးရင်း တွေးလာသောအတွေးများသည် ပုဗ္ဗသီရိမီးပွိုင့်အရောက်တွင် ရှေ့တူရူဆီမှလာနေသော နိဗ္ဗာန်ယာဉ်တစ်စီးကြောင့် ရပ်တန့်သွားရလေသည်။ သူ ဆိုင်ကယ်ကို ခဏရပ်လိုက်၏။ သူ့ဘေးက နိဗ္ဗာန်ယာဉ်ဖြတ်စဉ် "မောင်သီဟဦး၊ အသက်(၁၁)နှစ်"ဟူ၍ တွေ့ရသဖြင့် ထိတ်လန့်သွားမိ၏။

အသက်အရွယ်မရွေး ကိုယ်တွေနှင့်အနီးလေးမှာ ရှိနေသည့် သေမင်းကို သူအပါအဝင် အတော်များများ မေ့ထားကြသည်။ သုံးဘီးတစ်စီး၊ ဟိုက်ဂျက်တစ်စီး၊ ဆိုင်ကယ်သုံးလေးစီး လိုက်လံပို့ဆောင်ကြသည်ကို ကြည့်ခြင်းအားဖြင့် နာရေးအခင်းအကျင်းကို သူသိလိုက်ပါပြီ။

နောက်ဆုံးဆိုင်ကယ် သူ့ဘေးကဖြတ်သည်နှင့် သက်ပြင်းတစ်ချက်ချလိုက်မိသည်။ ထို့နောက် ဆိုင်ကယ်ကို မောင်းထွက်လိုက်သည်။ ရှေ့တူရူကို အာရုံစိုက်နေသည့်ကြားက သူ့မျက်ဝန်းထဲမှာ ၁၀ ပေပတ်လည် အခန်းကျဉ်းလေးနှင့် ခေါင်းတိုင်ထိပ်မှ အခိုးအငွေ့များက ထင်ဟပ်လိုက်ပါနေဆဲသာ...။

❖ ဆိုင်ကယ်စီးရင်း တွေးလာသောအတွေးများသည် ပုဗ္ဗသီရိမီးပွိုင့်အရောက်တွင် ရှေ့တူရူဆီမှလာနေသော နိဗ္ဗာန်ယာဉ်တစ်စီးကြောင့် ရပ်တန့်သွားရလေသည်။ သူ ဆိုင်ကယ်ကို ခဏရပ်လိုက်၏။ သူ့ဘေးက နိဗ္ဗာန်ယာဉ်ဖြတ်စဉ် "မောင်သီဟဦး၊ အသက်(၁၁)နှစ်"ဟူ၍ တွေ့ရသဖြင့် ထိတ်လန့်သွားမိ၏။ အသက်အရွယ်မရွေး ကိုယ်တွေနှင့်အနီးလေးမှာရှိနေသည့် သေမင်းကို သူအပါအဝင် အတော်များများမေ့ထားကြသည်။ ❖

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် မြေပဲ ၅၉၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၁၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက် မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ရိုးရာဂုဏ်ကို ထိန်းသိမ်းပါ

- ရွှေမြန်မာ ယဉ်ကျေးမှု
အစဉ်တွေးရှု ထိန်းသိမ်းလေ၊
မျိုးသာကီ နှလုံးသားဖြင့်
ရိုးသားပါစေ၊
အနောက်တိုင်း သရုပ်တွေ
ရောင်ကြဉ်အဆွေ မြန်မာ့အရေး၊
ရိုးရာဂုဏ် မညှိုးနွမ်းအောင်
စည်းကမ်းရှိလေး။

- စည်းလုံးစွာ ညီညွတ်ရေး
လိုက်နာပေး အစဉ်သာ၊
တိုးတက်ရန် အတူကြိုးစား
ခွန်အားစွမ်းမှာ၊
သွေးခွဲခြင်း မပြုရာ
မြန်မာဆိုတာ သတိရ၊
ဘုံရန်သူ လူတစ်သိုက်ကို
တိုက်ဖျက်ပစ်ကြ။

- နိုင်ငံတော် ဂုဏ်ရောင်လှ
စနစ်တကျ ကြိုးပမ်းအတူ၊
ကြားလူတွေ ဘယ်လိုဖျက်ဖျက်
ရှေ့ဆက်အားယူ၊
မြန်မာ့စိတ်ဓာတ် သန့်ရှင်းဖြူ
စံနမူ ရှိစေရေး၊
လူငယ်တွေ အသိမှားအောင်
သင်ကြားလို့ပေး။ ။

ဖြိုးထက်(ရေစကြို)

# မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်း ငါးရှဉ့်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များတင်ပို့ရောင်းချအား ကောင်းလာခြင်းသည် ရန်ကုန်စျေးကွက်က အဝယ်လိုက် လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။



"မအူပင်မြို့နယ်က သဘာဝ အတိုင်းဖမ်းယူရရှိတဲ့ ငါးရှဉ့်တွေ အဓိကထွက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း မအူပင်မြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို ငါးရှဉ့်ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ငါးရှဉ့်တွေ ရန်ကုန်စျေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ ဒီကနေ တင်ပို့တဲ့ ငါးရှဉ့်တွေကို ရန်ကုန်စျေးကွက်ကနေတစ်ဆင့် အခြားဒေသတွေကို ဆက်လက်ဖြန့်ဖြူးရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၂၂၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါဒေသတွင် မွေးမြူရေးငါးရှဉ့်နှင့် သဘာဝအတိုင်း ရှာဖွေဖမ်းဆီးရရှိသည့် ငါးရှဉ့်များ ထွက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကျုံပျော်မြို့နယ် ရွာသာယာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျုံပျော် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တိုက်ရွာကျေးရွာအုပ်စု ရွာသာယာကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစန္ဒာဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရွာသာယာကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွာသာယာကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၃၃ ဒသမ ၁၃ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သံသာ

# ရေတာရှည်မြို့နယ် ဒေဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေတာရှည် ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သာဂရကျေးရွာအုပ်စု ဒေဝကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလင်းက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်၊ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်၊ စီမံကိန်းမှ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဒေဝကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

# တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးခြင်းမှသည် စီးပွားဖြစ် မှိုစိုက်ပျိုးခြင်းသို့

မောင်စိန်အိ(နဘဲမြေ)



မှိုသည် လူမျိုး၊ ဘာသာမရွေး စားသုံးနိုင်သော သီးနှံတစ်မျိုးဖြစ်ပြီး အခြားဟင်းသီးဟင်းရွက်များ၊ သီးနှံပင်များစိုက်ပျိုးသကဲ့သို့ အချိန်မကြာဘဲ ရက်သတ္တနှစ်ပတ်မှ သုံးပတ်အတွင်း၌ပင် ဝင်ငွေရရှိနိုင်သည်။ သဘာဝမှိုများနှင့် ကောက်ရိုးမှိုများရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရသော ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ငွေမိုးမှိုနှင့် ကောက်ရိုးမှိုများလည်းရှိသည်။ သဘာဝအလျောက် ရရှိသောမှိုများတွင် စားသုံးသူများအတွက် အဆိပ်အတောက်ဖြစ်စေနိုင်သော မှိုအမျိုးအစားများ ပါရှိတတ်သော်လည်း စိုက်ပျိုးသောမှိုများအားလုံးမှာမူ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်သည်။

လက်ရှိအချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ကောက်ပဲသီးနှံများ ပုံမှန်စိုက်ပျိုးနိုင်မှုမရှိခြင်း၊ ပျက်စီးခြင်းနှင့်အထွက်နှုန်းကျဆင်းလာခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများဝင်ငွေကျဆင်းလာလျက်ရှိသည်။ ထိုသို့သောအခြေအနေမျိုးတွင် အချိန်တိုအတွင်းငွေပေါ်လွယ်သော မှိုစိုက်ပျိုးရေးကို ကျေးလက်တောရွာအနှံ့ ကျယ်ပြန့်စွာ ဆောင်ရွက်သွားသင့်သည်။ မှိုကို ဆောင်းရာသီ၊ နွေရာသီ နှစ်မျိုးစလုံးတွင် စိုက်ပျိုးနိုင်သဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းကိုစမ်းသပ်ဆောင်ရွက်ကာ စီးပွားဖြစ်အောင်မြင်ဖြစ်ထွန်းအောင်စိုက်ပျိုးသွားသင့်သည်။

**စမ်းသပ်သုတေသနပြုလုပ်**

ကမ္ဘာပေါ်တွင် သဘာဝအလျောက်ပေါက်ရောက်လျက်ရှိသည့် မှိုအမျိုးအစားများစွာရှိသည်။ လူသားတို့သည် ယခင်က သဘာဝအလျောက် အလေ့ကျပေါက်လေ့ရှိသော သဘာဝမှိုများကိုသာ စားသုံးခဲ့ကြသည်။ အချို့သောမှိုအမျိုးအစားများကို စားသုံးမိသည့်အချိန်တွင် အခန့်မသင့်လျှင် မှိုအဆိပ်ဖြစ်၍ အကြောတက်ခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်းတို့ဖြစ်စေနိုင်သည့်အပြင် အသက်အန္တရာယ်လည်းရှိနိုင်သည်။ ထို့ကြောင့် မှိုစားသုံးရာတွင် အဆိပ်ပြေစေရန် ကန်စွန်းရွက်နှင့် ရောနှောချက်ပြုတ်ကြော်လှော်စားသုံးသင့်သည်။

လူသားများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရန် စိုက်ပျိုးရေးပညာရှင်များက စားသုံးသင့်သည့်မှိုများကို လေ့လာရွေးချယ်ပြီး မှိုမျိုးမှုန်(Spore)မှ မျိုးမွေးမြူခြင်း၊ မှိုအသားစမှ မျိုးမွေးမြူခြင်း၊ သီးနှံမျိုးစေ့များ အသုံးပြု၍ မျိုးပွားစာပြုလုပ်ကာ မှိုစိုက်ထုပ် ပြုလုပ်စိုက်ပျိုးထုတ်လုပ်ခြင်းများကို စမ်းသပ်မှုသုတေသနလုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမှိုများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးမွေးမြူထုတ်လုပ်လာခဲ့ရာ လက်ရှိအချိန်တွင် စားသုံးသူများအနေဖြင့် စိုက်ပျိုးမှိုအမျိုးမျိုးကို ယုံကြည်စိတ်ချစွာ စိုက်ပျိုးစားသုံးလာနိုင်ခဲ့ပြီဖြစ်သည်။

**စီးပွားဖြစ်စိုက်ပျိုးလာ**

မှိုစိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်များမှာ ကုန်ကြမ်းပစ္စည်းများ၊ မှိုမွေးမည့်နေရာ၊ မှိုစိုက်တဲ၊ ရေရရှိမှု၊ မှိုမျိုးထုပ်နှင့် ဖြည့်စွက်အစာများဖြစ်သည်။ စီးပွားဖြစ် အဓိကစိုက်ပျိုးသော မှိုအမျိုးအစားများအနက် ငွေနှင်းမှိုသည် ဈေးကွက်ရှိပြီး ပြုစုရလွယ်ကူသည်။ အအေးဓာတ်ကို ကြိုက်သည်။ ကောက်ရိုးမှိုသည် အပူပိုင်းဒေသနှင့် ကိုက်ညီသည်။ ကောက်ရိုး၊ ဖေဒါတို့ဖြင့် စိုက်နိုင်သည်။ ကြွက်နားရွက်မှိုသည် ဆေးဖက်ဝင်ပြီး ဈေးကွက်ခိုင်မာကာ အခြောက်ခံသိမ်းဆည်းနိုင်သည်။ မှိုကို စနစ်တကျဆောင်ရွက်လျှင် မြေမရွေး၊ ရာသီဥတုမရွေး စိုက်ပျိုးနိုင်သည်။ မှိုသည် တာရှည်အထားမခံခြင်းကြောင့် ထွက်လာသမျှကို မြန်မြန်စားသုံးရောင်းချရန်လိုအပ်သည်။ ဈေးကွက်သို့ အချိန်မီတင်ပို့ရန်လိုအပ်သည်။

**ငွေနှင်းမှိုစိုက်ပျိုးရေး**

ငွေနှင်းမှိုသည် မြန်မာနိုင်ငံတွင် ဈေးကွက်အရှိဆုံးနှင့် စီးပွားဖြစ်စိုက်ပျိုးရန် အကောင်းဆုံးမှိုအမျိုးအစားဖြစ်သည်။ ငွေနှင်းမှိုကို မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးနိုင်ပြီး တစ်နှစ်ပတ်လုံးထွက်ရှိအောင် စိုက်ပျိုးနိုင်သည်။ ငွေနှင်းမှိုစိုက်ပျိုးရာတွင် စိုက်ထုပ်မှမှိုပွင့်ရန်အတွက် လိုအပ်သောအပူချိန်နှင့် စိုထိုင်းဆကို ဖန်တီးပေးရန်လိုအပ်သည်။

မှိုပွင့်ရန်လိုအပ်သော အပူချိန်စိုထိုင်းဆနှင့် လေဝင်လေထွက်ကောင်း၍အလင်းရောင်အနည်းငယ်ရှိသောမည်သည့်နေရာတွင်မဆို မှိုစိုက်ထုပ်ကိုထားရှိစိုက်ပျိုးနိုင်သည်။ တစ်နိုင်တစ်ပိုင်အဖြစ် ရေချိုးခန်းများတွင် ချိတ်ဆွဲ၍လည်းကောင်း၊ အိမ်ခြံဝင်းအတွင်း အေးသောအရိပ်အောက်တွင်ထား၍လည်းကောင်း စိုက်ပျိုးနိုင်သည်။ နေရောင်ခြည်တိုက်ရိုက်ကျရောက်မှု၊ လေပြင်းတိုက်ခတ်မှု၊ ပူပြင်းလွန်းသောနေရာများနှင့် ကင်းလွတ်သောနေရာများတွင် အခြေအနေအပေါ်မူတည်၍ ချိတ်ဆွဲခြင်း၊ ထောင်ထားခြင်း၊ လှဲ၍စီထပ်ထားခြင်း၊ မှိုစိုက်ခန်းသီးသန့်ပြုလုပ်ခြင်း စသည့်နည်းလမ်းအသွယ်သွယ်ဖြင့် စိုက်ပျိုးနိုင်သည်။

ငွေနှင်းမှိုစိုက်ခန်းကို စီးပွားဖြစ်တွက်ခြေကိုက်အောင်စိုက်ပျိုးလိုပါက သီးသန့်မှိုစိုက်ခန်းပြုလုပ်၍ စိုက်ပျိုးသင့်သည်။ မှိုစိုက်ခန်းကို စိုက်ထုပ်အရေအတွက်ပေါ်မူတည်၍ တွက်ချက်ဆောက်လုပ်သင့်သည်။ စိုက်ခန်းအတွင်း အပူချိန်ကို ထိန်းချုပ်နိုင်ရန် အမိုးအကာလုံအောင်ပြုလုပ်ရန်လိုအပ်သည်။ လေဝင်လေထွက်ကောင်းစေရန်နှင့် အခန်းအတွင်းအပူချိန်ကို ထိန်းချုပ်ရန်အတွက် တံခါးများ၊ ပြတင်းပေါက်များ ပါရှိရန်လိုအပ်သည်။ အခန်းတွင်း စိုထိုင်းဆကိုမပြတ်ထိန်းထားနိုင်ရန်အတွက် အခင်းတွင် သဲခင်းထားပြီး ရေလောင်း၍ အမြဲစိုအောင်ပြုလုပ်ပေးရန်လိုအပ်သည်။

စိုက်ခန်းအတွင်း စိုက်ထုပ်များထည့်သွင်းပြီး နှစ်ရက်မြောက်မှစ၍ စိုက်ထုပ်များအပေါ်သို့ ရေလောင်းပေးရမည်ဖြစ်သည်။ ရေလောင်းသည့်အချိန်၌ စိုက်ထုပ်များအပေါ်သို့ ရေမှုန်ရေမွှားများသာလောင်းပေးရသည်။ အခန်းအပူချိန်မြင့်မားပါက အပူချိန်လျှော့ချခြင်းအပြင် စိုက်ထုပ်များအပေါ်သို့ တစ်ရက်နှစ်ကြိမ် ရေလောင်းပေးရန်လိုအပ်သည်။ သင့်တော်သောအပူချိန်နှင့် စိုထိုင်းဆရှိသော အခန်းအတွင်း၌ မှိုစိုက်ထုပ်များမှ သုံးရက်၊ လေးရက်ခန့်ကြာသောအခါ မှိုအဖူးများ စတင်ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့နောက် နှစ်ရက်၊ သုံးရက်အကြာတွင် မှိုခူးရမည့်အနေအထားသို့ ရောက်မည်ဖြစ်သည်။

မှိုဖူးလေးများ ဖြစ်ပေါ်လာချိန်တွင် မှိုဖူးများခြောက်သွေ့မှုမဖြစ်စေရန်နှင့် ဆက်လက်ကြီးထွားစေရန်အတွက် မှိုဖူးများအပေါ်တွင် ရေမှုန်ရေမွှားများ တစ်ရက်တစ်ကြိမ် လောင်းပေးရန် လိုအပ်ပြီး လေပြင်းနှင့် နေရောင်ခြည်တိုက်ရိုက်ကျရောက်မှု မရှိစေရန် သတိပြုရန်လိုအပ်သည်။ မှိုပွင့်၏ဘေးအနားသားများမကွဲမီ သို့မဟုတ် မှိုပွင့်များမရော်မီတွင် စတင်ခူးဆွတ်ရန် လိုအပ်သည်။

ခူးဆွတ်သည့်အခါ မှိုပွင့်များကို အခိုင်လိုက်လှည့်ထုတ်၍ ညင်သာစွာနုတ်ယူရန်လိုအပ်သည်။ ငွေနှင်းမှိုအဖူးများ ပုံသဏ္ဍာန်မှန်စွာ ကြီးထွားရန်အတွက် အောင်ဆီဂျင်လိုအပ်သည်။ အခန်းအတွင်း လေဝင်လေထွက်ကောင်းမွန်ရန်လိုအပ်သည်။ လေဝင်လေထွက်ကောင်းမွန်မှုမရှိဘဲ ကာဗွန်ဒိုင်အောက်ဆိုက်များနေမည်ဆိုလျှင် အပွင့်များအရိုးရှည်ခြင်း၊ ပုံပျက်ခြင်းနှင့် အရောင်ပြောင်းခြင်းများ ဖြစ်ပေါ်လာနိုင်သည်။

မှိုစိုက်ထုပ်တစ်ထုပ်မှ မှိုစိုက်ထုပ်တွင် ပါဝင်သုံးစွဲထားသော ဖြည့်စွက်စာအချိုးအစားနှင့် သင့်တော်သော အပူချိန်စိုထိုင်းဆ ရရှိမှုပေါ်မူတည်၍ ပထမအကြိမ်တွင် မှိုစိုက်ထုပ်အလေးချိန်၏ သုံးပုံတစ်ပုံမှ တစ်ဝက်ခန့်ထိ ထွက်ရှိနိုင်သည်။ သုံးကြိမ်ထိ ခူးဆွတ်နိုင်ပြီး မှိုထွက်ရှိမှုသည် ပြုစုထိန်းသိမ်းမှုနှင့် မှိုစိုက်ထုပ်အတွင်းပါဝင်သော ဖြည့်စွက်စာအပေါ်တွင် မူတည်သည်။

**❖ စီးပွားဖြစ်မှိုစိုက်ပျိုးခြင်းသည် နေရာကျဉ်းကျဉ်းဖြင့် ဝင်ငွေကောင်းရနိုင်သော အထွက်နှုန်းမြင့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည်။ မှိုမျိုးထုပ်ပြုလုပ်ခြင်းမှသည် ဈေးကွက်တင်သည်ထိ စနစ်တကျလုပ်ကိုင်ပါက တွက်ခြေကိုက်သော လုပ်ငန်းတစ်ခုဖြစ်လာနိုင်သည်။ မှိုကို မိမိနေထိုင်သည့်အိမ်ဝင်းများအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုများ၏မီးဖိုချောင်ကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ ဘေးအန္တရာယ်ကင်း၍ အာဟာရပြည့်ဝသည့်မှိုများကို အချိန်မရွေး လတ်လတ်ဆတ်ဆတ် ခူးဆွတ်စားသုံးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။ ❖**

**ငွေနှင်းမှိုနှင့် ကျန်းမာရေး**

ငွေနှင်းမှိုအပါအဝင် မှိုအုပ်စုသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်ဘီအုပ်စု၊ ဗီတာမင်စီ၊ ဗီတာမင်ဒီနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်နေသည်။ ငွေနှင်းမှိုသည် ခန္ဓာကိုယ်ထဲမှမကောင်းသော ကိုလက်စထရောများကိုကျဆင်းစေနိုင်သည့် အစွမ်းသတ္တိရှိသည်။ ငွေနှင်းမှို၌ ပိုတက်စီယမ်ဓာတ်များလုံလောက်စွာပါဝင်သောကြောင့် သွေးတိုးရောဂါရှိသူများ ပုံမှန်ထည့်သွင်းစားသုံးသင့်သည့် ဟင်းလျာအမျိုးအစားများတွင် ပါဝင်သည်။ ပိုတက်စီယမ်သည် သွေးကြောများကို ပြေလျော့စေရန်အထောက်အကူပြုနိုင်သည်။ ထို့ပြင် ငွေနှင်းမှို၌ပါဝင်သည့် ဗီတာမင်ဒီသည် ဆီးချိုသွေးချိုရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်။

ငွေနှင်းမှိုကရရှိသည့် သံဓာတ်သည် ကိုယ်ခံအားစနစ်ကို အားကောင်းစေသည်။ ဗီတာမင် B3 သည် နှလုံးရောဂါဖြစ်စေသည့် သွေးကြောကျဉ်းခြင်းကို လျော့ကြစေပြီး သွေးလည်ပတ်မှုကို ပိုကောင်းစေသည်။ ငွေနှင်းမှိုသည် ဗီတာမင်ဒီကြွယ်ဝသဖြင့် နည်းနည်းချင်း ပုံမှန်စားသုံးပေးလျှင် စိတ်ကျဝေဒနာသက်သာစေနိုင်သည်။ ငွေနှင်းမှို၌ပါသည့် ဗီတာမင် B2 နှင့် သံဓာတ်တို့သည် သွေးအားကောင်းစေသည်။ ငွေနှင်းမှိုသည် အမျှင်ဓာတ်ကြွယ်ဝသဖြင့် အစာခြေစနစ်ကောင်းမွန်ကာ ဝမ်းချုပ်မှုကိုသက်သာစေသည်။ သို့သော် ငွေနှင်းမှိုကို အလွန်အကျွံစားသုံးမှုကိုရှောင်ကြဉ်သင့်ပြီး ရောဂါအခံရှိသူများ၊ ဓာတ်မတည့်မှုဖြစ်တတ်သူများ၊ ကျန်းမာရေးပြဿနာကြောင့် ဆေးသောက်နေရသူများသည် ဆရာဝန်နှင့်တိုင်ပင်ပြီးမှ စားသုံးသင့်သည်။

**မိသားစုတစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးခြင်းမှသည် စီးပွားဖြစ်စိုက်ပျိုးရေးသို့**

စီးပွားဖြစ်မှိုစိုက်ပျိုးခြင်းသည် နေရာကျဉ်းကျဉ်းဖြင့် ဝင်ငွေကောင်းရနိုင်သော အထွက်နှုန်းမြင့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည်။ မှိုမျိုးထုပ်ပြုလုပ်ခြင်းမှသည် ဈေးကွက်တင်သည်ထိ စနစ်တကျလုပ်ကိုင်ပါက တွက်ခြေကိုက်သော လုပ်ငန်းတစ်ခုဖြစ်လာနိုင်သည်။ မှိုကို မိမိနေထိုင်သည့် အိမ်ဝင်းများအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုများ၏ မီးဖိုချောင်ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ ဘေးအန္တရာယ်ကင်း၍ အာဟာရပြည့်ဝသည့်မှိုများကို အချိန်မရွေးလတ်လတ်ဆတ်ဆတ် ခူးဆွတ်စားသုံးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် မှိုစိုက်ပျိုးရေးလုပ်ငန်းသည် အချိန်တိုအတွင်း ဝင်ငွေရရှိသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မှိုစိုက်ပျိုးသူများအနေဖြင့် မိမိအိမ်ခြံဝင်းအတွင်း မြေနေရာကျဉ်းကျဉ်းတွင် အရင်းအနှီးအသင့်အတင့်ဖြင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းအသွင်မှသည် စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်သည့်လုပ်ငန်းလည်းဖြစ်သည့်အတွက် မိသားစုများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်လာနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- https://msme.shwe.net/2024/06/blog-post_12.html
- https://www.doca.gov.mm/en/node/ 65316
- https://presoffministry.gov.mm/my/article/34541

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဧရာပဒေသာဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



ကျုံပျော် ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဧရာပဒေသာဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း ဧရာပဒေသာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဧရာပဒေသာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇွန်လအတွင်း ဧရာပဒေသာဆန် ၂၄ ပြည်ဝင်အိတ်ရေ သီးသန့် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချတာပါ။ ဧရာပဒေသာဆန်က စားသုံးသူများတဲ့ ဆန်အုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်တယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧရာပဒေသာဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၁၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ဧရာပဒေသာဆန်များသည် အရည်အသွေးလည်း ကောင်းမွန်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဇလွန်မြို့နယ် အဗျဉ်းလယ်ဦးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဇလွန် ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဗျဉ်းကျေးရွာအုပ်စု အဗျဉ်းလယ်ဦးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက RBF စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)ရန်ပုံငွေဖြင့် ငွေနှင်းဖြူ တိုးတက်အောင်၊ လျှမ်းလျှမ်းတောက်နှင့် တိုးပွားအောင် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အဗျဉ်းလယ်ဦးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေကျပ်စုစုပေါင်း ၄၃ ဒသမ ၆၄ သန်း ထုတ်ချေးပေးထားပြီး RBF စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများ Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ Vehicle Automatic Valuation System (VAVS)ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ဖုန်းနံပါတ်ကိုအသုံးပြု၍ စနစ်အတွင်းသို့ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့်လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့်စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှတစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကိုအသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက်(e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာအကူအညီပေးရေးစင်တာ (e-Service Help Desk Center)(၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁)၊ နီးစပ်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ပခုက္ကူမြို့နယ် ရေလဲဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပခုက္ကူ ဇူလိုင် ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလဲဇီးတောကျေးရွာအုပ်စု ရေလဲဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိသဥ္ဇာဖူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၈၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉၆ ဦးကို ငွေကျပ် ၅၀ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ်၁ ဒသမ ၆သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၆၅ သန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၄ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၈၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဆက်လူ**

# သဲကုန်းမြို့နယ် သရက်တပင်(ကြက်မရ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သဲကုန်း ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်တပင်(ကြက်မရ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက သရက်တပင် (ကြက်မရ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါသရက်တပင်(ကြက်မရ) ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၃၇ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၈ ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သုတ**



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



# "မျှစ်" သို့မဟုတ် "သဘာဝ၏ အာဟာရသိုက်"

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၆ ခုနှစ် ၊ မေလ)

၁

## "သဘာဝ၏အာဟာရသိုက်"



"မျှစ်"တွင် ကယ်လိုရီနှင့် အဆီဓာတ် အလွန်နည်းပါးစွာပါဝင်ပြီး ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် (ပရိုတိန်းဓာတ်) များ ပါဝင်ပါသည်။ ထို့ပြင် အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေသော အာဟာရဆိုင်ရာ ရတနာတစ်ပါးဖြစ်ပါသည်။



၂

## "မျှစ်"၏အာဟာရတန်ဖိုးများ

လတ်ဆတ်သောမျှစ်စို (၁၀၀) ဂရမ် (၆ ကျပ်သားခန့်) တွင် -

- ကယ်လိုရီဓာတ် (၂၀) မှ (၂၇) ကီလိုကယ်လိုရီခန့်၊
- ကစီဓာတ် (၅) ဂရမ်ခန့်၊
- အသားဓာတ် (၂.၅) ဂရမ်ခန့် (ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အရေးပါသည့် အမိုင်နိုအက်ဆစ် ၁၇ မျိုးခန့်ပါဝင်ပါသည်)၊
- အဆီဓာတ် (၀.၃) ဂရမ်ခန့်၊
- အမျှင်ဓာတ် (၂.၅) မှ (၃.၅) ဂရမ် ခန့်တို့ ပါဝင်ပါသည်။

## "မျှစ်"တွင်ပါဝင်သောအာဟာရဓာတ်များ

- ဗီတာမင် အေ၊
- ဗီတာမင် ဘီအုပ်စု၊
- ဗီတာမင် စီ၊
- ဗီတာမင် အီး၊
- ပိုတက်စီယမ်၊
- မဂ္ဂနီစ်နှင့် ကြေးနီ၊
- ဖော့စဖရပ်စ်နှင့် မဂ္ဂနီစီယမ်ဓာတ်၊
- သံဓာတ်နှင့် ဇင့်ဓာတ်၊
- Phytosterols နှင့်
- မျှစ်ချဉ်တွင် အကျိုးပြုဘက်တီးရီးယား (Probiotics) တို့ ပါဝင်ပါသည်။

၃

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။

## "မျှစ်"၏ကျန်းမာရေးအကျိုးကျေးဇူးများ

မျှစ်တွင် ပါဝင်သည့် -

- အမျှင်ဓာတ်သည် အစာခြေစနစ်ကို ကောင်းမွန်စေကာ ဝမ်းချုပ်ခြင်း မှကာကွယ် ပေးပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- ဗီတာမင်အေနှင့် ဗီတာမင်စီသည် ကိုယ်ခံအားစနစ်အတွက် ကောင်းမွန်စေပါသည်၊
- ဗီတာမင်ဘီအုပ်စုသည် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကိုအထူး အားပေးပါသည်၊
- ဗီတာမင်အီးသည် ဆဲလ်များ ပျက်စီးမှုကို ကာကွယ်ပေးသည့် ဓာတ်တိုးဆန့်ကျင် ပစ္စည်းအဖြစ် ဆောင်ရွက်ပေးပါသည်၊
- ပိုတက်စီယမ်သည် သွေးပေါင်ချိန်ကို ထိန်းညှိပေးပါသည်၊
- မဂ္ဂနီစ်နှင့် ကြေးနီသည် အရိုးအဆစ်ကျန်းမာရေးနှင့် သွေးနီဥ ဖြစ်ပေါ်မှုကို ကူညီပေးပါသည်၊
- ဖော့စဖရပ်နှင့် မဂ္ဂနီစီယမ်သည် ကြွက်သားနှင့် အာရုံကြောလုပ်ငန်း များကို ထောက်ပံ့ပေးပါသည်၊
- သံဓာတ်နှင့် ဇင့်ဓာတ်များသည် ကိုယ်ခံအားနှင့် သွေးအားကောင်း စေပါသည်၊
- Phytosterols သည် ခန္ဓာကိုယ်အတွင်း မကောင်းသော သွေးတွင်း အဆီဓာတ်စုပ်ယူမှုကို လျှော့ချပေးပါသည်၊
- မျှစ်ချဉ်တွင်ပါဝင်သော အကျိုးပြုဘက်တီးရီးယား (Probiotics) သည် အစာအိမ်နှင့် အူလမ်းကြောင်းအတွက် အကျိုးပြုပြီး အစာ ကြေညက်မှုကို အားပေးပါသည်။

၄

## "မျှစ်"၏စားသုံးနိုင်မှုပုံစံများ

- မျှစ်ကို မျှစ်စို၊ မျှစ်ခြောက်နှင့် မျှစ်ချဉ်ဟူ၍ ပုံစံအမျိုးမျိုးဖြင့် စားသုံးနိုင်ပါသည်။
- မျှစ်ခြောက်ဖြစ်စေ၊ မျှစ်ချဉ်ဖြစ်စေ မချက်ပြုတ်ခင် ရေနွေးနှင့် စိမ်ထားခြင်း သို့မဟုတ် ပြုတ်ခြင်းပြုလုပ်ပါက မျှစ်တွင်ပါဝင်နိုင် သည့် ဓာတုဆေးအကြွင်း အကျန်များကို လျော့နည်းစေနိုင်ပြီး နူးညံ့၍ အရသာပိုမိုကောင်းမွန်စေနိုင်ပါသည်။
- လတ်ဆတ်နူးညံ့ပြီး အရောင်မပြောင်းသေးသည့် မျှစ်စိုကို ဦးစားပေး၍ ရွေးချယ်ချက်ပြုတ်စားသောက်သင့်ပါသည်။



မျှစ်စို



မျှစ်ခြောက်



မျှစ်ချဉ်

၅

## သတိပြုရမည့်အချက်များ

မျှစ်ကို သတိပြု၍ စားသုံးသင့်သူများမှာ -

- အဆစ်အမြစ်ကိုက်ခဲတတ်သူများ၊
- ဂေါက်ရောဂါရှိသူများ၊
- ယူရစ်အက်ဆစ်များသူများ၊
- ကျောက်ကပ်ရောဂါရှိသူများ တို့ဖြစ်ပါသည်။

**မျှစ်ကို အချဉ်ဖောက်စဉ် ယင်နားခြင်း၊ မသန့်ရှင်းသောရေကို အသုံးပြုမိခြင်း၊ ဈေးကွက်ထဲရှိ အချို့သော မျှစ်ချဉ်များတွင် အရောင်ချွတ်ဆေး၊ တာရှည်ခံဆေးများ ပါဝင်နိုင်ခြင်းတို့ကြောင့် မျှစ်ကို စင်ကြယ်သည်အထိ သေချာစွာ ဆေးကြော၍ စနစ်တကျချက်ပြုတ်စားသုံးသင့်ပါသည်။**

၆

မျှစ်တွင် အာဟာရဓာတ်များစွာပါဝင်သောကြောင့် အခြားသူများကို သိရှိစားသုံးနိုင်စေရန် တိုက်တွန်းမျှဝေပါ။

စိန်ငွေးလှိုင်(ပခုက္ကူ)

# ကောင်းမှုပိုမို လဝါဆို

ဝါဆိုလသည် မြန်မာတစ်ဆယ့်နှစ်လ၏ စတုတ္ထမြောက်လဖြစ်ပြီး ရက်ပေါင်း ၃၀ ရှိသည့် ရက်စုံလဖြစ်သည်။ ဝါထပ်သောနှစ်များတွင် ပထမဝါဆိုနှင့် ဒုတိယဝါဆိုဟူ၍ နှစ်မျိုးရှိသည်။ ဗေဒင်အလိုအားဖြင့် စန်းယှဉ်နက္ခတ်မှာ ဥတ္တရာသာဠ်နက္ခတ်ဖြစ်ပြီး ကရကဋ်ရာသီတွင်ကျရောက်သည်။ ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်သည်။ "ဝါ"ဆိုသောစကားသည် ပါဠိစကား ဝါသမှတိုက်ရိုက်ဆင်းသက်လာပြီး နေထိုင်မှုဟူ၍ အဓိပ္ပာယ်ရကာ"ဆို"ဟူသောစကားသည် ရွတ်ဆိုခြင်းကိုခေါ်ဆိုသည်။ ဝါဆိုလသည် ရဟန်းများ ဝါတွင်းသုံးလတာကာလအတွင်း မိမိတို့ကျောင်းတွင်သာ သီတင်းသုံးပါမည်ဟု အဆိုပြုသောလဖြစ်သည်။ ပုဂံခေတ်ကျောက်စာများတွင် ဝါဆိုလကို "မြွယ်တာ"ဟု ရေးထိုးခဲ့ရာ မြွယ်ဆိုသည်မှာ လယ်ယာမြေကိုခေါ်ဆိုခြင်းဖြစ်ပြီး "တာ"ဆိုသည်မှာ တိုင်းတာမှုကိုခေါ်ဆိုသည်။ ထို့ကြောင့် ဝါဆိုလကို လယ်ယာမြေတိုင်းတာသည့်လဟူ၍လည်း မှတ်ယူနိုင်သည်။ ထို့ပြင် "နဝါဝါမြောက်"ဆိုသောစကားအရ ဝါဆိုလတွင် နဂါးဦးခေါင်းသည် မြောက်အရပ်သို့လှည့်ကြောင်း လောကီသိပ္ပညွှန့်ပေါင်းကျမ်း၌ ပြဆိုထားသည်။

"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဆိုသောလင်္ကာကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ သိရှိကြသည်။ ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် မယ်တော်မာယာဒေဝီဝမ်း၌ သန္ဓေယူခြင်း၊ ဘုရားအလောင်းတော် တောထွက်ခြင်း၊ ဘုရားရှင်ကဓမ္မစကြာတရား ဟောတော်မူခြင်းနှင့် တန်ခိုးပြာဋိဟာပြတော်မူခြင်းဆိုသော ဘာသာရေး မှတ်တိုင်ကြီးလေးခုကို စိုက်ထူခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

ဂေါတမဘုရားသည် ဘုရားမဖြစ်မီနောက်ဆုံးဘဝတွင် တုသိတာနတ်ပြည်၌ သေတကေတုနတ်သား ဖြစ်ခဲ့သည်။ အခြားနတ်ဗြဟ္မာအပေါင်းတို့က "ဘုရားဖြစ်ရန် အချိန်ကျရောက်ပြီဖြစ်၍ လူ့ပြည်သို့ဆင်းသက်တော်မူပါ"ဟူ၍ တောင်းပန်ကြသဖြင့် စုတေခဲ့သည်။ ထို့နောက် မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့တွင် မယ်တော်မာယာဒေဝီ၏ဝမ်းကြာတိုက်၌ သန္ဓေတည်ခဲ့သည်။

မယ်တော်မာယာဒေဝီ၏ သားငယ်လေးကို သိဒ္ဓတ္ထမင်းသားဟူ၍ ခေါ်တွင်စေခဲ့သည်။ မင်းသား ၁၆နှစ်အရွယ်တွင် ဖခမည်းတော်သုဒ္ဓေါဒန မင်းကြီးထံမှ ထီးနန်းအရိုက်အရာကို ဆက်ခံရယူပြီး ဒေဝဒဟပြည့်ရှင်၏ သမီးတော်ယသော်ဓရာနှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ တစ်နေ့သောအခါ ဥယျာဉ်တော်သို့ထွက်တော်မူစဉ် နတ်တို့က သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကိုပြသသည်။ မင်းသားသည် ထိုနိမိတ်များကို မြင်ရသောအခါ သံဝေဂကြီးစွာရခဲ့သည်။ ထိုကာလတွင် ယသော်ဓရာက သားတော်ရာဟုလာကို ဖွားမြင်သည်။ မင်းသားသည် မိဖုရားနှင့် သားတော်တို့အပေါ် သံယောဇဉ်ကိုဖြတ်တောက်ပြီး သက်တော် ၂၉ နှစ်အရွယ် မဟာသက္ကရာဇ် ၉၇ ခု ဝါဆိုလပြည့် တနင်္လာနေ့တွင် ဖွားဖက်တော် ကဏ္ဍကမြင်းကိုစီးကာ တောထွက်တော်မူခဲ့သည်။

သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ ဘုရားအဖြစ်ရောက်ရှိတော်မူပြီးနောက် မဟာသက္ကရာဇ်၁၀၃ခု ဝါဆိုလပြည့်နေ့တွင်အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိတည်းဟူသော ပဉ္စဝဂ္ဂီငါးဦးတို့ကို အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို ဟောကြားခဲ့သည်။ "ဓမ္မစက္က"ဆိုသည်မှာ တရားတော်ကိုခေါ်ဆိုခြင်းဖြစ်ပြီး ပဝတ္တနဟူသည်ကား လည်စေခြင်းကို ခေါ်ဆိုသည်။ ထို့ကြောင့် ဓမ္မစကြာဆိုသည်မှာ တရားတည်းဟူသောစက်ကို လည်စေခြင်းဟု အဓိပ္ပာယ်ရသည်။ ဤတရားတော်သည် မြတ်စွာဘုရားရှင် ပထမဦးဆုံးဟောကြားခဲ့သည့် တရားတော်ဖြစ်ပြီး သစ္စာလေးပါးမြတ်တရားကို ညွှန်းဆိုကာ ပိဋကသုံးပုံ၏ အနှစ်ချုပ်လည်းဖြစ်သည်။

**❖ သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော်ကိုရရှိ၍ ဘုရားအဖြစ်ရောက်ရှိတော်မူပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့်နေ့တွင် အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိတည်းဟူသော ပဉ္စဝဂ္ဂီငါးဦးတို့ကို အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို ဟောကြားခဲ့သည်။ "ဓမ္မစက္က"ဆိုသည်မှာ တရားတော်ကိုခေါ်ဆိုခြင်းဖြစ်ပြီး ပဝတ္တနဟူသည်ကား လည်စေခြင်းကိုခေါ်ဆိုသည်။ ထို့ကြောင့် ဓမ္မစကြာဆိုသည်မှာ တရားတည်းဟူသောစက်ကို လည်စေခြင်းဟု အဓိပ္ပာယ်ရသည်။ ❖**

ထို့အပြင် ဓမ္မစကြာတရားဦးကို ဟောကြားခြင်းဖြင့် လောက၌ တရားရတနာ စတင်ပေါ်ထွန်းခဲ့သည်။ တရားတော် ကိုနားကြားရပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့သည် ဓမ္မစကြာအတိုင်း ဆက်လက်တရားအားထုတ်ကြသဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြရာ လောက၌ သံဃာရတနာသည်လည်း တစ်ပြိုင်တည်း ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့တွင် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးစုံလင်စွာ ပေါ်ထွန်းခဲ့သည်။

မြတ်စွာဘုရားရှင်၏ သတ္တမဝါမြောက်ကာလတွင် တိတ္ထိတို့က သာသနာတော်ကို ထိပါးနှောက်ယှက်လာခဲ့သည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် ကောင်းကင်ယံ၌ စင်္ကြံကိုဖန်ဆင်းပြီး သာဝတ္ထိပြည် ကဏ္ဍမမ္ဗသရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကိုနှိမ်နင်းရန်နှင့် ဗုဒ္ဓဘာသာဝင်တို့ သဒ္ဓါတရားပွားများစေရန် ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြိုင်ဘက်ကင်းစွာ ပြသတော်မူခဲ့သည်။

ဗုဒ္ဓဘာသာတွင် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ထိ ကာလကို ဝါတွင်းသုံးလဟူ၍ သတ်မှတ်ထားပြီး ရဟန်းတော်များမှာ ဝါဆိုဝါကပ်ကြသည်။ ရဟန်းတော်များသည် မိမိတို့သီတင်းသုံးရာကျောင်းတော်တွင် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့ညဉ့်၌ ပေါင်းဆုံကြပြီး"ဝါတွင်းကာလပတ်လုံး အခြားတစ်ရပ်တစ်ပါးသို့ ညအိပ်ခရီးမသွားဘဲ ဤကျောင်းတိုက်၊ ဤနေရာ၌သာ သီတင်းသုံးပါမည်"ဟူ၍ နှုတ်မြွက်အဓိဋ္ဌာန်ပြုခြင်းကို ဝါဆိုဝါကပ်ခြင်းဟုခေါ်ဆိုသည်။ အကယ်၍ ဝါတွင်းကာလ၌ မဖြစ်မနေသွားရောက်ရမည့်ကိစ္စ ပေါ်ပေါက်လာပါက ဝါပန်ခြင်းပြု၍ ခုနစ်ရက်ထက်မပိုသောခရီးကို သွားရောက်ခွင့်ရှိသည်။

ဝါဆိုဝါကပ်အမှုပေါ်ပေါက်လာပုံ နောက်ထပ်တစ်နည်းမှာ မြတ်စွာဘုရားရှင်လက်ထက်က ရဟန်းတော်များသည် ဥတုသုံးလီပတ်လုံးဆွမ်းခံလှည့်လည်လျက် ခရီးသွားလာကြသည်။ မိုးရာသီသို့ ရောက်ရှိသည့်အခါ ရဟန်းတော်များ လှည့်လည်သွားလာရာတွင် လူတို့စိုက်ပျိုးထားသော စိုက်ခင်းများကိုနင်းမိခြင်း၊ မြက်ပင်နှင့် ပိုးမွှားများကို နင်းခြေမိခြင်းများရှိခဲ့သည်။ ထို့ကြောင့် လူတို့က "ဘုရားရှင်၏တပည့် သာဝကများသည် အပင်နှင့် ပိုးကောင်များကို နင်းခြေဖျက်ဆီးကာ အဘယ်ကြောင့် ခရီးသွားနေကြသနည်း၊ ယုတ်စွအဆုံး တိရစ္ဆာန်များသော်မှမိုးဥတုတွင် အသိုက်အမြုံတွင်းထဲ၌ မထွက်ဘဲနေကြသည်မဟုတ်လော"ဟူ၍ ပြောဆိုကဲ့ရဲ့ကြသည်။ ဤအကြောင်းအရာကို မြတ်စွာဘုရားရှင်သိရှိတော်မူသောအခါ မိုးရာသီသုံးလတာကာလပတ်လုံး ရဟန်းတော်များ ခရီးဒေသစာရီ သွားလာခြင်းမပြုရန် ဝါဆိုဝါကပ်ခြင်းကို ပညတ်တော်မူခဲ့သည်။ ဝါဆိုဝါကပ်ရာတွင် ပထမဝါကပ်ခြင်းနှင့် ဒုတိယဝါကပ်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့တွင် ဝါဆိုဝါကပ်ခြင်းကို ပထမဝါကပ်ခြင်းဟုခေါ်ဆိုပြီး သီတင်းကျွတ်လပြည့်နေ့ ပဝါရဏာပြုပြီးချိန်တွင် ဝါကျွတ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် ဝါမဆိုလိုက်ရသော သံဃာတော်များအနေဖြင့် ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့၌ ဝါဆိုဝါကပ်ခြင်းကို ဒုတိယဝါကပ်ခြင်း ဟုခေါ်ဆိုပြီး တန်ဆောင်မုန်းလပြည့်နေ့ ပဝါရဏာပြုပြီးချိန်ရောက်မှသာ ဝါကျွတ်ကြောင်း လေ့လာသိရှိရသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကို စည်ကားသိုက်မြိုက်စွာ ဆင်နွဲကြသည်။ ဝါဆိုလသည် မိုးသည်းထန်စွာရွာသွန်းသောလဖြစ်၍ ရဟန်းတော်များမှာ မိုးရေစိုစွတ်သော သင်္ကန်းကို မကြာခဏလဲလှယ်ကြရသဖြင့် သင်္ကန်းအလွန်လိုအပ်သောကာလနှင့် တိုက်ဆိုင်နေသည်။ ဝါတွင်းကာလအတွင်း ကပ်လှူခြင်းကြောင့် ဝါဆိုသင်္ကန်းဟု ခေါ်ဆိုကြသည်။

"စိုးရိမ်မဲ့ကင်း၊ ရွှေဆင်းရုပ်တူ၊ ကိုယ်မူရောင်ထွက်၊ နည့်အသားရည်၊ မပေညစ်ကြေး၊ ကြံတွေးတောင့်တအဝတ်ရရှိ၊ ဟေဘိက္ခုခေါ်ပြုရဟန်းကျွတ်တမ်းဝင်ရ၊ ကျိုးခုနစ်ဝမှတ်ကြစီဝရံ"ဆိုသောလင်္ကာအရ ဝါဆိုသင်္ကန်းကပ်လှူခြင်းကြောင့် ရရှိနိုင်သည့်အကျိုး ခုနစ်ပါးရှိသည်။ ၎င်းတို့မှာ စိုးရိမ်သောကမဖြစ်ခြင်း၊ အသားအရေမှာ ရွှေရောင်ကဲ့သို့ဝင်းဝါခြင်း၊ မိမိခန္ဓာကိုယ်မှ နှစ်လိုဖွယ်အရောင်ထွက်ပေါ်ခြင်း၊ အသားအရည်နူးညံ့ချောမွေ့ခြင်း၊ မှဲ့ခြောက်တင်းတိတ်စသည့် အညစ်အကြေးတို့မရှိခြင်း၊ အဝတ်အထည်များ အလွယ်တကူရရှိနိုင်ခြင်းနှင့် နောက်ဆုံးဘဝတွင် ဟေဘိက္ခုဟူသော မြတ်စွာဘုရားရှင်၏ ခေါ်တော်မူခြင်းဖြင့် ရဟန်းအဖြစ်သို့ရောက်ရှိကာ ရဟန္တာဖြစ်၍ ကျွတ်တမ်းဝင်ရခြင်းတို့ဖြစ်ကြသည်။

ဝါဆိုလသည် မိုးသည်းထန်စွာရွာသွန်းသဖြင့် စိမ်းလန်းစိုပြည်သော လတစ်လဖြစ်သည်။ လယ်ကွင်းပြင်ကျယ်ကြီးများတွင် ရေဖွေးဖွေးဖြင့်ရှုမျှော်မဆုံးအောင် လှပနေသည်။ မိုးရာသီသို့ ချင်းနင်းဝင်ရောက်လာသည်နှင့်အမျှ တောင်သူတို့သည်ကောက်ပဲသီးနှံများစိုက်ပျိုးကြရာ ကောက်ပင်၊ ပျိုးပင်များမှာ ရှင်သန်ကြီးထွားနေကြသည်။ ထို့ကြောင့် မြန်မာ့လယ်သမားများ အားတက်ပျော်ရွှင်သည့်လလည်းဖြစ်ပေသည်။ တစ်ဖက်တွင်လည်း ဗုဒ္ဓဘာသာဝင်မြန်မာတို့သည် ဝါတွင်းသုံးလတာကာလပတ်လုံး ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီတင်းဆောက်တည်ကြသည်။ ကျေးရွာများတွင် နိဗ္ဗာန်ဆော်အဖွဲ့၏ ဆွမ်းချက်ရန်နှိုးဆော်သည့် ကြေးစည်သံကိုလည်း သာယာနာပျော်ဖွယ် ကြားနေရသည်။ ထို့ပြင် ကျေးလက်တောရွာများတွင် မုန့်ဖက်ထုပ်၊ မုန့်ကျွဲသဲ၊ မုန့်ဆီကြော်စသည့် မြန်မာမုန့်မျိုးစုံပြုလုပ်ကာ တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံပေးဝေခြင်းသည် ချစ်စရာကောင်းသည့် မြန်မာ့ဓလေ့တစ်ခုဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ဝါဆိုလသည် ဘာသာရေးအရ အလွန်ထူးမြတ်သော လ၊ အံ့ဖွယ် ဗုဒ္ဓဝင်ဖြစ်စဉ်များနှင့် ဆက်နွယ်နေသည့် လဖြစ်သည်။ ထို့ပြင် တောင်သူများသည် မိုးရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသော လ၊ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝါဆိုသင်္ကန်းကပ်လှူကြပြီး ဥပုသ်သီတင်းဆောက်တည်ကာ ကောင်းမြတ်သောစိတ်ဖြင့် နေထိုင်ကျင့်ကြံသည့်လဖြစ်ခြင်းကြောင့်"ကောင်းမှုပိုမိုလဝါဆို " ဟူ၍ တင်စားခေါ်ဝေါ်ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နိုင်ငံတော်ဗုဒ္ဓသာသန"မဟာဗုဒ္ဓဝင်ဒုတိယတွဲ"။**


**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူကေ ၁၉၀၇၀ စိုက်ပျိုးရန် လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ မုံရွာမြို့နယ်တွင် ၂၃၇ ကေ၊ ဘုတလင်မြို့နယ်တွင် ၂၆၀၆ ကေ၊ အရာတော်မြို့နယ်တွင် ၁၅၆၈၃ ကေ၊ ချောင်းဦးမြို့နယ်တွင် ၅၅၅ ကေ စုစုပေါင်း ၁၉၀၈၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ လျှော်ဖြူကေ ၁၉၀၇၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၁၉၀၈၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျှော်ဖြူက ရေငတ်ဒဏ်ကိုခံနိုင်တယ်။ မြေအမျိုးအစားမရွေး ပေါက်ရောက်တယ်။ အပူပိုင်းဒေသ သစ်တောပင်မျိုးလဲဖြစ်ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၂၃၇ ကေ၊ ဘုတလင်မြို့နယ်တွင် ၂၅၉၅ ကေ၊ အရာတော်မြို့နယ်တွင် ၁၅၆၈၃ ကေ၊ ချောင်းဦးမြို့နယ်တွင် ၅၅၅ ကေ စုစုပေါင်းကေ ၁၉၀၇၀ ဖြစ်ကြောင်း သိရသည်။

လျှော်ဖြူစိုက်တောင်သူများ လျှော်ဖြူစိုက်ပျိုးရာတွင် GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန်၊ လျှော်ဖြူအထွက်နှုန်း တိုးပွားရန်၊ စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောဦးစီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)မှ သိရသည်။

သဘာဝအလှအပကို ခံစားရင်း စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ကျော်ဖြတ်လိုသူများအတွက် Mountain Bike (MTB)လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၅ နာရီခွဲတွင် Start Point တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) အရှေ့မှ Finish Point အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)အထိ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါပြိုင်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် အမျိုးသား/အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် သဘာဝလမ်းကြောင်းများကို ဖြတ်သန်းစီးနင်းရင်း မိမိတို့၏ ကြံ့ခိုင်မှု၊ ဇွဲလုံ့လနှင့် စက်ဘီးစီးကျွမ်းကျင်မှုများကို ပြသနိုင်မည့် အခွင့်အရေးကောင်းတစ်ခုဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားပြီး ပြိုင်ပွဲဝင်များအားလုံး စက်ဘီးစီးဦးထုပ်များ မဖြစ်မနေ ဝတ်ဆင်ရမည်ဖြစ်ကာ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို လိုက်နာပေးရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ထို့နောက် အသေးစိတ် မှတ်ပုံတင်ခြင်းဆိုင်ရာများ၊ ပြိုင်ပွဲလမ်းကြောင်းနှင့် ဆုချီးမြှင့်မှု အစီအစဉ်များကို ဆက်လက်ကြေညာသွားမည်ဖြစ်ပြီး ပြိုင်ပွဲအတွင်း ပြိုင်ပွဲဝင်များအား အဆင့်လိုက် အထူးဆုများကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**MT**

# အသည်းရောင်အသားဝါ (ဘီ)

## ရောဂါအကြောင်းသိကောင်းစရာ



- အသည်းရောင်အသားဝါ (ဘီ) ရောဂါသည် အသည်းရောင်အသားဝါ (ဘီ) ပိုးရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါဖြစ်ပါသည်။
- မြန်မာနိုင်ငံတွင် လူ ၁၀၀ ဦးလျှင် ၆ ဦးခန့်သည် အသည်းရောင်အသားဝါ (ဘီ) ရောဂါခံစားနေရပါသည်။
- နာတာရှည်အသည်းရောင်အသားဝါ (ဘီ) ရောဂါဖြစ်ပွားခြင်းကြောင့် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာတို့ ဆက်လက်ဖြစ်ပွားရာမှ အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်ပွားနိုင်ပါသည်။

### ရောဂါလက္ခဏာများ



- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊
- အစားအသောက်ပျက်ခြင်း၊
- ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ဆီးအရောင်ရင့်ခြင်း၊
- မျက်လုံးဝါခြင်း၊ အသားဝါခြင်း၊
- အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း။



### အသည်းရောင်အသားဝါ (ဘီ)ရောဂါပိုး ကူးစက်နိုင်သော နည်းလမ်းများ



ရောဂါပိုးကူးစက်နိုင်ခြေ အများဆုံးမှ အနည်းဆုံးသို့

- ရောဂါပိုးရှိသောမိခင်မှတစ်ဆင့်ကလေးသို့ကူးစက်ခြင်း၊
- ရောဂါပိုးပါဝင်သည့် သွေးသွင်းမိခြင်းနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသမှုခံယူခြင်း၊
- ပိုးသတ်မထားသော အပ် အစရှိသည့် ချွန်ထက်သော ပစ္စည်းများကို အသုံးပြုခြင်း (ဥပမာ - တက်တူးထိုးခြင်း၊ နားဖောက်ခြင်း)၊
- ရောဂါပိုးရှိသူ အသုံးပြုပြီးသော ဆေးထိုးအပ်များဖြင့် ဆေးထိုးခြင်း၊ ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်များကို မျှဝေသုံးစွဲခြင်း၊
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊
- ရောဂါပိုးပါဝင်နေသော သွေး သို့မဟုတ် ခန္ဓာကိုယ်မှထွက်သော အရည်များ စသည်တို့ကို အကာအကွယ်မဲ့ ထိတွေ့ကိုင်တွယ်ခြင်း။

### အသည်းရောင်အသားဝါ (ဘီ)ရောဂါပိုး ကူးစက်ခံရနိုင်ခြေမြင့်မားသူများ

- မကြာခဏ သွေးသွင်းကုသမှုခံယူရသူများ၊
- နာတာရှည်ကျောက်ကပ်ရောဂါရှိ၍ ကျောက်ကပ်ဆေးရသူများ၊
- ကိုယ်တွင်းအင်္ဂါ အစားထိုးကုသမှုခံယူရသူများ၊
- မူးယစ်ဆေးဝါး သွေးကြောအတွင်းသို့ ထိုးသွင်းသူများ၊
- လိင်ဆက်ဆံဖက်များသူများ၊ အကာအကွယ်မဲ့ လိင်ဆက်ဆံသူများ၊
- လူနာများ၏ သွေး သို့မဟုတ် သွေးနှင့်ဆက်စပ်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရလေ့ရှိသော ကျန်းမာရေးဝန်ထမ်းများ။



### အသည်းရောင်အသားဝါ (ဘီ)ရောဂါကာကွယ်ခြင်းနည်းလမ်းများ



- မွေးကင်းစကလေးအားလုံးကို မွေးဖွားပြီး (၂၄) နာရီအတွင်း အသည်းရောင်အသားဝါ (ဘီ) ရောဂါ ကာကွယ်ဆေးထိုးနှံပါ၊ ဆက်လက်၍ ပုံမှန် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပါ။
- ကာကွယ်ဆေးမထိုးနှံသေးရသောသူများတွင် အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုး ရှိ/မရှိ စစ်ဆေးသင့်ပါသည်။ မရှိပါက ကာကွယ် ဆေးအကြိမ်ပြည့်ထိုးနှံပါ။
- ရောဂါပိုးကင်းစင်ကြောင်း စစ်ဆေးထားပြီး ဖြစ်သောသွေးဖြင့်သာ သွေးသွင်းကုသမှု ခံယူပါ။
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။

**အကောင်းဆုံးရောဂါကာကွယ်ရေးနည်းလမ်းမှာ အသည်းရောင် အသားဝါ (ဘီ) ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံခြင်းဖြစ်ပါသည်။**

### အသည်းရောင်အသားဝါ (ဘီ)ရောဂါ ကုသခြင်းနည်းလမ်းများ



အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုးရှိသူများအနေဖြင့် နာတာရှည် အသည်းရောဂါအဖြစ်သို့ ပြောင်းလဲခြင်းမဖြစ်စေရန်-

- အသည်းကို အနားပေးခြင်း (လုံလောက်စွာအနားယူခြင်း၊ အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် အာဟာရပြည့်ဝစွာစားခြင်း) ဖြင့် ကိုယ်ခံအားကောင်းအောင် ပြုမူနေထိုင်ရမည် ဖြစ်ပါသည်။
- ဗိုင်းရပ်စ်ထိန်းချုပ်ဆေးဝါးများဖြင့် ရောဂါပိုးများထပ်မံပွားများခြင်း မရှိအောင် ဟန့်တားထားနိုင်ပါသည်။

**အသည်းရောင်အသားဝါ (ဘီ) ရောဂါကုသဆေးကို တစ်သက်တာလုံး ဆရာဝန်ညွှန်ကြားသည့်အတိုင်း မပျက်မကွက် သောက်သုံးရန်လိုအပ်ပါသည်။**







## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရွာလယ်လမ်းမကြီး၊ မင်းလှကျေးရွာ၊ ဆည်ရွာကျေးရွာအုပ်စု၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျွန်တော် ဦးဖြိုးသန့်ဇင် သည် အောက်ဖော်ပြပါတံဆိပ်အမည်များ

**၁။ ရွှေဖြိုး ၂။ ရွှေဘုန်း ၃။ ရွှေပွင့်လွှာ ၄။ လပြည့်ဝန်း ၅။ မန်းရွှေပြည်**

အထက်ဖော်ပြပါ တံဆိပ်အမည်များထဲမှ အမည် (၁)မျိုးဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထား မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဦးဖြိုးသန့်ဇင်**
၉/စကတ(နိုင်)၀၉၄၅၆၄
09-2055640

## အများသိစေရန် ကြေညာခြင်း

အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ရွှေလေးကွက်သစ်(၁)၊ ကွင်းအမှတ် (၆၁၂)၊ မြေစလစ်အမှတ်–၁၁၁/က၊ ဦးစိုးလွင်အမည်ပေါက် ဧရိယာ (၃၀ x ၄၀)ပေ အကျယ်အဝန်းရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုကမ်းလှမ်းသူ ဦးသန်းထွန်း (ဘ) ဦးတင်အောင် (၉/မခန(နိုင်)၁၆၅၆၆၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရံငွေများလည်း ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ဖြိုးဝေလင်း(LL.M)
တရားလွှတ်တော်ရှေ့နေ
ထန်းတပင်ရပ်ကွက်၊ ဈေးချိုရပ်၊ အမရပူရမြို့။

## ဖခင်အမည်မှန်

မတ္တရာမြို့နယ်၊ အထက(တောင်ပြုံးကြီး)၊ Grade–12 တွင် ပညာသင်ကြားနေသော မစိုးသဇင်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးအေးဆွေ** ဖြစ်ပါကြောင်း။

**ဦးအေးဆွေ(၉/မတရ(နိုင်)၀၈၇၇၄၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျော်ကြားကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–11 တွင် ပညာသင်ကြားနေသော မနှင်းစုစုစံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ကိုလွင် ဖြစ်ပါကြောင်း။ **ဦးအောင်ကိုလွင်(၈/မမန(နိုင်)၁၂၇၅၆၄)**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## သံလွင်မြစ်ရေ ဘားအံမြို့၏ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်အလိုတွင် ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံအားလုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၆

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၇ ထပ် အဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲဖျက်ဆီးရန်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၂၆

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန်အကြံပြုအပ်ပါသည်။(မိုး/ဇလ)

**မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်** စာမျက်နှာ - ၃၀

## စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေး အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုအနေဖြင့် ဘားအံမြို့ ကြာအင်းတောင်ခရီးစဉ်ဒေသ၌ စုပေါင်းအမှိုက်ကောက်

ဘားအံ ဇူလိုင် ၂၆

စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေးနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်း သုံးစွဲမှုလျှော့ချနိုင်ရေး အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုအနေဖြင့် ကရင်ပြည်နယ် ခရီးစဉ်ဒေသတစ်ခုဖြစ်သော ဘားအံမြို့ ကြာအင်းတောင်ခရီးစဉ်ဒေသ၌ ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်ကြာအင်းတောင်ချစ်သူများသည် ယနေ့တွင် စုပေါင်းအမှိုက်ကောက်ကြသည်။



ကြာအင်းတောင် ခရီးစဉ်ဒေသသည် ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသ ၁၉ ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကရင်ပြည်နယ်၏ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာခရီးစဉ်ဒေသချစ်သူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အစိုးရရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့တို့တွင် အခါအားလျော်စွာ

စာမျက်နှာ ၁၇ ကော်လံ ၄ ●

## Fire Dragon Futsal Championship 2026 ပြိုင်ပွဲတွင် YCDC Dream Team FC အသင်း ချန်ပီယံဆုဆွတ်ခူး




ရန်ကုန် ဇူလိုင် ၂၆

Fire Dragon Futsal Championship 2026 ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် YRG FC နှင့် YCDC Dream Team FC တို့ ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium တွင် ယှဉ်ပြိုင်ကစားခဲ့ရာ YCDC Dream Team FC က သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲဆက်လက်ကျင်းပရာ

စာမျက်နှာ ၁၇ ကော်လံ ၁ ■

## ထူးခြားသည့် နေ့အပူချိန်များ

(၂၆-၇-၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| သာစည် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကန့်ဘလူ | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |